## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်းကောင်း ပြည့်စုံသော၊ တရား၌တည်သော၊ အမှန်တရားကိုသိတတ်သော၊ မိမိပြုရမည့်ကိစ္စကို သိတတ်သောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

ဖြောင့်မတ်တည်ကြည် သတင်းမှန်သည် မြဝတီ

## ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၃)၊ အမှတ်(၃၄၉)

၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
၂၀၂၄ ခုနှစ်၊ ဧပြီ ၁ ရက်၊ တနင်္လာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝ ရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေးဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၇၉)နှစ်မြောက်တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ်ပိုစတာကြီးများ စိုက်ထူထားပြီး တပ်မတော်ပန်းခြံများတွင် မီးအလှများ၊ ပန်းအလှများဖြင့်အလှဆင်



(၇၉)နှစ်မြောက်တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် တပ်မတော်ပန်းခြံ၌ မီးအလှများ၊ ပန်းအလှများဖြင့်အလှဆင်ထားရာ လာရောက်အပန်းဖြေလည်ပတ်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် မတ် ၃၁**

၂၀၂၄ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင်ကျရောက်သည့် (၇၉)နှစ်မြောက်တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပင်လောင်းမီးပွိုင့်လမ်းဆုံနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း၌ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး ဇာတိသွေး၊ ဇာတိမာန်တက်ကြွစေမည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်သည်များ၏လှုပ်ရှားမှုပုံရိပ်များကို ဖော်ကျူးထားသောပိုစတာကြီးများကို စိုက်ထူထားရှိသည်။ **စာမျက်နှာ ၆ ကော်လံ ၁ ♦**

# သင်္ကြန်ကာလအတွင်း ချောင်းသာကမ်းခြေသို့လာရောက်လည်ပတ်ရန် ဟိုတယ်အခန်းကြိုတင်မှာယူသူများပြား

**ရန်ကုန် မတ် ၃၁**

မကြာမီရောက်ရှိမည့် မဟာသင်္ကြန်ကာလအတွင်း ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့ရှိ ချောင်းသာကမ်းခြေသို့ လာရောက်လည်ပတ် အပန်းဖြေရန်အတွက် ဟိုတယ်အခန်းကြိုတင်မှာယူသူများပြားလျက်ရှိကြောင်း သိရသည်။

"ချောင်းသာကမ်းခြေဒေသမှာရှိတဲ့ ဟိုတယ်အခန်းတော်တော်များများက အခန်းပြည့်နီးပါးရောင်းချပြီးဖြစ်ပါတယ်။ အခုအချိန်မှာ အခန်းရဖို့လည်းတော်တော်ခက်သွားပါပြီ၊ ဒီရက်တွေမှာတော့ ဟိုတယ်တွေကဝန်ထမ်းတွေကို ထပ်တိုးခန့်တာတွေ **စာမျက်နှာ ၅ ကော်လံ ၄**






## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဧပြီ ၁ ရက်)

# ကုန်ထုတ်လုပ်မှုတိုးတက်ရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မတ်လ ၂၉ ရက်ကကျင်းပသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၂/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားစဉ် "စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ (Agro Based Industry)ကို တန်ဖိုးမြင့်ကုန်ပစ္စည်းအထိ ထုတ်လုပ်ဆောင်ရွက်နိုင်ရန် လိုကြောင်း၊ ရှိပြီးဖြစ်သည့် ရေခံမြေခံကောင်းများနှင့်လူသားအရင်းအမြစ်များကိုအသုံးချ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ကုန်ထုတ်လုပ်မှုများ တိုးတက်ပြောင်းလဲလာမည်ဖြစ်ကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ Quick Win ဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးတက်လာခြင်းဖြင့် ကုန်ထုတ်လုပ်မှုများတိုးတက်လာမည်ဖြစ်ကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးဆောင်ရွက်ရာတွင် စိုက်ဧကတိုးချဲ့စိုက်ပျိုးခြင်း၊ ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ခြင်း၊ သီးထပ်စွမ်းအားတိုးချဲ့၍အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ခြင်းဟူ၍ အပိုင်း(၃)ခုရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ခြင်းနှင့် သီးထပ်စွမ်းအားတိုးချဲ့၍အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ခြင်းတို့ကို အထူးအလေးထားဆောင်ရွက်လျက်ရှိသည်။မြန်မာနိုင်ငံတွင် မိုးစပါးစိုက်ဧက ၁၄ သန်းကျော်ရှိသည်။ မိုးစပါးတစ်ဧကအတွက် ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်းမှာ တင်း ၁၀၀ ဖြစ်သည့်အတွက် ပန်းတိုင်ရည်မှန်းချက်အတိုင်းအထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးတိုးတက်မှုကို မြှင့်တင်နိုင်မည်ဖြစ်သည်။

အခြားအဓိကစိုက်ပျိုးထုတ်ကုန်များဖြစ်သည့် ပြောင်း၊ ပဲမျိုးစုံနှင့်အခြားသီးနှံများလည်း ပန်းတိုင်အထွက်နှုန်းအတိုင်းထွက်ရှိအောင်လုပ်ဆောင်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးမြင့်မားစွာတိုးတက်လာနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးနိုင်သည့် မြေများစွာရှိသည့်အပြင် သီးထပ်စိုက်ပျိုးနိုင်သည့်မြေနှင့် ရာသီဥတုရှိသောနိုင်ငံဖြစ်သည်။ အဆိုပါအချက်နှစ်ချက်ကိုဆောင်ရွက်နိုင်မည်ဆိုပါက ကမ္ဘာ့စားနပ်ရိက္ခာ လုံခြုံအာမခံချက်ရှိစေရေး (Food Security) ကဏ္ဍတွင် ထိုက်ထိုက်တန်တန်နေရာရရှိမည့် စိုက်ပျိုးထုတ်လုပ်ရေးစွမ်းအားရှိသည့်နိုင်ငံ(Agriculture Power Country) အဖြစ်ရပ်တည်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေးကိုအလေးထားဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံ့စီးပွားရေးမှာ အထိုက်အလျောက်တိုးတက်လာနေပြီဖြစ်သည်။ ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ်အတွင်း ယေဘုယျအားဖြင့် GDP အရတိုးတက်မှုရှိခဲ့သည်။ နိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်ခန့်မှစ၍ နိုင်ငံ့စီးပွားရေးကျဆင်းခဲ့သည်။ ယခင်က အနုတ်ပြခဲ့သည့်စီးပွားရေးမှ အပေါင်းလက္ခဏာသို့ရောက်ရှိအောင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံ့စီးပွားရေးတိုးတက်ရန်မှာ ကုန်သွယ်မှုလုပ်ငန်းမှရငွေနှင့် ကုန်သွယ်မှုမဟုတ်သောလုပ်ငန်းများမှရငွေဟူ၍ အပိုင်းနှစ်ပိုင်းရှိသည်။ ကုန်သွယ်မှုလုပ်ငန်းများမှရငွေ၌ ထုတ်ကုန်ပစ္စည်းများထုတ်လုပ်ခြင်းနှင့် သယံဇာတထုတ်ကုန်များထုတ်လုပ်ခြင်းဟူ၍ရှိရာတွင် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်ရေးသည် အရေးကြီးသည့်ကဏ္ဍတွင်တည်ရှိနေသည်။ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုပြုလုပ်ရာတွင် မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းခေတ်အဆက်ဆက်တွင် ပြည်တွင်းထုတ်ကုန်များနှင့်သယံဇာတပစ္စည်းများကို ပြည်ပသို့တင်ပို့ရောင်းချနိုင်ခဲ့သည်။ မြန်မာနိုင်ငံအပေါ် အနောက်နိုင်ငံများမှ စီးပွားရေး၊ ကုန်သွယ်ရေး၊ ဘဏ္ဍာရေးဆိုင်ရာကန့်သတ်မှုများစွာပြုလုပ်ခဲ့သည်။ ထိုအခက်အခဲများစွာကြားမှ နိုင်ငံ့စီးပွားရေးအတိုင်းအတာတစ်ခုအထိ တိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့သည်။ ပြည်ပကြွေးမြီများကိုလည်း ၃ နှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံပြန်လည်ပေးဆပ်နိုင်ခဲ့သည်။ ပြန်ဆပ်ငွေအများစုမှာလည်း ယခင်အစိုးရအဆက်ဆက် ချေးယူခဲ့သည့်အရင်းငွေများဖြစ်သည်။

ကမ္ဘာပေါ်ရှိဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိကြသည်။ နိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင် နေထိုင်ကြသည်။ မြန်မာနိုင်ငံသည်လည်း စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်လျက်ရှိရာ အဆိုပါကျေးလက်နေပြည်သူများတွင် လယ်ယာ၊ သားငါးနှင့်သစ်တောကဏ္ဍကို ဆောင်ရွက်သူများမှာ ၄၁ ရာခိုင်နှုန်းခန့်ရှိကြောင်းသိရှိရသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် သေချာသည့် ကုန်ထုတ်လုပ်ငန်းဖြစ်သည်။ ထို့ပြင် စက်ကိရိယာထုတ်လုပ်နိုင်သည့် သစ်နှင့်ဝါးများစွာရှိသည့်အတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုဆောင်ရွက်နိုင်သည်။ အနှစ်ချုပ်ဆိုရသော် ကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက်ရေးကိုလိုလားသောစိတ်ဖြင့် သက်ဆိုင်သူအားလုံးက အောင်မြင်စွာပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ပြည်၊ ဒေသဖွံ့ဖြိုးရေး

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးနေမှုစစ်ဆေး

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တောင်လုံးညိုကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို တာဝန်ရှိသူများက မတ်လ ၃၁ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်၊ ပြည်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ပြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးငွေဇော်နှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ တောင်လုံးညိုကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုအခြေအနေများ၊ IT Center ခန်းမတည်ဆောက်ပြီးစီးမှုအခြေအနေများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံ၍ ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ပြည်မြို့နယ်တောင်လုံးညိုကျေးရွာ၌ အရှည် ၆၉၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိသော ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ဆောင်ရွက်ရာ ယခုအခါလုပ်ငန်းများအားလုံးရာနှုန်းပြည့်ပြီးစီးကြောင်း၊ အလျား ၃၆ ပေ၊ အနံ ၂၄ ပေ၊ အမြင့် ၁၁ ပေရှိသော IT Center ခန်းမတည်ဆောက်ခြင်းလုပ်ငန်းနှင့် အမိုက်မီးရှို့စက်တည်ဆောက်ခြင်းလုပ်ငန်းများကို ခေတ်မီစံပြကျေးရွာထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (Smart Village) ရန်ပုံငွေကျပ် ၂၂ ဒသမ ၉၅ သန်းဖြင့် စိမ်းရောင်စုံကုမ္ပဏီမှတာဝန်ယူ၍ ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ချိုလေး

## Myawady Digital Set Top Box

### ထုတ်နှတ်ရှုမြင်အစီအစဉ်

၁-၄-၂၀၂၄ (တနင်္လာနေ့)

**MWD Variety Channel**

| | | |
|---|---|---|
| ၁။ | ၉း၃၆ | တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ MSMEလုပ်ငန်းများမြှင့်တင်စို့ |
| ၂။ | ၁၁း၃၀ | သတိမမူ ဂူမမြင် |
| ၃။ | ၁၂း၃၀ | ပေး၍မကုန်ပေ မွန်မြတ်လှတဲ့ပညာအမွေ |
| ၄။ | ၁၄း၄၄ | လူငယ်များရဲ့စွမ်းပကား နိုင်ငံတော်ရဲ့အား |
| ၅။ | ၁၆း၄၂ | တိုင်းရင်းသားရိုးရာ အစားအစာချက်ပြုတ်ခြင်း အစီအစဉ် |
| ၆။ | ၂၁း၂၉ | စိတ်ဝင်စားဖွယ်ရာ တိရစ္ဆာန်ကမ္ဘာ |

**မြဝတီရုပ်မြင်သံကြား**

| | | |
|---|---|---|
| ၁။ | ၆း၀၂ | နိုင်ငံတော်သီချင်း |
| ၂။ | ၆း၀၃ | တရားတော် |
| ၃။ | ၇း၁၆ | မေတ္တာပို့ |
| ၄။ | ၇း၂၀ | ဓမ္မပူဇာတေး |
| ၅။ | ၇း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၆။ | ၈း၂၀ | ရွှေဟောင်းသုတ |
| ၇။ | ၈း၂၅ | သီချင်းလက်ဆောင် |
| ၈။ | ၉း၂၅ | ကျန်းမာသုတ |
| ၉။ | ၁၀း၁၅ | စာဆိုစစ်သည်ကလောင်ရှင်များ |
| ၁၀။ | ၁၀း၂၅ | မေးမြန်းစူးစမ်း |
| ၁၁။ | ၁၀း၅၀ | တစ်ချိန်ကသူတို့အကြောင်း |
| ၁၂။ | ၁၂း၀၀ | For Beauty |
| ၁၃။ | ၁၉း၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း - ကမ္ဘာတည်သရွေ့တည်ရှိနေမည့် ငါတို့ရဲ့အမွေ အပိုင်း(၁)** |
| ၁၄။ | ည ၈ နာရီ သတင်းအပြီး | နိုင်ငံတကာသတင်း |
| ၁၅။ | | မိုးလေဝသသတင်း |
| ၁၆။ | | Liked |
| ၁၇။ | | မြဝတီရုပ်မြင်သံကြားသတင်း |
| ၁၈။ | | တရားတော် |

## ♫♫ သဇင် (FM) အသံလွှင့်အစီအစဉ် ♫♫

၁-၄-၂၀၂၄(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈း၀၀ | ယဉ်ကျေးလိမ္မာဖို့နားဆင်စို့ |
| ၂။ | ၁၀း၄၆ | Master Chef |
| ၃။ | ၁၃း၃၀ | Live For You |
| ၄။ | ၁၅း၀၀ | Fighting Music |
| ၅။ | ၁၇း၀၀ | သွေးချင်းတို့ဌာနေ |
| ၆။ | ၁၉း၃၀ | International Song |
| ၇။ | ၂၁း၄၀ | အသံလွှင့်ဇာတ်လမ်း |
| ၈။ | ၂၂း၂၀ | Good Night Listeners |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်) အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးအောင်မျိုးအေး၊ ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၃၄၉၉၈၊ ဖက်စ် ၀၆၇-၃၄၉၉၉/၀၆၇-၃၀၂၆၂
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၃၄၀၀၆၊ ၀၆၇-၃၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၃၇၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၆၇-၃၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၈၄-၇၃၆၀၁၊
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ကင်ဆာရောဂါများအတွက် အထူးသတိပြုသင့်သောအစားအစာများ

ပေါက်ပေါက်

ကင်ဆာရောဂါသည် လူတစ်ဦးမှ တစ်ဦးသို့ မကူးစက်သည့်ရောဂါဖြစ်သော်လည်း ကူးစက်တတ်သောရောဂါများကဲ့သို့ပင် လူတိုင်း၏လက်တစ်ကမ်းအကွာတွင်ရှိနေသည့် ရောဂါဆိုးကြီးဖြစ်သည်။

စစ်တမ်းများအရ ကင်ဆာရောဂါများကြောင့် နှစ်စဉ် လူပေါင်း ၉ ဒသမ ၆ သန်းကျော်သေဆုံးနေပြီး ကမ္ဘာတစ်ဝန်း နှစ်စဉ် လူသေဆုံးမှုဒုတိယအများဆုံးရောဂါဖြစ်သည်။ ကင်ဆာကြောင့်သေဆုံးမှု၏ ၇၀ ရာခိုင်နှုန်းသည် ဝင်ငွေနည်းနိုင်ငံများဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ ထုတ်ပြန်ထားသည်။

ကင်ဆာရောဂါကို စားသောက်မှုပုံစံပြောင်းလဲခြင်းဖြင့် ရောဂါဖြစ်ပွားနိုင်ခြေ ၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ ကာကွယ်ထားနိုင်သည်။ သို့သော် လူအများစုသည် မိမိတွင် ကင်ဆာရောဂါနှင့်ပတ်သက်သည့် စိုးရိမ်ပူပန်မှုများရှိသော်လည်း ကင်ဆာရောဂါဖြစ်စေနိုင်သောအကြောင်းရင်းများကို ကြိုတင်ရှောင်ရှားသည့်အလေ့အထမရှိကြပေ။ သို့ပါ၍ ကင်ဆာရောဂါအတွက် အထူးသတိပြုသင့်သော အစားအစာများကို အောက်ပါအတိုင်း အကြံပြုဖော်ပြလိုက်ရပါသည်။

## မျိုးရိုးဗီဇပြုပြင်ထားသော သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များ

သဘာဝနည်းဖြင့် စိုက်ပျိုးထားသည့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံတို့ကို ဈေးကွက်အတွင်းရောက်ရှိရန် သင့်တင့်သောကာလတစ်ခု စောင့်ဆိုင်းရပါမည်။ သို့သော် နည်းပညာများတိုးတက်ခေတ်မီလာသည်နှင့်အမျှ ဝိသမလောဘသားများက အပင်ကြီးထွားမှုမြန်ဆန်စေပြီး ငွေမြန်မြန်ပေါ်ရောင်းချနိုင်ရေးအတွက် GMO (ခေါ်) သဘာဝလွန်စိုက်ပျိုးနည်းများသုံးကာ ဆေးထိုး၊ ဆေးဖျန်း၊ ဆေးအုပ်ခြင်းများ ပြုလုပ်လာကြသည်။ အခွံဖယ်၍ စားသုံးရသောအသီးများက ပြဿနာသိပ်မရှိသော်လည်း အခွံပါဝါးစားရသည့် ခရမ်းချဉ်သီး၊ စပျစ်သီး၊ စတော်ဘယ်ရီသီးများနှင့် ပဲသီးအမျိုးမျိုး၊ ဂေါ်ဖီထုပ်အပါအဝင် ဟင်းသီးဟင်းရွက်အားလုံးကို ရေစင်စင်မဆေးကြောဘဲ စားသုံးမိပါက ဓာတုဆေးဝါးများ၏ ဘေးထွက်ဆိုးကျိုးအဖြစ် အစာအဆိပ်သင့်ရုံသာမက ကင်ဆာရောဂါများပါ ဖြစ်လာစေနိုင်သည်။

## တာရှည်ခံအောင်ပြုပြင်ထားသော အသားများ

ကြက်အူချောင်း၊ ဝက်အူချောင်း၊ အသားလုံး၊ အသားပြား၊ အသားခြောက်၊ Hot Dog များတွင် အသားကို တာရှည်ခံစေရန် ဆိုဒီယမ်နိုက်ထရိတ်ဓာတုပစ္စည်းများ ထည့်သွင်းထားသည်။ ထိုအစားအစာများက ကင်ဆာရောဂါအမျိုးမျိုးဖြစ်စေနိုင်သကဲ့သို့ ကင်ဆာရောဂါဝေဒနာရှင်များ စားသုံးမိပါကလည်း ကင်ဆာအဖုအကျိတ်များကို လျင်မြန်စွာကြီးထွားပျံ့နှံ့လာစေနိုင်သည်။

## မိုက်ခရိုဝေ့ဖ်မီးဖိုဖြင့်ဖောက်ထားသော ပြောင်းဖူးပေါက်ပေါက်များ

ပြောင်းဖူးပေါက်ပေါက်က အရသာရှိပြီး ဝါး၍လည်းအလွန်ကောင်းသဖြင့် အရှိန်မထိန်းနိုင်ဘဲ တရစပ်စားမိတတ်သည်။ အလွန်အကျွံစားမိပါက မိုက်ခရိုဝေ့ဖ်မီးခိုးငွေ့နှင့် ပြောင်းဖူးပေါက်ပေါက်တို့ ဓာတ်ပြုခြင်းကြောင့်ထွက်ရှိလာသော Perfluorooctanoic နှင့် Diacetyl ဓာတ်များက အဆုတ်ကင်ဆာဖြစ်စေနိုင်သည်။ ထို့ပြင် မိုက်ခရိုဝေ့ဖ်အပူဓာတ်စီးဆင်းနေသော ပြောင်းဖူးပေါက်ပေါက်ပူပူလောင်လောင်များကို ပလတ်စတစ်ဖြင့်လုပ်ထားသောအိတ် သို့မဟုတ် ပလတ်စတစ်ပန်းကန်နှင့် ခွက်များတွင်ထည့်စားခြင်းသည် ပန်ကရိယကင်ဆာဖြစ်လာနိုင်သည်။

## သစ်သီးခြောက်များ

ပန်းသီး၊ စတော်ဘယ်ရီသီး၊ စပျစ်သီး စသည့်သစ်သီးခြောက်များကို သင့်တင့်မျှတသောပမာဏစားသုံးခြင်းက ကျန်းမာရေးအတွက် အမှန်တကယ်ကောင်းကျိုးပြုသော်လည်း လွန်လွန်ကြူးကြူးစားသောက်မိလျှင် ထိုသစ်သီးခြောက်များတွင် သုံးထားသော နွမ်းခြောက်ဆေးများ၊ အချို့အငန်ဓာတ်များက လူကိုဘေးဖြစ်စေသည်။ ထို့ပြင် လေ့လာဆန်းစစ်ချက်များအရ ဈေးကွက်ထဲရောက်နှင့်နေပြီးသော သစ်သီးခြောက်များ၏ ၉၈ ရာခိုင်နှုန်းမှာ ကင်ဆာရောဂါဖြစ်စေနိုင်သည့် အစွန်းချွတ်ဆေးများနှင့် ပိုးသတ်ဆေးများပါရှိနေကြောင်း ကျန်းမာရေးသုတေသီများက သတိပေးထားသည်။

## ဆိုဒါအချိုရည်များ

ဆိုဒါအချိုရည်များကို အရသာကောင်းစေရန် သကြားထက် အဆ ၂၀၀ ပိုချိုစေသည့် ပါဝါသကြားအချိုဓာတ်များသာမက အရောင်လှစေရန် အရောင်ဆိုးဆေးများ သုံးထားသည်။ ထို့ပြင် အမြှုပ်ထစေရန် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များလည်း ထည့်သွင်းထားသည်။ ထိုဓာတ်ပေါင်းစုများက လူ့ခန္ဓာကိုယ်တွင်းကလီစာများကို အက်စစ်ဓာတ်ပြုပြီး ကင်ဆာဆဲလ်များတိုးပွားလာစေနိုင်သည်။ အထူးသဖြင့် ခံတွင်းကင်ဆာ၊ အသည်းကင်ဆာ၊ ဆီးချို၊ သွေးချိုနှင့် အဝလွန်ရောဂါတို့ဖြစ်စေသည်။

## ဂျယ်လီများ

ကလေးအများစု နှစ်ခြိုက်စွာစားသုံးနေကြသော ဂျယ်လီများတွင်လည်း ဂျယ်လီပေါင်ဒါ၊ တာရှည်ခံဆေးနှင့် ဆီထရစ်အက်စစ်တို့ပါဝင်နေသောကြောင့် ကင်ဆာရောဂါဖြစ်ပွားစေနိုင်၍ ကလေးများကို မကျွေးသင့်ပေ။

## ဆေးသကြားခဲများ

စူးခရို့စ်(ခေါ်) သကြားအစားထိုးဆေးသကြားခဲများက သဘာဝကိုဆန့်ကျင်၍ ဓာတုပစ္စည်းများဖြင့်ပြုပြင်ပြောင်းလဲထားသောကြောင့် ကင်ဆာရောဂါအမျိုးမျိုးဖြစ်စေနိုင်သည်။

## အချဉ်ရည်များ

အသုပ်ဆိုင်၊ အကြော်ဆိုင်၊ အကင်ဆိုင်၊ တုတ်ထိုးဆိုင်များတွင်တွေ့ရသည့် အချဉ်ရည်ထဲတွင် တားမြစ်ဆိုးဆေးအနီရောင်၊ တာရှည်ခံဓာတုဆိုးဆေးများ၊ ဆာလ်ဖျူရစ်အက်စစ်ပျော့ စသည်တို့ပါဝင်နေ၍ အသည်းကင်ဆာ၊ အစာအိမ်နှင့်အူလမ်းကြောင်းကင်ဆာတို့ကို ဖြစ်စေသည်။

## ဂျုံမှုန့်ဖြူဆွတ်ဆွတ်များ

သဘာဝဂျုံမှုန့်ကို ဓာတုချွတ်ဆေးများသုံး၍ ဖြူဆွတ်အောင် ပြုပြင်ထားခြင်းကြောင့် ဂျုံထဲရှိ ကစီဓာတ်နှင့် Glycemic ဓာတ်များ ပြောင်းလဲဖောက်ပြန်သွားကာ ရင်သားကင်ဆာဖြစ်စေသည်။ ထိုမျှမက သွေးထဲရှိ သကြားပမာဏ တိုးပွားလာပြီး ကင်ဆာအဖုအကျိတ်များကို လျင်လျင်မြန်မြန်ပြန့်ပွားစေသည်။

## မွေးမြူရေးပုစွန်နှင့်ငါး

သဘာဝကိုဆန့်ကျင်၍ မွေးမြူထားသော ငါး၊ ပုစွန်များကို ရေစင်စင်မဆေးကြောဘဲစားမိလျှင် ကင်ဆာရောဂါဖြစ်စေသည်။ အကြောင်းရင်းမှာ မွေးမြူရေးကန်ထဲရှိ ရေ(pH ပမာဏ)နှင့် ရေအပေါ့အငန်ဓာတ်များကို သဘာဝရေကဲ့သို့ရရှိအောင် အသုံးပြုထားသည့် ရေသန့်ဆေးအမျိုးမျိုး၊ ပိုးသတ်ဆေးများ၊ ငါး၊ ပုစွန်ကြီးထွားဆေးနှင့် အကြေးခွံမာဆေး စသည်တို့၏ ဘေးထွက်ဆိုးကျိုးများကြောင့်ဖြစ်သည်။

## ပြုပြင်ထားသော အသီတုများ

မာဂျရင်း၊ ထောပတ်တုနှင့် ခရင်မ်ကဲ့သို့ ဟိုက်ဒရိုဂျင်ဓာတ်သုံး၍ ပြုပြင်ထားသည့် အဆီတုများက လူ့ခန္ဓာကိုယ်တွင်းရှိ ဆဲလ်အမြှေးပါးများ ဖွဲ့စည်းတည်ဆောက်မှုကို ကမောက်ကမဖြစ်စေကာ ကင်ဆာဆဲလ်အဖြစ် ဦးတည်လာသည်။

## သကြားမှုန့်ဖြူဆွတ်ဆွတ်များ

ကြံဖြင့်ပြုလုပ်ထားသည့် သကြားများက လူကိုဘေးဥပဒ်မဖြစ်နိုင်ပေ။ သို့သော် ဖရုံတို့စ်(ခေါ်) ချိအောင်ဖန်တီးထားသည့် သကြားမှုန့်ဖြူဆွတ်ဆွတ်များက သွေးထဲရှိသကြားဓာတ်ကို ချက်ချင်းဆိုသလိုမြင့်တက်လာစေကာ ကင်ဆာဆဲလ်များကိုလည်း ကြီးထွားလာစေသည်။ သုတေသီများ၏လေ့လာဆန်းစစ်ချက်များအရ ဈေးနှုန်းသက်သာသော ဖရုံတို့စ်သကြားဖြူဆွတ်ဆွတ်များဖြင့် ပြုလုပ်ထားသော ကွတ်ကီး၊ ကိတ်၊ ဒိုးနတ်၊ သစ်သီးခြောက်၊ အချိုရည်မျိုးစုံ စသည်တို့သည် ကင်ဆာရောဂါဖြစ်စေနိုင်သည်။

## အချိုမှုန့်၊ အသားမှုန့်များ

အချိုမှုန့်ထဲရှိ ဓာတုပစ္စည်းများသည် ဦးနှောက်နှင့် အာရုံကြောကိုထိခိုက်စေပြီး လေဖြတ်၊ လေးဖက်နာ၊ နှလုံး၊ ကျောက်ကပ်၊ အရိုးပွ၊ အရိုးပါး၊ အရိုးကြွပ်ဆတ်၊ ဆီးချို၊ သွေးချိုနှင့် သွေးတိုးရောဂါ စသည်တို့ကိုဖြစ်စေသည်။ အသားမှုန့်ထဲတွင်လည်း အဆိုပါအချိုမှုန့်များပါဝင်နေသည့်အပြင် တာရှည်ခံပိုးသတ်ဆေးများ၊ ဓာတုပစ္စည်းများ၊ မိုနိုဆိုဒီယမ်ဂလူတမိတ်တို့ပါဝင်နေ၍ ကင်ဆာရောဂါဖြစ်စေနိုင်သည်။

## ပလတ်စတစ်ပစ္စည်းများ

ကြွပ်ကြွပ်အိတ်နှင့် ပလတ်စတစ်အိတ်ပျော့များသည် အပူနှင့်ထိတွေ့သည်ဖြစ်စေ၊ ဆီပါသော အစားအစာများနှင့်ထိတွေ့သည်ဖြစ်စေ Styrene ဓာတ်များအဖြစ် ဓာတ်ပြုပျော်ဝင်သွားကာ စားသုံးသူကို ကင်ဆာဖြစ်စေသည်။ ကလေးနို့ဘူးများ ပြုလုပ်သည့် ပလတ်စတစ်ပစ္စည်းများတွင်လည်း ပိုနီမာဟုခေါ်သော အဆိပ်ပြင်းဓာတ်တစ်မျိုးပါဝင်သည်။

## ဖော့ဘူးများ

စားသောက်ဆိုင်များတွင် အသုံးပြုကြသောဖော့ဘူးသည် Styrene ဓာတ်ပါသည့် 2B ပလတ်စတစ်အုပ်စုဝင်များဖြစ်၍ ကင်ဆာဖြစ်စေနိုင်သည်။

## ကွမ်းယာ

သဘာဝအော်ဂဲနစ်ကွမ်းရွက်က ဆေးဖက်ဝင်သည်မှန်သော်လည်း ယင်းကွမ်းရွက်အပင်ကိုဖျန်းသော ပိုးသတ်ဆေးသည် ကင်ဆာဖြစ်စေသည်။ ထို့ပြင် ကွမ်းယာထဲတွင်ပါဝင်သည့် ထုံး၊ ဆေးမွှေး၊ ကွမ်းသီးမှိုတက်များနှင့် ကွမ်းသီးပွဆေး၊ အစွန်းချွတ်ဆေးများကြောင့် အသည်းကင်ဆာ၊ ခံတွင်းနှင့် လည်ချောင်းကင်ဆာတို့ကိုဖြစ်စေနိုင်သည်။

## ဆေးလိပ်

မြန်မာနိုင်ငံ၌ ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲမှုကြောင့် နှစ်စဉ် လူဦးရေ ခုနစ်သောင်းကျော် သေဆုံးနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ခန့်မှန်းထားသည်။ ဆေးလိပ်နှင့် စီးကရက်များက အဆုတ်ကင်ဆာ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးကြောပိတ်ရောဂါ၊ ပန်းနာ၊ ရင်ကျပ်ရောဂါနှင့် ကင်ဆာရောဂါအမျိုးမျိုးဖြစ်စေနိုင်သည်။

အချုပ်အားဖြင့်ဆိုရသော် ကမ္ဘာတစ်ဝန်း၌ လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်း ကိုဗစ်-၁၉ ရောဂါမှအပ ကူးစက်တတ်သောရောဂါများကြောင့် သေဆုံးသူဦးရေ သိသိသာသာ လျော့နည်းခဲ့သော်လည်း မကူးစက်တတ်သောရောဂါများကြောင့် သေဆုံးမှုမှာ တဖြည်းဖြည်းမြင့်တက်လျက်ရှိသည်။ ထို့ကြောင့် ကင်ဆာရောဂါသည် ၂၁ ရာစုတွင် ကိုဗစ်-၁၉ ရောဂါကဲ့သို့သော ကူးစက်ရောဂါများမှလွဲ၍ လူသားများအတွက် အန္တရာယ်အရှိဆုံးရောဂါဖြစ်သည်။

လေ့လာမှုများအရ အသင့်စားအစားအစာစားသုံးမှုလွန်ကဲသူများသည် အဝလွန်မှုဖြစ်လေ့ရှိကြောင်းနှင့် အူမကြီးကင်ဆာရောဂါသည် အသင့်စားအစားအစာများ အစားများသော၊ အဝလွန်နေသော သက်လတ်ပိုင်းအရွယ်များတွင် ဖြစ်နိုင်ခြေမြင့်မားကြောင်း တွေ့ရသည်။ သို့ပါ၍ စားသုံးသူများအနေဖြင့် ကင်ဆာရောဂါများအတွက် အထူးသတိပြုသင့်သောအစားအစာများကို ကျန်းမာရေးအသိ၊ သတိဖြင့် ရှောင်ရှားကြစေလိုကြောင်း ရေးသားလိုက်ရပါသည်။

> ➤ အခွံပါဝါးစားရသည့် ခရမ်းချဉ်သီး၊ စပျစ်သီး၊ စတော်ဘယ်ရီသီးများနှင့် ပဲသီးအမျိုးမျိုး၊ ဂေါ်ဖီထုပ်အပါအဝင် ဟင်းသီးဟင်းရွက်အားလုံးကို ရေစင်စင်မဆေးကြောဘဲ စားသုံးမိပါက ဓာတုဆေးဝါးများ၏ ဘေးထွက်ဆိုးကျိုးအဖြစ် အစာအဆိပ်သင့်ရုံသာမက ကင်ဆာရောဂါများပါ ဖြစ်လာစေနိုင်သည်။ ။ ။
>
> ➤ အချိုမှုန့်ထဲရှိ ဓာတုပစ္စည်းများသည် ဦးနှောက်နှင့်အာရုံကြောကိုထိခိုက်စေပြီး လေဖြတ်၊ လေးဖက်နာ၊ နှလုံး၊ ကျောက်ကပ်၊ အရိုးပွ၊ အရိုးပါး၊ အရိုးကြွပ်ဆတ်၊ ဆီးချို၊ သွေးချိုနှင့် သွေးတိုးရောဂါ စသည်တို့ကိုဖြစ်စေသည်။ အသားမှုန့်ထဲတွင်လည်း အဆိုပါအချိုမှုန့်များပါဝင်နေသည့်အပြင် တာရှည်ခံပိုးသတ်ဆေးများ၊ ဓာတုပစ္စည်းများ၊ မိုနိုဆိုဒီယမ်ဂလူတမိတ်တို့ပါဝင်နေ၍ ကင်ဆာရောဂါဖြစ်စေနိုင်သည်။ ။ ။

# အောင်ရဲ့အောင်

ခင်ဆွေဦး

**ယမန်နေ့မှအဆက်**

“အဲလိုတော့ မညစ်ပါဘူး၊ ကျွန်တော်ဖြစ်သလိုနေတတ်၊ စားတတ်ပါတယ်။ ကျွန်တော့်အလုပ်တွေကို ကျွန်တော်ပြီးအောင်လုပ်ရမှာပဲ၊ အပျော်နေတာမှ မဟုတ်ဘဲ၊ အဆိုရှိတယ်လေ၊ ငါဘာကြောင့် တွေးတောပူပန်နေရမှာနည်း၊ ငါ ကိုယ့်အလုပ်ကိုယ်လုပ်မယ်၊ ကမ္ဘာလောကက သူ့အလုပ်ကို လုပ်လိမ့်မည်တဲ့၊ ဒါပဲပေါ့”

အောင်က ကြီးကြီးကျယ်ကျယ်တွေ ပြောမိပြန်သည်။

သူတို့အပြန်ခရီးသည် မှောင်နေပေပြီ။ ကိုလတ်က နာရီကို မြှောက်ကြည့်လိုက်တော့ ရှစ်နာရီတောင်ထိုးလုပြီ။ “အောင်. . ခပ်သုတ်သုတ်ပြန်မှပဲ”ဟု ကိုလတ်က သတိပေးသည်။

လမ်းလျှောက်အပြန် တစ်လျှောက်လုံး အောင့်အသံသည် တိတ်ဆိတ်နေသည်။ လျှပ်စစ်မီးရောင်အောက် အလင်းရိပ်နှင့် သစ်ရိပ်အောက်တို့တွင် အောင့် မျက်နှာသည် လင်းတစ်လှည့် မလင်းတစ်လှည့်ဖြစ်နေသည်။

“ဘာတွေစဉ်းစားနေတာလဲ အောင်၊ အိမ်ကိုလွမ်းသလား၊ ဖေဖေရယ်၊ မေမေရယ်၊ နောက် ဘယ်သူ. . မမကြူရယ်”

“ထပ်. . ဝေးသေး၊ ဘယ်တော့မှ မလွမ်းဘူး”

“မမကြူနဲ့ စကားမပြောကြတာ နှစ်နှစ်ရှိသွားတာ ဘာဖြစ်လို့လဲ၊ ဖြစ်လာတဲ့ လတ်တလောအကြောင်းရင်းကို ပြောပြပါဦး”

“ဟုတ်သားပဲ၊ ကျွန်တော် အဲဒီအကြောင်းမပြောရသေးဘူးနော်၊ စကားက ဘေးချော်ချော်သွားပြီး စကားစပြတ်သွားလို့၊ ကျွန်တော် ဆယ်တန်းအောင်တဲ့နှစ်ပဲ။”

“ဘကြီးအိမ်ကပြန်တော့ တစ်အိမ်လုံး ဖားသားကြီးရော၊ ဖားသားမိန်းမကြီးရော သူတို့ကမွေးထားတဲ့ သမီးရော ဝိုင်းပြီးအာကြတာ၊ ကျွန်တော်နဲ့အထွန်း အချစ်တော်ပေါ့၊ ကျွန်တော့်အစ်မကြီးနဲ့ အစ်ကိုအကြီးတွေတောင် ရှိသေးတယ်၊ သူတို့က ကျွန်တော့်ဘက်ကတောင် လိုက်ပြောကြသေးတယ်”

“သူတို့အပြန်ခရီးသည် မှောင်နေပေပြီ။ ကိုလတ်က နာရီကို မြှောက်ကြည့်လိုက်တော့ ရှစ်နာရီတောင်ထိုးလုပြီ။ “အောင်. . .ခပ်သုတ်သုတ်ပြန်မှပဲ”ဟု ကိုလတ်က သတိပေးသည်။
လမ်းလျှောက်အပြန် တစ်လျှောက်လုံး အောင့်အသံသည် တိတ်ဆိတ်နေသည်။ လျှပ်စစ်မီးရောင်အောက် အလင်းရိပ်နှင့် သစ်ရိပ်အောက်တို့တွင် အောင့်မျက်နှာသည် လင်းတစ်လှည့် မလင်းတစ်လှည့် ဖြစ်နေသည်. . .”

“ဩော်. . . တစ်ခုကျန်သွားတယ်၊ တစ်ခု. . . တစ်ခု၊ ကိုလတ်ကို ကျွန်တော် ထူးဆန်းတာတစ်ခု ပြောပြရဦးမယ်၊ စောစောက ကျွန်တော်ပြောပြောနေတဲ့အစ်မကြီးနဲ့ အစ်ကိုနှစ်ယောက်က ကျွန်တော့်အဖေနဲ့ ပထမမိန်းမကမွေးတာ၊ ကျွန်တော့်မားသားကြီးက ဒုတိယမိန်းမ၊ ပထမမိန်းမက ဆုံးသွားတယ်၊ ကိုလတ် ရှုပ်သွားလား”

“မရှုပ်ပါဘူး၊ ပြောပါ”

“ကျွန်တော်က အဲဒီအမေကွဲ ဖအေတူမောင်နှမတွေကျတော့ တည့်ပြန်ရော၊ သူတို့မိသားစုက ရိုးဖြောင့်တယ်၊ မကြူကြူမြင့်လှိုင်လိုမဟုတ်ဘူး၊ ဒါကြောင့် သူတို့ကလည်း ကျွန်တော့်ကိုချစ်တယ်၊ ကျွန်တော်ကလည်း ပြန်ချစ်တယ်၊ အပြန်အလှန်ပဲ၊ ကျွန်တော့် ဖားသားကြီးက ပထမမိန်းမတုန်းက သိပ်နိုင်တာပဲတဲ့။”

“ဒုတိယမိန်းမကျတော့ သူပြားနေတာပဲ၊ ဒါဟာ ဝဋ်လိုက်တာ၊ တစ်အိမ်လုံးက အမေ့ဩဇာချည်းပဲ၊ ယောကျ်ားရော သမီးရော ဖားနေကြတာ၊ ခေတ်နဲ့ အံမဝင် ခွင်မကျ အတော်အောက်နေပြီ၊ လွန်ခဲ့တဲ့အနှစ်ငါးဆယ် ဘူတာမှာကျန်ခဲ့တဲ့အမေ့ကို ဆရာတင်တဲ့ အိမ်ထောင်စုပဲ သွားရောပေါ့၊ အထွန်းကို အမေကျတော့ ခေတ်နဲ့တူတူလိုက်လာတယ်၊ အထွန်းအတွက်ကောင်းတာပေါ့”

“ကျွန်တော်ပြောတာက အတွေးအခေါ်ပြောတာပါ၊ အဝတ်အစားကျတော့ ကျွန်တော့်အမေက မကျန်ရစ်ဘူး၊ တလွဲဆံပင်ကောင်းတယ်ဆိုတာ ဒါမျိုးပေါ့၊ အိမ်မှာ အဝတ်အစားဝတ်တာ ဖားသားကြီးအကြိုက်နေပြီး အတွေးအခေါ်က အမေ့အကြိုက်လိုက်နေတာ မမကြူ။”

“ကျွန်တော့်ကို အထွန်းလို ဆင်းရဲသား သားသမီးမျိုးနဲ့ပေါင်းတာ မကြိုက်ဘူး၊ တတွဲတွဲနေပြန်တော့ အချစ်တော်လို့ စွပ်စွဲကြပြန်ရော၊ ကျွန်တော့်ကို ဒီလိုစွပ်စွဲတာလောက် စိတ်ဆိုးတာမရှိဘူး၊ အောက်တန်းကျတယ်။”

“ကျွန်တော်ဖြင့် ဒေါသဖြစ်လွန်းလို့ အဖက်လုပ်တောင်မဖြေရှင်းဘူး၊ ဖြေရှင်းဖို့မှမလိုတာ၊ ကြူကြူကလည်း ကျွန်တော့်ကို လေချိုတသွေးသွေးနဲ့ နှက်နေပြန်ရော”


မိုးရိပ်တို့သည် မည်းလာသဖြင့် ကိုလတ်သည် ပိုက်ဆံရှင်းကာ ကပျာကယာထိုင်နေရာမှထွက်လေသည်။ အောင်၏စကားစသည် ပြတ်သွားပြန်သည်။ တိမ်မည်းညိုတို့သည် လပြည့်ဝန်းကို ဖုံးအုပ်သွားပြီဖြစ်သည်။

**အခန်း (၁၈)**

အဲဒီနေ့ညနေက ဒီနေ့လို နယုန်လပြည့်နေ့ပဲ။ တိုက်ဆိုင်လိုက်တာနော်။ ဒီနေ့ဆို နှစ်နှစ်တင်းတင်းပြည့်ပြီပေါ့။

အောင့်အဖို့ သူငယ်စဉ်က အကြောင်းအရာများသည် အမှတ်တရဖြစ်လှသည်။ သူတစ်ခါတလေ ပြန်ပြောရမှာသေးငယ်သည်ထင်ပြီး အရေးတကြီးမရှိပါဘူးဆိုသော အကြောင်းအရာတချို့သည် စိတ်ဝင်စားဖွယ်ဖြစ်နေတာကို သိရသည်။

**ဆက်လက်ဖော်ပြပါမည်။**




ရန်ကုန်၊ စီးပွားရေး

## ပြည်ပသို့ သစ်တောထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၆၀ ကျော်ရရှိ

ယခုဘဏ္ဍာနှစ် ၂၀၂၃ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၂၄ ခုနှစ် မတ်လ ၁၅ ရက်အထိ ၁၁ လကျော်ကာလအတွင်း ပြည်ပသို့ သစ်တောထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၆၀ ကျော်ရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ယခုဘဏ္ဍာနှစ် ၁၁ လကျော်ကာလအတွင်း သစ်တောထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၃ ဒသမ ၉၇၁ သန်းရရှိထားရာ နိုင်ငံပိုင်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၇၇၇ သန်းနှင့် ပုဂ္ဂလိကပိုင်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၃ ဒသမ ၁၉၄ သန်း ရရှိထားကြောင်း သိရသည်။

ပြည်ပသို့ သစ်တောထွက်ပစ္စည်းအပြင် လယ်ယာထွက်ကုန်ပစ္စည်းများ၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ စက်မှုကုန်ချောနှင့် တခြားပို့ကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ၁၁ လကျော်ကာလအတွင်း ပြည်ပပို့ကုန်တင်ပို့မှုမှ စုစုပေါင်းအမေရိကန်ဒေါ်လာ ၁၃၉၈၅ ဒသမ ၀၂၂ သန်းရရှိကြောင်း သိရသည်။

**စောယု**

ကျောက်ဆည်၊ စိုက်ပျိုးရေး

## ကျောက်ဆည်မြို့နယ်၌ အင်ဂျင်ပါဝါသုံး ခြောက်တန်းသွား လက်ဆွဲကောက်စိုက်စက်ဖြင့် နွေစပါးများ စမ်းသပ်စိုက်ပျိုးခြင်းသရုပ်ပြ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ အင်ဂျင်ပါဝါသုံး ခြောက်တန်းသွား လက်ဆွဲကောက်စိုက်စက်ဖြင့် နွေစပါး စမ်းသပ်စိုက်ပျိုးခြင်း သရုပ်ပြအခမ်းအနားကို မတ်လ ၃၀ ရက်က ကျောက်ဆည်ခရိုင် စက်မှုလယ်ယာဦးစီးဌာန၌ ကျင်းပသည်။

အဆိုပါအင်ဂျင်ပါဝါသုံး ခြောက်တန်းသွား လက်ဆွဲကောက်စိုက်စက်သည် ကျောက်ဆည်မြို့ မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ(အင်းကုန်း)မှ သုတေသနပြုထုတ်လုပ်ထားပြီး အင်ဂျင်ပါဝါ ၁ ဒသမ ၅ ကီလိုဝပ်၊ အလေးချိန် ၆၅ ကီလိုဂရမ်၊ အလျား ၁၁၁၀ မီလီမီတာ၊ အနံ ၁၅၉၅ မီလီမီတာ၊ အမြင့် ၆၁၀ မီလီမီတာရှိပြီး တန်းကြားအကွာအဝေး ၂၃၀ မီလီမီတာ၊ ပင်ကြားအကွာအဝေး ၁၀၀-၁၈၀ မီလီမီတာ၊ စိုက်တန်းအရေအတွက် ခြောက်တန်း၊ ထုတ်လုပ်မှုကုန်ကျစရိတ် ၂၅ သိန်းဖြစ်သည်။

လက်ဆွဲကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်းဖြင့် စပါးများစနစ်တကျ တန်းကျစိုက်ပျိုးနိုင်ခြင်း၊ လုပ်သားရှားပါးမှုပြဿနာကို ဖြေရှင်းနိုင်ခြင်း၊ စပါးပျိုးသက်တမ်းနုချိန်တွင် စိုက်ပျိုးခြင်းကြောင့် အပင်ပွားနှုန်းများပြားခြင်း၊ သမားရိုးကျစိုက်နည်းဖြစ်သော လက်ဖြင့်စိုက်ပျိုးနိုင်သကဲ့သို့ ကောက်ပင်လှန်ချိန်စောင့်ရန်မလိုခြင်းနှင့် အချိန်ကုန်သက်သာခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်ကြောင်း သိရသည်။

**ချမ်းမြေ့**

ပဲခူး မတ် ၃၁

# ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေးနှင့် ဒေသထွက်ကုန်လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နေမှုအခြေအနေအား ကွင်းဆင်းကြည့်ရှုစစ်ဆေး



ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေးနှင့် ဒေသထွက်ကုန်လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နေမှုအခြေအနေအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် သဲကုန်းမြို့နယ် ဝက်ပုတ်မြို့ ရွှေညောင်ပင်လမ်းရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အောင်မြင်စွာဆောင်ရွက်လျက်ရှိသော“အမေသီတာ”ပြည်တွင်းထုတ် မြေပဲပေါင်းဆီစက်မှ ဆီထုတ်လုပ်နေမှုနှင့် ပဲကြော်လုပ်ငန်းတို့အား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ဒေသထွက်မြေပဲအား ကုန်ကြမ်းအဖြစ်တင်ပို့နေမှုအစား မြေပဲဆီသန့်အား တိုးချဲ့ထုတ်လုပ်တင်ပို့နိုင်ရေးဆောင်ရွက်ရန်နှင့် ပဲကြော်လုပ်ငန်းများအတွက် ထုပ်ပိုးမှုစနစ် အဆင့်မြှင့်တင်ပေးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ ၎င်းနောက် “ထူးမွန်” ကျောက်ဖရုံယိုလုပ်ငန်းသို့ သွားရောက်၍ ပိဿာချိန်အလိုက် ကုန်ပစ္စည်းပို့မှုအစား ထုပ်ပိုးမှုဆိုဒ်မျိုးစုံဖြင့် ဈေးကွက်အတွင်း ဖြန့်ဝေသွားရန်နှင့် ပဲခူးမြို့နှင့်ပြည်မြို့တို့၌ ဖွင့်လှစ်ထားသည့် ဒေသထွက်ကုန်များ အရောင်းစင်တာတွင် ပြသရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပေါင်းတည်မြို့နယ် ကြူတောကန်ကျေးရွာအုပ်စု၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တစ်နှစ်သုံးသီးစိုက်နေရာတွင် တစ်ကွင်းတစ်ဆက်တည်း နွေစပါးဧက ၇၀ စုပေါင်းမြေသြဇာကြဲပက်နေမှုနှင့် တမန်းနှိုးခြင်း ဆောင်ရွက်နေမှုတို့အား ကြည့်ရှုအားပေးခဲ့ပြီး မိရိုးဖလာစိုက်နည်းစနစ်များအစား သိပ္ပံနည်းကျစိုက်နည်းစနစ်များပြောင်းလဲခြင်း၊ သက်တမ်းတိုပြီး ဈေးကွက်ဝင်ကာ အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးခြင်းများကြောင့် ပန်းတိုင်အထွက်နှုန်းကျော်လွန်ရရှိခဲ့သည်ကို ဒေသခံတောင်သူများအား လက်တွေ့သရုပ်ပြသခြင်း၊ ကန်ထရိုက်လယ်ယာစနစ်ဖော်ဆောင်ပေးခြင်းတို့အား ဖြည့်ဆည်းဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ယင်းနောက် “ပြည့်စုံအောင်မြင်”တစ်ရက် ၁၇၅ တန်ကျ ပေါင်းဆန်စက်ရုံသို့ရောက်ရှိခဲ့ပြီး ဆန်အားတန်ဖိုးမြှင့်ထုတ်ကုန်ပေါင်းဆန်အဖြစ် တင်ပို့ခြင်းအားဖြင့် နိုင်ငံခြားဝင်ငွေပိုမိုတိုးတက်ရရှိနိုင်သဖြင့် တိုင်းဒေသကြီးအတွင်း ရှိပြီးသားပေါင်းဆန်စက်ရုံများအား ပြန်လည်အဆင့်မြှင့်တင်၍ အရှိန်အဟုန်မပြတ်လည်ပတ်နိုင်ရေးဆောင်ရွက်သွားရန်၊ စက်ရုံ/အလုပ်ရုံများ လည်ပတ်ချိန်တွင် လျှပ်စစ်မီးများ ပြတ်တောက်မှုမရှိစေရေး ဆောင်ရွက်ရန်နှင့် ဥရောပနိုင်ငံများသို့ အဓိကတင်ပို့သည့် ပေါင်းဆန်ထုတ်လုပ်သည့် ဒေသတွင်းစပါးမျိုးများ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးသွားရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့နောက် နတ်တလင်းမြို့နယ် ကြခတ်ဝါးရုံကျေးရွာအုပ်စု၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၈၃ ဒသမ ၄၈ သန်းဖြင့် မြေဧရိယာ ၉၈ ဧကအား စက်မှုလယ်ယာစနစ်ကျလယ်ယာမြေဖော်ထုတ်ဆောင်ရွက်ပြီးစီးမှုနှင့် နွေစပါးစိုက်ပျိုးထားရှိမှုတို့အားကြည့်ရှုအားပေးခဲ့ပြီး သွင်းအားစုများအချိန်မီရရှိရေးနှင့် ကုန်ထုတ်လုပ်မှုများကောင်းမွန်မှုရှိစေရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ၎င်းနောက် အုတ်ဖိုမြို့နယ် လင်းလွန်းပင်ကျေးရွာ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ Mobile Solar Pump ပံ့ပိုးပေးခဲ့မှုကြောင့် စားဖိုဆောင်သီးနှံစိုက်ခင်း ဧက ၅၀ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး စားသုံးသူဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ဈေးကွက်လိုအပ်ချက်များအရ အော်ဂဲနစ်စိုက်ခင်းများ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးသွားရန်နှင့် စားဖိုဆောင်စိုက်ခင်းများ တိုးချဲ့ဆောင်ရွက်ရန် ဂမုန်းချောင်းမှ လက်ဆွဲရေမြောင်း တူးဖော်ပေးနိုင်ရေး တွက်ချက်တင်ပြပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**

ရန်ကုန် မတ် ၃၁

# မျိုးစေ့ချကိရိယာဖြင့်စိုက်ပျိုးခဲ့သည့် စံကွက်ရိတ်သိမ်း တစ်ဧကလျှင် ၁၂၃ ဒသမ ၀၄ တင်းထွက်ရှိ

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ဝါးကောက်တောကျေးရွာ တောင်သူ ဦးခင်မောင်အေး၏ စံကွက်သုံးဧကတွင် ရက် (၉၀) စပါးအား လွန်ခဲ့သော သုံးလခန့်က မျိုးစေ့ချကိရိယာ(Seeder) ဖြင့် စိုက်ပျိုးခဲ့ပြီး ယမန်နေ့နေ့လယ်ပိုင်းက ရိတ်သိမ်းပွဲအား အဆိုပါစံကွက်၌ပြုလုပ်ရာ တစ်ဧကလျှင် ၁၂၃ ဒသမ ၀၄ တင်း ထွက်ရှိခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဒေသခံတောင်သူများသည် စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် အဆိုပါ စံကွက်ရှိစပါးရိတ်သိမ်းနေမှုကိုလည်းကောင်း၊ ရိတ်သိမ်းပြီးစပါးများ ချိန်တွယ်နေမှုအား လည်းကောင်း ကြည့်ရှုအားပေးကြသည်။

ထို့နောက် စံကွက်စိုက်ပျိုးသူ တောင်သူ ဦးခင်မောင်အေးက ယခင်ကြဲပက်စိုက်ပျိုးကြရာ တစ်ဧကအထွက်နှုန်း ၇၀ / ၈၀ သာ ထွက်ရှိရာ ယခု Seeder ဖြင့်စိုက်ပျိုးခြင်းကြောင့် တစ်ဧကအထွက်နှုန်း ၁၂၃ ဒသမ ၀၄ တင်းထွက်ရှိကြောင်း၊ သို့ဖြစ်၍ လာမည့် မိုးစပါးရာသီကို Seeder ဖြင့်သာစိုက်ပျိုးမည်ဖြစ်ကြောင်းနှင့် ဘဝတူတောင်သူများအနေဖြင့် Seeder ဖြင့်စိုက်ပျိုးကြရန် တိုက်တွန်းပြောကြားသည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နွေစပါးပြီးပါက မြေကိုအလွတ်မထားဘဲ သီးနှံများစိုက်ပျိုးရန်၊ မိုးစပါးရာသီတွင်လည်း Seeder ဖြင့်စိုက်ရန်၊ မိရိုးဖလာကောက်စိုက်သမဖြင့်စိုက်ခြင်း၊ ကြဲပက်စိုက်ပျိုးခြင်းများသည် အလေအလွင့်နှင့် ဆုံးရှုံးမှုများ ရှိခြင်း၊ အချိန်ကုန်ခြင်း၊ ငွေကြေးကုန်ကျမှုများခြင်းကြောင့် Seeder ဖြင့်သာစိုက်ပျိုးကြရန်နှင့် Seeder ဖြင့်စိုက်ခြင်းကြောင့် ရရှိသည့် အကျိုးကျေးဇူးများကို အခြားတောင်သူများအား လက်ဆင့်ကမ်းပြောကြားပေးကြရန်ပြောကြားပြီး တောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ကွမ်းခြံကုန်းမြို့နယ်တွင် နွေစပါး ၁၇၇၇၃ ဧကလျာထားသော်လည်း ၂၁၃၀၅ ဧကစိုက်ပျိုးနိုင်ခဲ့၍ လျာထားချက်ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် မိုးရာသီတွင် Seeder ဖြင့်စိုက်ပျိုးကြရန် တောင်သူများအား အသိပညာပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကွမ်းခြံကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးထံမှ သိရသည်။

စံကွက်ရိတ်သိမ်းခြင်းအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ဝန်းရုံခ**



## ရွှေ့ဖုံးမှအဆက်

လုပ်နေတယ်။ ဧည့်သည်တွေအများအပြားလာမှာဖြစ်တဲ့အတွက် ကြိုတင်ပြင်ဆင်နေကြပါတယ်။ ဧည့်သည်တွေစိတ်တိုင်းကျဖြစ်အောင် အစားအသောက်ပိုင်းကြိုတင်ပြင်ဆင်တာတွေ၊ ကမ်းခြေသန့်ရှင်းသာယာရေးတွေ၊ ကျွန်းပေါ်သွားရောက်လည်ပတ်တာတို့၊ အနီးအနားရွာတွေ လည်ပတ်တာတို့၊ ဘုတ်စီးတာတို့ အစစအရာရာ အဆင်ပြေဖို့အတွက်လည်း အားလုံးကြိုတင်ပြင်ဆင်နေကြပါတယ်”ဟု ခရီးသွားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ချောင်းသာကမ်းခြေသို့ ပြည်တွင်းပြည်ပဧည့်သည်များ ဝင်ရောက်မှုရှိသော်လည်း ပြည်တွင်းဧည့်သည်များ ပိုမိုကြိုက်နှစ်သက်သည့်ကမ်းခြေတစ်ခုဖြစ်ကြောင်း၊ ယင်းကမ်းခြေသည် တစ်မိုင်ခွဲခန့်အရှည်ရှိပြီး စုစုရုံးရုံးပျော်ပျော်ရွှင်ရွှင် မိသားစုအဖွဲ့များ၊ သူငယ်ချင်းများ၊ ရုံးအဖွဲ့များ၊ ကုမ္ပဏီများမှ အစုအဖွဲ့တို့ဖြင့် လာရောက်လည်ပတ်ကြကြောင်းလည်း သိရသည်။

ချောင်းသာကမ်းခြေသန့်ရှင်းသာယာရေးအတွက် ကမ်းခြေတွင် ဈေးရောင်းချကြသည့်ဈေးသည်များအား သတ်မှတ်နေရာများတွင် စနစ်တကျခင်းကျင်းရောင်းချရန်၊ စွန့်ပစ်အမှိုက်များအား စနစ်တကျစွန့်ပစ်ရန်နှင့် ခရီးသွားဧည့်သည်များ အေးချမ်းပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်ရန် ကမ်းခြေစည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အတူ ဈေးသည်များ၊ ခရီးသွားများ၏ စွန့်ပစ်အမှိုက်များကောက်ရန် ဟိုတယ်ခရီးက လစာပေး၍ခန့်အပ်ထားမှုများလည်းရှိကြောင်း သိရသည်။

ချောင်းသာကမ်းခြေသည် ပုသိမ်မြို့ အနောက်ဘက် ကီလိုမီတာ ၄၀ အကွာတွင်တည်ရှိပြီး ရန်ကုန်မြို့မှကားဖြင့်လာရောက်ပါက ငါးနာရီခန့်သာ မောင်းနှင်ရကြောင်း၊ ထင်းရှူးပင်၊ အုန်းပင်များနှင့် ထူးခြားလှပပြီး ခရီးသွားဧည့်သည်များအတွက် နှစ်သက်ဖွယ်မြင်ကွင်းအလှများနှင့် ပင်လယ်လေနုအေးများကို ခံစားနိုင်ကြောင်း၊ ဈေးနှုန်းချိုသာ၍ လတ်ဆတ်ပြီး အရသာကောင်းမွန်သော ပင်လယ်စာ အစားအစာများ ပေါများကြောင်းနှင့် ယင်းကမ်းခြေသို့ သကြၤန်ရက်များနှင့် နှစ်သစ်ကူးရုံးပိတ်ရက်များတွင် ခရီးသည် ဝင်ရောက်မှုပိုမိုများပြားကြောင်း သိရသည်။

ချောင်းသာကမ်းခြေသို့ လာရောက်လည်ပတ်သူများအနေဖြင့် ကမ်းခြေတွင် စိတ်အေးချမ်းစွာအနားယူအပန်းဖြေရင်း ကမ်းခြေရှိ ဆုတောင်းပြည့်ဇမ္ဗူပတိရုပ်ပွားတော်အား ကြည်ညိုသပ္ပာယ်စွာ ဖူးမြော်နိုင်ကြောင်း၊ ချောင်းသာကမ်းခြေအပြင် ဖိုးကုလားကျွန်းနှင့် သဲဖြူကျွန်း ရေလယ်ဘုရားတို့သို့ စက်လှေ၊ မော်တော်ဘုတ်တို့ဖြင့် သွားရောက်လည်ပတ်နိုင်ကြောင်းနှင့် ကျောက်မောင်နှမဘုရားသို့ ကား၊ သုံးဘီးဆိုင်ကယ်၊ ဆိုင်ကယ်များစီး၍ သွားရောက်အပန်းဖြေနိုင်ကြောင်းလည်း သိရသည်။ **ဝန်းရုံခ**





♦ ရှေ့ဖုံးမှအဆက်

အလားတူ ပင်လောင်းလမ်းဆုံမှ စစ်ရေးပြကွင်းကြီးသို့ သွားရောက်သည့်လမ်းတစ်လျှောက်တွင်လည်း တပ်မတော်၏ဆောင်ပုဒ်များကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် စိုက်ထူထားပြီး စစ်ရေးပြကွင်းအဝင်ဝရှိမုခ်ဦးကြီးကိုလည်း ခမ်းနားထည်ဝါစွာတွေ့မြင်နိုင်သည်။

စစ်ကြောင်းကြီးများ ချီတက်ရာလမ်းကြောင်းတစ်လျှောက်၌ စစ်ကြောင်းများ၏ကိုယ်စားပြုအရောင်အလှမီးများ၊ မီးအလှထွန်းသည့် Truss Beam များ၊ မီးဆိုင်းများ၊ Light Box များ၊ Lighting Pole များဖြင့်လည်းကောင်း၊ စစ်ရေးပြကွင်းကြီး၏ အဝင်မုခ်ဦးတွင် LED Strip Light များ လမ်းဘေးဝဲယာတစ်လျှောက်၌ မိုးစက်မီးများ၊ Up





(၇၉)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် တပ်မတော်ပန်းခြံ၌ မီးအလှများ၊ ပန်းအလှများဖြင့် ခမ်းနားထည်ဝါစွာအလှဆင်ထားမှုကိုတွေ့ရစဉ်။





(၇၉)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် တပ်မတော်ပန်းခြံ၌ မီးအလှများ၊ ပန်းအလှများဖြင့် အလှဆင်ထားရာ လာရောက်အပန်းဖြေလည်ပတ်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။

Light များ၊ Program LED Strip Light များ၊ ရောင်စုံအလှမီးများဖြင့် ဆင်ယင်ထားပြီး စစ်ကြောင်းကြီးများအား ဂုဏ်ပြုကြိုဆိုပါ၏ စာတန်းများ၊ နိုင်ငံတော်အလံနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အလံများကို Lighting Effect မီးအလှများဖြင့် ပုံဖော်၍လည်းကောင်း၊ စစ်ရေးပြကွင်းအတွင်း အလေးပြုခံစင်မြင့်မျက်နှာမူရာရှိ သစ်ပင်များ၌လည်း Handmade အလှမီးများဖြင့်လည်းကောင်း၊ မင်းကြီးသုံးပါးရုပ်တုအောက်ခံ၌ တပ်မတော်အလံပုံဖော်ထားသည့် ကြယ်တံဆိပ်နှစ်ခုအား LED Strip Light များဖြင့်လည်းကောင်း၊ အသီးသီးပုံဖော်အလှဆင်ထားသည်ကို ခမ်းနားထည်ဝါစွာ တွေ့မြင်နိုင်မည်ဖြစ်သည်။

ထို့ပြင် ၂၀၂၄ ခုနှစ်၊ (၇၉)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် နေပြည်တော် စစ်ရေးပြကွင်းကြီးရှေ့ရှိ တပ်မတော်ပန်းခြံတွင်လည်း မီးအလှများဖြင့် ဖန်တီးပုံဖော်ထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် (၇၉) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်တံဆိပ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များတွင် အသုံးပြုသည့် ယာဉ်ယန္တရားပုံစံငယ်များ၊ ရေယာဉ်ပုံစံငယ်များ၊ လေယာဉ်ပုံစံငယ်များ၊ ရဟတ်ယာဉ်ပုံစံငယ်များကို ပြသထားသည်။ ပန်းခြံအတွင်း ဖိုက်ဘာဖြင့် ပြုလုပ်ထားသည့် စစ်သည်ရုပ်တုငယ်များ၊ ပုံဖော်ထားသည့် ပန်းအလှများ၊ သစ်ပင်များတွင် တပ်ဆင်ထားသည့် မီးရောင်စုံများ၊ မီးရောင်စုံများဖြင့် ပြုလုပ်ထားရှိရာ ယနေ့တွင်လည်းလာရောက်အပန်းဖြေလည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)





(၇၉)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် တပ်မတော်ပန်းခြံ၌ မီးအလှများ၊ ပန်းအလှများဖြင့် အလှဆင်ထားရာ လာရောက်အပန်းဖြေလည်ပတ်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။

# ၂၀၂၄ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

| စဉ် | ဝန်ဆောင်မှုအမျိုးအမည် |
|---|---|
| ၁၅ | ရိုးရာအကြောပြင် ဝန်ဆောင်မှုလုပ်ငန်း၊ မျက်မမြင်အကြောပြင် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၆ | တိရစ္ဆာန်ကျန်းမာရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၇ | အများသုံးသန့်စင်ခန်း အသုံးပြုခကောက်ခံခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| **စီမံကိန်းနှင့်ဘဏ္ဍာရေးကဏ္ဍ** | |
| ၁၈ | အသက်အာမခံ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၉ | အသေးစားငွေချေးခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၀ | အရင်းအနှီးဈေးကွက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၁ | ဘဏ်နှင့်ဗဟိုဘဏ်မှ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေသော ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၂ | အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၃ | အောင်ဘာလေသိန်းထီလုပ်ငန်း။ |
| **လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကဏ္ဍ** | |
| ၂၄ | ဉာဏ်ခံကျွေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၅ | နာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၆ | ကလေးသူငယ်ပြုစုပျိုးထောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| **စက်မှုနှင့် လျှပ်စစ်ကဏ္ဍ** | |
| ၂၇ | ကုန်ကြမ်းပေး ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၈ | စက်မှုလယ်ယာ ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၉ | မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသေးသော ဒေသများ အတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေသော ပုဂ္ဂလိကအသေးစား လျှပ်စစ်ဓာတ်အား ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၃၀ | ဘက်ထရီလျှပ်စစ်သုံးယာဉ်များအတွက် ဘက်ထရီအားသွင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ။ |
| **အထွေထွေကဏ္ဍ** | |
| ၃၁ | နိုင်ငံတော်အဖွဲ့အစည်းများသို့ ဆောင်ရွက်မှုတစ်ရပ်ရပ် လုပ်ကိုင်ခွင့် ရရှိရန်အတွက် ပေးချေရသည့် လိုင်စင်ကြေးများ။ |
| ၃၂ | နိုင်ငံတော်၏ လိုအပ်ချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အခွန်ကင်းလွတ်ခွင့်ပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၃၃ | ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့် ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၃၄ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ နေပြည်တော်ကောင်စီရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ လူမှုဖူလုံရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဦးစီးဌာနစသည့် အဖွဲ့အစည်းအချင်းချင်း ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ (နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးစေခြင်း၊ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများမှ ဝန်ဆောင်မှုရယူခြင်းမပါ)။ |

(င) ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲ(စ)၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မခွဲ(ဇ)နှင့် ပုဒ်မခွဲ(ဈ)ပါ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ကုန်စည်မှတစ်ပါး ပြည်တွင်း၌ဆောင်ရွက်သည့်အခြားဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ်တွင် ငါးရာခိုင်နှုန်းဖြင့်ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။

(စ) (၁) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ဆင်းကတ်(SIM Card)ရောင်းချမှုနှင့်ဆင်းကတ်ကိုစတင်အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးသည့်ဝန်ဆောင်မှု(SIM Card Activation)အပေါ် ဆင်းကတ်တစ်ကတ်လျှင် ကျပ်နှစ်သောင်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်တစ်ကြိမ်တည်း ကျသင့်စေရမည်။

(၂) အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းမှရငွေအပေါ် တစ်ဆယ့်ငါး ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။

(ဆ) မည်သူမဆို နိုင်ငံပိုင်မြေအား နှစ်ရှည်ငှားရမ်း၍ဖြစ်စေ၊ နိုင်ငံတော်နှင့်အကျိုးတူပူးပေါင်း၍ဖြစ်စေ၊ ပုဂ္ဂလိကပိုင်မြေတွင်ဖြစ်စေ၊ မြေပိုင်ရှင်နှင့်အကျိုးတူပူးပေါင်း၍ဖြစ်စေ အခြေခံအဆောက်အအုံအား တည်ဆောက်ပြုပြင်ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။

(ဇ) ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ဆောင်မှုလုပ်ငန်းများမှရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။

(ဈ) ရွှေထည်လက်ဝတ်ရတနာများရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းအတွက် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း တစ်ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။ သို့ရာတွင် ရွှေထည်လက်ဝတ်ရတနာများကို ပြည်တွင်း၌ဝယ်ယူစဉ် သို့မဟုတ် ပြည်ပမှတင်သွင်းစဉ်က ပေးဆောင်ခဲ့ရသည့်ကုန်သွယ်လုပ်ငန်းခွန်ကို ပြည်တွင်း၌ရောင်းချစဉ် သို့မဟုတ် ပြည်ပသို့တင်ပို့စဉ်ပေးဆောင်ရမည့်ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ခုနှိမ်ခွင့်မရှိစေရ။

(ည) အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း(Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန်(Drawback)စနစ်ဖြင့် တင်သွင်းလာသောကုန်စည်များကို သတ်မှတ်ကာလအတွင်း ပြန်လည်တင်ပို့ခြင်းမပြုဘဲ ပြည်တွင်းသုံးစွဲခြင်းဖြစ်ပါက မူလကင်းလွတ်ခွင့်ပြုခဲ့သော ကုန်သွယ်လုပ်ငန်းခွန်ကို ပြန်လည်ပေးဆောင်ရမည်။

၁၅။ (က) ပြည်တွင်းပြည်ပအဖွဲ့အစည်းများက လှူဒါန်းငွေ၊ ထောက်ပံ့ငွေ၊ ချေးငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ကုန်သွယ်လုပ်ငန်းခွန်ကိစ္စအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။

(ခ) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍနှင့်ပုဂ္ဂလိကကဏ္ဍများအတွက် အောက်ဖော်ပြပါ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထက်မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန်စည်းကြပ်ခြင်းမပြုရ -

(၁) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့်ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်းကျပ်သိန်း ၅၀၀ တိတိ၊

(၂) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့်ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေစုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၃) ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ရောင်းရငွေစုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၄) အကောက်ခွန်လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များနှင့်အညီ အလျင်အမြန်ပေးပို့ထုတ်ယူလိုသည့် ကုန်စည်များအပေါ် အခွန်အခများကင်းလွတ်ခွင့်ပြုနိုင်သည့်အကောက်ခွန်ဦးစီးဌာန၏ အနိမ့်ဆုံးတန်ဖိုးသတ်မှတ်ချက် (Deminimis Value Threshold)။

ရှင်းလင်းချက်။ (၁) နှစ်တစ်နှစ်အတွင်း ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ စုစုပေါင်းကျပ်သိန်း ၅၀၀ ဆိုရာတွင် လုပ်ငန်းစတင်သည့်လအပါအဝင် တစ်ဆက်တည်းဖြစ်သည့် နောင်လာမည့် ၁၂ လ အတွင်းရရှိမည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေကိုဆိုသည်။

(၂) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ စည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ရငွေရှိမည့်သူ သို့မဟုတ် ကုန်သွယ်လုပ်ငန်းခွန်ခုနှိမ်ခွင့်ခံစားလိုသူ မည်သူမဆို မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ရမည်။

၁၆။ မည်သူမဆို ဤဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်တစ်မျိုးမျိုးကို ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုတစ်ရပ်ရပ်ကိုဆောင်ရွက်ခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ခြင်းတို့မှ နိုင်ငံခြားငွေရရှိလျှင် အဆိုပါနိုင်ငံခြားငွေဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကို ဤဥပဒေပါသက်ဆိုင်ရာအခွန်နှုန်းများအတိုင်း တွက်ချက်၍ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများနှင့်အညီ ကျပ်ငွေဖြင့် ပေးဆောင်ရမည်။

၁၇။ (က) ပြည်ပသို့တင်ပို့ရောင်းချသည့် လျှပ်စစ်ဓာတ်အားအပေါ် ရှစ်ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံစိမ်းများအပေါ် ငါးရာခိုင်နှုန်းဖြင့်လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။

(ခ) ပုဒ်မခွဲ(က)ပါ ကုန်စည်များမှအပ ကျန်ကုန်စည်များကို ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ်တွင် သုညရာခိုင်နှုန်းဖြင့်ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကိုဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့်ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီခုနှိမ်နိုင်သည်။ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများတွင် မည်သို့ဆိုစေကာမူ ပြည်ပပို့ကုန်များနှင့်စပ်လျဉ်း၍ ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကိုဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်ကပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်အောက်လျော့နည်းနေပါက ပြန်အမ်းငွေတောင်းခံနိုင်သည်။ သို့ရာတွင် ကိုယ်တိုင်သုံးစွဲရန်အလို့ငှာ ပြည်တွင်း၌ဝယ်ယူပြီး ပြည်ပသို့ ယူဆောင်သွားသည့်ကုန်စည်များနှင့်မသက်ဆိုင်စေရ။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ဝန်ဆောင်မှုရငွေပမာဏသတ်မှတ်ခြင်းနှင့်သက်ဆိုင်ခြင်းမရှိစေရ။

စာမျက်နှာ ၈ သို့

➤စာမျက်နှာ ၇ မှအဆက်

၁၈။ ဤဥပဒေ၏ အခန်း(၆)တွင် ဖော်ပြပါရှိသော စကားရပ်များ၏အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်းဖြစ်စေရမည်။

**အခန်း (၇)**

**ဝင်ငွေခွန်**

၁၉။ (က) လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထိ ရရှိသူဖြစ်လျှင် မည်သူ့ကိုမျှ ဝင်ငွေခွန်စည်းကြပ်ခြင်းမပြုရ။ ထိုသို့စည်းကြပ်ခြင်းမပြုသဖြင့် ကင်းလွတ်ခွင့်ရသည့်လစာဝင်ငွေဆိုင်ရာ သက်သေခံအထောက်အထားကို တောင်းခံလာပါက သတ်မှတ်ချက်များနှင့်အညီ ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပေးရမည်။

(ခ) သို့ရာတွင် လစာမှနှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထက်ရရှိသူဖြစ်လျှင် ရရှိသည့်လစာဝင်ငွေစုစုပေါင်းအပေါ်တွင် ဝင်ငွေခွန်ထမ်းဆောင်ရမည်။

(ဂ) ကိုဗစ်-၁၉ (Coronavirus Disease 2019)ကပ်ရောဂါကြောင့် နှောင့်နှေးလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်တိုးတက်မှုရှိလာစေရေး အားပေးမြှင့်တင်ရန်အလို့ငှာ လစာမှနှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထက် ရရှိသူဖြစ်လျှင် သို့မဟုတ် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့်အခြားရလမ်းများမှ ဝင်ငွေဖြစ်လျှင် မည်သူ့ကိုမဆို စုစုပေါင်းဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေအလွှာအလိုက် စည်းကြပ်ရမည့် အခွန်နှုန်းများကို အောက်ပါအတိုင်းသတ်မှတ်သည်-

| စဉ် | ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| ၁ | ၁ | ၂,၀၀၀,၀၀၀ | ၀ ရာခိုင်နှုန်း |
| ၂ | ၂,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၁၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၄ | ၃၀,၀၀၀,၀၀၁ | ၅၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၅ | ၅၀,၀၀၀,၀၀၁ | ၇၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| ၆ | ၇၀,၀၀၀,၀၀၁ နှင့် အထက် | | ၂၅ ရာခိုင်နှုန်း |

(ဃ) ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ မည်သူမဆို မြေငှားရမ်းခြင်း၊ အဆောက်အအုံငှားရမ်းခြင်းနှင့်အခန်းငှားရမ်းခြင်းတို့မှရရှိသော စုစုပေါင်းငှားရမ်းခရငွေအပေါ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်သီးခြားစည်းကြပ်ရမည်။ အခြားဝင်ငွေများနှင့်ပူးပေါင်း၍ ထပ်မံစည်းကြပ်ခြင်းမပြုရ။ သို့ရာတွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်းများ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများဖြစ်ပါက အခွန်ထမ်းအမျိုးအစားအလိုက် သီးခြားသတ်မှတ်ပေးထားသောအခွန်နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

(င) အစုစပ်လုပ်ငန်းများဖြစ်ပါက ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ပုဒ်မခွဲ(ဂ)ဇယားပါ အခွန်နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

(စ) ဤပုဒ်မပါ အခွန်နှုန်းများသည် ဝင်ငွေရရှိသူတစ်ဦးဦး သို့မဟုတ် ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ သီးခြားအခွန်နှုန်း သတ်မှတ်ထားသည့်အခွန်ထမ်းများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂)တို့အရ အခြေခံသက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစားတစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့် ညီမျှသောငွေဖြစ်ရမည်။ သို့ရာတွင် နှစ်တစ်နှစ်အတွက် အခြေခံသက်သာခွင့် ခွင့်ပြုငွေစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုစေရ။

၂၁။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)အရ သက်သာခွင့် ခွင့်ပြုငွေမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အတူနေမိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ၊

(ခ) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၁၀ သိန်း၊

(ဂ) သားသမီးတစ်ဦးလျှင် ကျပ် ၅ သိန်းစီ။

၂၂။ (က) ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(က)ပါ ဝင်ငွေခေါင်းစဉ်များအနက် လစာမှအပ ပြည်ပနေနိုင်ငံသား၏ နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းဝင်ငွေအပေါ်ရရှိသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့် တစ်ဆယ်ရာခိုင်နှုန်း ဝင်ငွေခွန်စည်းကြပ်ရမည်။

(ခ) ဝင်ငွေခွန်နည်းဥပဒေများတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ ပြည်ပနေနိုင်ငံသား၏ နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းလစာဝင်ငွေအပေါ် အောက်ပါနည်းလမ်း ၂ ရပ်အနက် နည်းရာကျသင့်အခွန်ကိုရရှိသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်-

(၁) ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီး ဤဥပဒေ၏ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)ပါ အခွန်နှုန်းထားဖြင့် ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၈ ပါပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ စည်းကြပ်ခြင်း၊

(၂) ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ နှစ်ရာခိုင်နှုန်းဖြင့် တွက်ချက်၍စည်းကြပ်ခြင်း၊

(ဂ) ဤပုဒ်မအရတွက်ချက်ရရှိသည့် အခွန်မှတွက်ချက်သည့် ဝင်ငွေအမျိုးအစားအလိုက် ပြည်ပတွင်ပေးဆောင်ခဲ့ရသည့်အခွန်ကို ခုနှိမ်ပေးရမည်။

၂၃။ ကိုဗစ်-၁၉ (Coronavirus Disease 2019)ကပ်ရောဂါကြောင့် နှောင့်နှေးလျက်ရှိသည့်စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်တိုးတက်မှုရှိလာစေရေး အားပေးမြှင့်တင်ရန်အလို့ငှာ -

(က) အောက်ဖော်ပြပါ အခွန်ထမ်းအမျိုးအစားများနှင့်ပတ်သက်၍ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်းအသားတင် အမြတ်ဝင်ငွေအပေါ် ၂၂ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည် -

(၁) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီအက်ဥပဒေအရဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသည့်ကုမ္ပဏီ၊

(၂) ပြည်ပနေနိုင်ငံခြားသား၏ လစာခေါင်းစဉ်မှတစ်ပါး အခြားဝင်ငွေ၊

(၃) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့်ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်း၊

(၄) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ။

(ခ) အခြေခံသမဝါယမအသင်းမှအပဖြစ်သော သမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ၂၂ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

(ဂ) ရန်ကုန်စတော့အိပ်ချိန်းစာရင်းဝင် အများပိုင်ကုမ္ပဏီများအပေါ်ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေ အပေါ် ၁၇ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ ထို့ပြင် ရန်ကုန်စတော့အိပ်ချိန်းသို့အသစ်ဝင်ရောက်သည့်ကုမ္ပဏီများသည် ယခင်က ဝင်ငွေခွန်အပြည့်အဝထမ်းဆောင်ရန်ပျက်ကွက်မှုရှိပါက ရန်ကုန်စတော့အိပ်ချိန်းစာရင်းဝင်သည့် ဘဏ္ဍာရေးနှစ်မတိုင်မီ ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ်(၂)နှစ်အတွက် ဝင်ငွေအမှန်ကို ဖော်ထုတ်၍ ကျသင့်ဝင်ငွေခွန်ပေးဆောင်ရမည်ဖြစ်ပြီး ယင်းကျသင့်ဝင်ငွေခွန်ကို အပြည့်အဝပေးသွင်းပြီးဖြစ်ပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေအရဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊ တရားစွဲဆိုခြင်းတို့မှ ကင်းလွတ်ခွင့်ရှိစေရမည်။

၂၄။ (က) မြန်မာနိုင်ငံ၏ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ပုဂ္ဂိုလ်စုဖြစ်လျှင် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

(ခ) ပြည်ပနေနိုင်ငံခြားသားဖြစ်လျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-ကတို့အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုရ။ ယင်း၏စုစုပေါင်းဝင်ငွေအပေါ် လစာခေါင်းစဉ်မှဝင်ငွေဖြစ်ပါက ဤဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)ပါ အခွန်နှုန်းများအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၅။ (က) ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-ကတို့အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ စည်းကြပ်မှုမှလွတ်ကင်းနေသောဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ သို့ရာတွင် ကိုဗစ်-၁၉(Coronavirus Disease 2019) ကပ်ရောဂါကြောင့် နှောင့်နှေးလျက်ရှိသည့်စီးပွားရေးလုပ်ငန်းများနှင့်ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်တိုးတက်မှုရှိလာစေရေး အားပေးမြှင့်တင်ရန်အလို့ငှာ နိုင်ငံသားမည်သူမဆို အခြေပစ္စည်းတစ်ရပ်ရပ်ကိုဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့်လုပ်ငန်းအသစ်တည်ထောင်ခြင်း၊ လုပ်ငန်းထပ်မံတိုးချဲ့ဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုသည့်ဝင်ငွေမှ ဝင်ငွေရလမ်းတင်ပြနိုင်သည့်ဝင်ငွေရှိပါက ယင်းဝင်ငွေအား နုတ်ပယ်ပြီး ကျန်စည်းကြပ်မှုမှလွတ်ကင်းနေသောဝင်ငွေအပေါ်တွင်လည်းကောင်း၊ ဝင်ငွေရလမ်းတင်ပြနိုင်ခြင်းမရှိပါက အသုံးပြုသည့်ဝင်ငွေအပေါ်တွင်လည်းကောင်း အောက်ဖော်ပြပါ အခွန်နှုန်းအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။ အသုံးပြုသည့်ဝင်ငွေအားလုံးအပေါ် ဝင်ငွေရလမ်း အတိအကျတင်ပြနိုင်ပါက ဝင်ငွေခွန်ထမ်းဆောင်ရန်မလို။ ဤပုဒ်မအရ အခွန်စည်းကြပ်ခြင်းသည် တရားမဝင်ရရှိသည့်ပစ္စည်းများပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့်လည်းကောင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူသည့်ကိစ္စရပ်များနှင့်လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ-

| စဉ် | ဝင်ငွေ(ကျပ်) | | ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| ၁ | ၁ | ၃၀၀,၀၀၀,၀၀၀ | ၃ ရာခိုင်နှုန်း |
| ၂ | ၃၀၀,၀၀၀,၀၀၁ | ၆၀၀,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၆၀၀,၀၀၀,၀၀၁ | ၁,၀၀၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၄ | ၁,၀၀၀,၀၀၀,၀၀၁ | ၃,၀၀၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၅ | ၃,၀၀၀,၀၀၀,၀၀၁ နှင့်အထက် | | ၃၀ ရာခိုင်နှုန်း |

(ခ) ပုဒ်မခွဲ(က)ပါ စည်းကြပ်မှုမှလွတ်ကင်းနေသောဝင်ငွေဆိုသည်မှာ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မတိုင်မီ စည်းကြပ်မှုမှလွတ်ကင်းနေသောဝင်ငွေကိုဆိုသည်။

(ဂ) ပုဒ်မခွဲ(က)ပါ အခွန်နှုန်းများကို နိုင်ငံတော်၏စီးပွားရေးအခြေအနေနှင့် နိုင်ငံတကာသက်ရောက်မှုအခြေအနေများကိုသုံးသပ်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြင်ဆင်သတ်မှတ်မှုများကိုဆောင်ရွက်ရန်လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့တင်ပြရမည်။

၂၆။ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့်အခြေခံသမဝါယမအသင်းများ၏အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-ကတို့အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဤဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)ပါ အခွန်နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

စာမျက်နှာ ၉ သို့➤

➤စာမျက်နှာ ၈ မှအဆက်

၂၇။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမှ မြတ်စွန်းငွေရရှိလျှင် ထိုသို့မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ -

(က) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပါက အောက်တွင်မြတ်စွန်းငွေနှင့်ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်းရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်-

| မြတ်စွန်းငွေ | ပေးဆောင်ရမည့်ဝင်ငွေခွန်နှုန်း |
|---|---|
| (၁) ညီမျှကျပ်သန်းပေါင်း (၁၀၀,၀၀၀)အထိ | ၄၀ ရာခိုင်နှုန်း |
| (၂) ညီမျှကျပ်သန်းပေါင်း (၁၀၀,၀၀၀)အထက်မှ(၁၅၀,၀၀၀)အထိ | ၄၅ ရာခိုင်နှုန်း |
| (၃) ညီမျှကျပ်သန်းပေါင်း (၁၅၀,၀၀၀)အထက် | ၅၀ ရာခိုင်နှုန်း |

(ခ) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သော ကုမ္ပဏီမှအပဖြစ်သည့် ပုဂ္ဂိုလ်စုများ သို့မဟုတ် တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက မြတ်စွန်းသည့်ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် တစ်ဆယ် ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ ကျသင့်အခွန်ကို ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။

၂၈။ နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် အခြေပစ္စည်း၏တန်ဖိုးစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုလျှင် အခြေပစ္စည်းမှမြတ်စွန်းငွေပေါ်ပေါက်စေကာမူ ဝင်ငွေခွန်မကျသင့်စေရ။

၂၉။ ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ ပြည်တွင်းထုတ်လုပ်မှုကိုအခြေခံသည့် အသစ်ထူထောင်သော အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ သို့မဟုတ် အသေးစားစက်မှုလက်မှုလုပ်ငန်းများအတွက် လုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်ကာလအတွင်း နှစ်တစ်နှစ် စုစုပေါင်းအသားတင် အမြတ်ဝင်ငွေကျပ်သိန်း ၁၅၀ ထိ ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုသည်။ ဖော်ပြပါဝင်ငွေထက် ပိုမိုရရှိပါက ပိုမိုရရှိသည့်ဝင်ငွေအပေါ်တွင်သာ ဝင်ငွေခွန်စည်းကြပ်ရမည်။

၃၀။ အခြေပစ္စည်းမှမြတ်စွန်းငွေခေါင်းစဉ်မှအပ ကျန်ဝင်ငွေခေါင်းစဉ်များအတွက် နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ ရရှိသည့်ငွေကြေး အမျိုးအစားဖြင့် ဝင်ငွေခွန်ပေးဆောင်ရမည်။

၃၁။ (က) အောက်ဖော်ပြပါ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်အပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုသည် -

(၁) မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများဆိုင်ရာ ဥပဒေအရ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်းအစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကိုတစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေရရှိသည့် စုစုပေါင်းဝင်ငွေ၊

(၂) တရားမဝင်ပစ္စည်းများ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်းအစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့်စုစုပေါင်းဝင်ငွေ၊

(၃) နိုင်ငံတော်မှချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးတံဆိပ်များနှင့်အတူရရှိသည့် ချီးမြှင့်ငွေများ၊

(၄) အစိုးရအောင်ဘာလေသိန်းဆု ဆုမဲမှထုတ်ယူရရှိငွေ၊

(၅) အငြိမ်းစားယူသည့်အခါ ရရှိသည့်ပင်စင်၊ ပင်စင်မှပြောင်းလဲ၍ရရှိသော ငွေနှင့်လုပ်သက်ဆုငွေ (Gratuity)၊

(၆) ရှေးဟောင်းပစ္စည်းတွေ့ရှိမှုအပေါ် နိုင်ငံတော်မှဂုဏ်ပြုချီးမြှင့်ငွေ။

(ခ) အောက်ဖော်ပြပါ ကိစ္စရပ်များအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များပြုနိုင်သည်-

(၁) ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့လှူဒါန်းငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ၊

(၂) ငွေချေးသက်သေခံလက်မှတ်ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ။

၃၂။ ဤဥပဒေ၏ အခန်း(၇)တွင် ဖော်ပြပါရှိသော စကားရပ်များ၏အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဝင်ငွေခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်းဖြစ်စေရမည်။

## အခန်း (၈)
## ရတနာခွန်

၃၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၈ အရ အောက်ဇယားပါကျောက်မျက်ရတနာများကို ရောင်းချခြင်းဖြစ်ပါက အမှန်တကယ်ရောင်းချသည့်တန်ဖိုးအပေါ်တွင်လည်းကောင်း၊ အမှန်တကယ်ရောင်းချသည့်တန်ဖိုးအပေါ် အခြေပြု၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းကသတ်မှတ်သည့် ရောင်းဈေးတန်ဖိုးအပေါ်တွင် လည်းကောင်း၊ ယင်းတန်ဖိုးနှစ်ရပ်အနက်များရာ တန်ဖိုးအပေါ်တွင်လည်းကောင်း ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း ရတနာခွန်ကျသင့်စေရမည်။ ကောက်ခံရရှိသည့်ရတနာခွန်နှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာန၏ သက်ဆိုင်ရာဘဏ်စာရင်းသို့ လွှဲပြောင်းပေးသွင်းရမည်-

| စဉ် | ကျောက်မျက်ရတနာအမျိုးအစား | အခွန်နှုန်း |
|---|---|---|
| ၁ | ကျောက်စိမ်းအရိုင်းများ။ | ၁၁ ရာခိုင်နှုန်း |
| ၂ | ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အရိုင်းများ။ | ၉ ရာခိုင်နှုန်း |
| ၃ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အချောထည်များ၊ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာများ စွဲကပ်ထားသည့် လက်ဝတ်ရတနာအချောထည်များ။ | ၅ ရာခိုင်နှုန်း |
| ၄ | ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းများ။ | ၅ ရာခိုင်နှုန်း |

## အခန်း (၉)
## အခြားအခွန်အကောက်ဆိုင်ရာကောက်ခံရမည့်နှုန်းထားများ

၃၄။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါ အခွန်တစ်ရပ်ရပ်၏ကောက်ခံရမည့်နှုန်းထားများ၊ ကင်းလွတ်ခွင့်နှင့်သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည် -

(က) ယစ်မျိုးခွန်၊

(ခ) သွင်းကုန်အတွက် လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊

(ဂ) မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊

(ဃ) မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊

(င) ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊

(စ) ခရီးလှည့်လည်ရေးလိုင်စင်၊ ဟိုတယ်နှင့်တည်းခိုရိပ်သာလိုင်စင်၊ ဧည့်လမ်းညွှန် လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊

(ဆ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းမှ ရရှိသည့် အခကြေးငွေများ၊

(ဇ) ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ကြေးရငွေ၊

(ဈ) မူပိုင်ခွင့်မှတ်ပုံတင်ကြေးရငွေများ၊

(ည) အကောက်ခွန်၊

(ဋ) မြေယာပေါ်တွင်ကောက်ခံသည့်အခွန်၊

(ဌ) ရေခွန်၊

(ဍ) တာတမံခွန်၊

(ဎ) သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်သစ်တောခွန်၊

(ဏ) ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်းတွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊

(တ) ငါးလုပ်ငန်းဆိုင်ရာအခွန်အခ၊

(ထ) ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊

(ဒ) ဓာတ်သတ္တုခွန်နှင့် တွင်းဝခွန်၊

(ဓ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊

(န) ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊

(ပ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံရရှိသည့်အခွန်။

## အခန်း(၁၀)
## အထွေထွေ

၃၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့များကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက်ရမည်။

၃၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်း ထုတ်လုပ်သည့်ကုန်စည်များနှင့် ပြည်ပမှတင်သွင်းသည့် ကုန်စည်များဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက် လည်းကောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိကမှီတည်ဆောင်ရွက်နေရသည့် ပြည်တွင်းစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ၊ နိုင်ငံတော်အတွင်း ဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ရေရှည်အကျိုးစီးပွားဖြစ်ထွန်းတိုးတက်လာစေရန်လည်းကောင်း နိုင်ငံတော်မှပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ အောက်ပါတို့ကိုဆောင်ရွက်ပေးရမည်-

(က) ကုန်စည်များတင်သွင်းခွင့်ပြုသည့်ပမာဏ၊ အကောက်ခွန်နှုန်းများနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့နှင့် ဒေသတွင်းကုန်သွယ်ရေးဆိုင်ရာသဘောတူစာချုပ်များ မူဘောင်အတွင်းမှ အာဆီယံဒေသတွင်းနိုင်ငံများနည်းတူ အမြင့်ဆုံးရရှိနိုင်သည့်အခွင့်အရေး၊ သက်သာခွင့်များ ရရှိစေနိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ခ) အကောက်ခွန်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ၊ ပို့ကုန်သွင်းကုန်ခွင့်ပြုခြင်းနှင့်ခွဲတမ်းသတ်မှတ်ပေးခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ လိုအပ်သည့်အစီအမံများကို ဆောင်ရွက်ပေးခြင်း။

၃၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်နှင့် ရတနာခွန်ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် သက်သာခွင့်ပေးခြင်းကို ဆောင်ရွက်နိုင်သည်။

၃၈။ (က) ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာသက်သာခွင့်၊ ကင်းလွတ်ခွင့်များကို ပြည်သူများအားအသိပေးခြင်း၊ သက်သာခွင့်များနှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာတာဝန်ကျေပွန်သည့်အခွန်ဝန်ထမ်းများ၊ အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်းနှင့် ထိုက်သင့်သောချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်း တို့ကို ပြုလုပ်ပေးရမည်။

(ခ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် အခွန်စနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပုဒ်မခွဲ(က)ပါ လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၌ ပြည်တွင်းအခွန်များဦးစီးဌာန၏သာမန်အသုံးစရိတ်အဖြစ်

စာမျက်နှာ ၁၀ သို့➤

➤စာမျက်နှာ ၉ မှအဆက်

ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ခွင့်ပြုပေးနိုင်သည်။

(ဂ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပုဒ်မခွဲ(ခ)ပါ အသုံးစရိတ်များအား အခွန်ကောက်ခံမှုဆိုင်ရာ လုပ်ငန်းတာဝန်ကျေပွန်သည့် နိုင်ငံ့ဝန်ထမ်းများကို ဆုကြေးငွေချီးမြှင့်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲနိုင်သည်။

၃၉။ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များရရှိပိုင်ဆိုင်ထားခြင်းအတွက် အောက်ဖော်ပြပါ ကောက်ခံရဒဏ်ကြေးငွေများ၏ ၂၀ ရာခိုင်နှုန်းကို သတင်းပေးတင်ပြသူအားလည်းကောင်း၊ ၃၀ ရာခိုင်နှုန်းကို ရှာဖွေဖမ်းဆီးသူအားလည်းကောင်း ဆုကြေးအဖြစ်ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှ တစ်ပါးထုတ်ဖော်ခြင်းမပြုရ -

(က) အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချစေရမည့် အထူးကုန်စည်များနှင့်စပ်လျဉ်း၍ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသူနှင့် သတ်မှတ်အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးရန်ပျက်ကွက်သည့်အထူးကုန်စည်ထုတ်လုပ်သူတို့အပေါ် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (စ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေများ၊

(ခ) ကျန်အထူးကုန်စည်များနှင့်စပ်လျဉ်း၍ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသူအပေါ် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ။

၄၀။ (က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ(စ)တွင် မည်သို့ပင်ပါရှိစေကာမူ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကိုထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန်ပျက်ကွက်ခြင်း သို့မဟုတ် ပြေစာအားထုတ်ပေးသော်လည်း ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများဖြင့် သတ်မှတ်ထားသောကျသင့်အခွန်တန်ဖိုးအတိုင်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့ကို မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက ယင်းသို့ပျက်ကွက်ခြင်းအတွက် ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားတန်ဖိုးအပေါ် ထပ်မံပေးဆောင်ရမည့်အခွန်၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ်ပေးဆောင်စေရမည့်အပြင် ပျက်ကွက်မှုအကြိမ်အလိုက် အောက်ပါငွေပမာဏကိုပါ ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည် -

(၁) ပထမအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၁၀ သိန်း၊

(၂) ဒုတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၂၀ သိန်း၊

(၃) တတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၃၀ သိန်း၊

(၄) တတိယအကြိမ်အထက် ပျက်ကွက်ခြင်းအတွက် ကျပ်သိန်း ၆၀။

(ခ) အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချစေရမည့်ကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်အခွန် အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိဘဲရောင်းချကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိသောကုန်စည်ကို လက်ရှိပိုင်ဆိုင်ထားခြင်းအတွက် လက်ဝယ်ထားရှိသူက ယင်းကုန်စည်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။

၄၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ဖော်ပြပါ ကောက်ခံရဒဏ်ကြေးငွေများနှင့်စပ်လျဉ်း၍ ဆုကြေးငွေချီးမြှင့်ခြင်းကို အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်-

(က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကိုထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း၊ ပြေစာအားထုတ်ပေးသော်လည်း ကျသင့်အခွန်တန်ဖိုးနှင့်ညီမျှသော အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးရန်ပျက်ကွက်ခြင်းတို့အတွက် ဤဥပဒေပုဒ်မ ၄၀၊ ပုဒ်မခွဲ(က)အရ တပ်ရိုက်သည့်ဒဏ်ကြေးငွေ၊

(ခ) အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရန်သတ်မှတ်ထားသော ကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့်အတိုင်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိဘဲ ရောင်းချခြင်းအတွက် ဤဥပဒေပုဒ်မ ၄၀၊ ပုဒ်မခွဲ(ခ) အရ တပ်ရိုက်သည့်ဒဏ်ကြေးငွေ။

၄၂။ ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်းအတွက် သက်ဆိုင်ရာဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းထားစေကာမူ အကူးအပြောင်းကာလအတွင်း အခွန်ကောက်ခံမှုဆိုင်ရာလုပ်ငန်းများအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနသည် လိုအပ်သောလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၃။ နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့်စပ်လျဉ်း၍ ထုတ်ပြန်ခဲ့သည့်အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်၊ လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်၊ အများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက် စသည်တို့သည် ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**ပြည်ထောင်စု၏အခွန်အကောက်များကောက်ခံရန် မူလလျာထားချက်**

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရ၏ တာဝန်ခံဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၂၄ ခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၄,၇၂၀,၈၃၆.၉၂၃** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၁,၅၃၂.၈၆၅ |
| | ၂ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန်၊ | ၂,၇၉၆,၄၂၃.๙၉၄ |
| | ၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | သွင်းကုန်အတွက်လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊ | ၇,၅၀၀.၀၀၀ |
| | ၄ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊ | ၁၉,၁၇၄.၄၅၈ |
| | ၅ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊ | ၁၃၉,၆၅၂.၈၃၈ |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊ | ၁၅၃,၂၈၈.၆၀၅ |
| | ၇ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ခရီးလှည့်လည်ရေးလိုင်စင်၊ ဟိုတယ်နှင့်တည်းခိုရိပ်သာ လိုင်စင်၊ ဧည့်လမ်းညွှန် လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊ | ၄၅၄.၁၈၈ |
| | ၈ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အထူးကုန်စည်ခွန်၊ | ၁,၅၃၉,၇၈၈.၄၄၀ |
| | ၉ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ရတနာခွန်၊ | ၅၃,၉၇၀.၅၃၅ |
| | ၁၀ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းမှရရှိသည့် အခကြေးငွေများ၊ | ၈,၅၀၀.၀၀၀ |
| | ၁၁ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ကြေးရငွေ၊ | ၄၅၀.၀၀၀ |
| | ၁၂ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | မူပိုင်ခွင့်မှတ်ပုံတင်ကြေးရငွေများ | ၁၀၁.၀၀၀ |
| ၂ | | | **ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၃,၄၃၇,၃၅၃.၉၆၈** |
| | ၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဝင်ငွေခွန်၊ | ၃,၄၃၇,၃၅၃.၉၆၈ |
| ၃ | | | **အကောက်ခွန်** | **၄၆၀,၀၀၀.၀၀၀** |
| | ၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အကောက်ခွန်၊ | ၄၆၀,၀၀၀.၀၀၀ |
| ၄ | | | **နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ်ကောက်ခံသည့် အခွန်အကောက်** | **၇၆၀,၂၁၃.၃၇၇** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | မြေယာပေါ်တွင်ကောက်ခံသည့်အခွန်၊ | ၄၈.၈၃၃ |
| | ၂ | နေပြည်တော်ကောင်စီ | ရေခွန်၊ | ၁၃၆.၀၇၆ |
| | ၃ | ပြည်ထဲရေးဝန်ကြီးဌာန | တာတမံခွန်၊ | ၀.၃၃၆ |
| | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊ | ၃,၈၅၀.၀၀၀ |
| | ၅ | ပြည်ထဲရေးဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်း တွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊ | ၅၇.၃၀၀ |
| | ၆ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ငါးလုပ်ငန်းဆိုင်ရာအခွန်အခ၊ | ၅,၀၀၃.၃၀၀ |
| | ၇ | စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ | ၅၄၉,၄၇၃.၆၇၀ |
| | ၈ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့်တွင်းဝခွန်၊ | ၃၂,၂၅၀.၀၀၀ |
| | ၉ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့်အခွန်အခ၊ | ၁၅၅,၃၄၇.၁၆၂ |
| | ၁၀ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊ | ၁၂,၂၀၀.၀၀၀ |
| | ၁၁ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများ ထံမှကောက်ခံရရှိသည့်အခွန်။ | ၁,၈၄၆.၇၀၀ |
| စုစုပေါင်း | | | | **၉,၃၇၈, ၄၀၄.၂၆၈** |

နေပြည်တော် မတ် ၃၁

## အစိုးရဓမ္မာစရိယစာမေးပွဲ (စတုတ္ထနေ့)ကျင်းပ

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့(စတုတ္ထနေ့) နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၇ ဌာနတို့တွင် စာဖြေစာရင်းသွင်း ၁၃၆၈၆ ပါး/ဦး အနက် ၁၀၉၂၇ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၉ ဒသမ ၈၄ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

(သတင်းစဉ်)

ပဲခူး မတ် ၃၁

## ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၄ ခုနှစ် မတ်လအတွင်း ပြည်တွင်းရင်းနှီးမြှုပ်နှံမှု ငွေကျပ် ၅၆၅၄ ဒသမ ၇၃၆ သန်းဝင်ရောက်ခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်း ၅၆ ဦး ဖန်တီးပေးနိုင်

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၄) ကျင်းပသည်။



ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးတိုင်းဒေသကြီးသည် စီးပွားရေးလုပ်ငန်း ဆောင်ရွက်နိုင်သည့် နေရာဒေသကျယ်ဝန်းခြင်း၊ လုပ်သားပေါကြွယ်ဝခြင်း၊ တည်ရှိပြီး စက်ရုံ/အလုပ်ရုံများ၌ အလုပ်ရှင် အလုပ်သမားပြဿနာ မရှိခြင်းနှင့်အတူ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုများ စသည့်အခြေခံကောင်းများ ပိုင်ဆိုင်ထားပြီးဖြစ်၍ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံလိုသူများ လာရောက်ဆက်သွယ်ပြောကြားထားမှုများရှိကြောင်း၊ လာရောက်ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းရှင်များအားလုံးအတွက်လည်း လုပ်ငန်းများလွယ်ကူလျင်မြန်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအဘက်ဘက်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသလို တည်ရှိပြီး လုပ်ငန်းများထပ်မံတိုးချဲ့လုပ်ကိုင်လာကြကြောင်း၊ တက်ရောက်လာသည့် ကော်မတီဝင်များအနေဖြင့် တိုင်းဒေသကြီးအကျိုး၊ နိုင်ငံ့ကောင်းကျိုးရှေးရှု၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုတိုးတက်စေရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူးက ရာခိုင်နှုန်းပြည့်မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်မည့် Ayar Yoma Agriculture and Trading Co., Ltd. မှ အဆင့်မြင့်ဆန်အမျိုးမျိုး ကြိတ်ခွဲထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ်လျှောက်ထားလာမှုနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာမှုနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ထပ်မံဝင်ရောက်လာမည့် ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား Power Point ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာသည့် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များက ဒေသတွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုတိုးတက်ဝင်ရောက်နိုင်ရေး အခွင့်အလမ်းကောင်းများနှင့် လျင်မြန်လွယ်ကူစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးကဏ္ဍအလိုက် ပံ့ပိုးကူညီဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၄ ခုနှစ် မတ်လအတွင်း ပြည်တွင်းရင်းနှီးမြှုပ်နှံမှု ငွေကျပ် ၅၆၅၄ ဒသမ ၇၃၆ သန်း ဝင်ရောက်ခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်း ၅၆ ဦး ဖန်တီးပေးနိုင်ခဲ့သည်။ တိုင်းဒေသကြီးအတွင်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ရက်မှ ယနေ့အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၉၈ ဒသမ ၀၁၅ သန်း၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ကျပ် ၈၁၁၁၁ ဒသမ ၀၁၁ သန်းဝင်ရောက်ခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းစုစုပေါင်း ၁၁၅၃၇ ဦး ဖန်တီးပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

■ **ကျောဖုံးမှအဆက်**

အသက် ၁၇ နှစ်ထိ 35 Kg၊ 40 Kg၊ 50 Kg၊ 60 Kg၊ 80 Kg စသဖြင့် အုပ်စုခွဲကာ အတန်းလိုက်ယှဉ်ပြိုင်ခဲ့ကြပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသင်း ၁၃ သင်း၊ ပြိုင်ပွဲဝင်ကစားသမား အမျိုးသား၊ အမျိုးသမီးစုစုပေါင်း ၁၄၅ ဦးခန့်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

"ကစားနည်းတွေက အရင်ထက်ပိုကောင်းလာတယ်။ ပြိုင်ပွဲစည်းမျဉ်းလေးတွေလည်း ပြောင်းလဲလာတယ်။ ယှဉ်ပြိုင်တဲ့သူက သူထိုးငါထိုးချည်းပဲလုပ်လို့မရဘူး။ ပိတ်ရမယ်၊ ရှောင်ရမယ်၊ တန်ပြန်ကစားရမယ်။ အဲဒါတွေကို အမှတ်ပေးစည်းမျဉ်းထဲမှာ ပါလာတာဖြစ်ပါတယ်။ အရင်တုန်းက တောက်လျှောက်ထိုးတယ်။ သူများကန်လည်းမပိတ်ဘူး။ ထိုးလည်းမပိတ်ဘူး။ အဲလိုဆိုရင်တော့ အမှတ်လျှော့မှာဖြစ်ပါတယ်။ မေလမှာလည်း ပြည်နယ်နှင့်တိုင်းဒေသကြီးပြိုင်ပွဲတွေကျင်းပမှာဆိုတော့ ဒီရန်ကုန်ပြိုင်ပွဲကတော့ ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ လုပ်တာဖြစ်ပါတယ်" ဟု International Karate Organization Myanmar (IKO)၏ မြန်မာနိုင်ငံတာဝန်ခံ ဦးမင်းလွင်က ပြောသည်။

IKO ကရာတေးပြိုင်ပွဲ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲအား မေလအတွင်း ကျင်းပသွားရန်စီစဉ်ထားရှိကြောင်းလည်း သိရသည်။

ဝန်းရံခ

နေပြည်တော် မတ် ၃၁

## ၂၀၂၄ ခုနှစ် ဧပြီလ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင်အများအားဖြင့် သာယာနိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ကာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပါသည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ ကချင်ပြည်နယ်တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲခန့်မိုးထစ်ချုန်းရွာနိုင်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၃ ရက်မှ ၆ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁ ရက်မှ ၂ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေ့အပူချိန်**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဧပြီလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယက်နှင့်အထက်ပိုနိုင်ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဧပြီလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ ၃ ပေခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ ၂ ပေခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်ပါသည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၃ လက်မခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၃ လက်မမှ ၁ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၃ လက်မခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ၃ လက်မမှ ပေဝက်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၁ ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၁ ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၃ လက်မခန့် လက်ရှိရေမှတ်အောက်ကျဆင်းလာနိုင်ပါသည်။

(မိုး/ဇလ)

ပဲခူး မတ် ၃၁

# ပဲခူးတိုင်းဒေသကြီး၌ ၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပမည်

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ယမန်နေ့ မွန်းလွဲပိုင်းက ၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပသည်။



ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးတိုင်းဒေသကြီးအတွင်း ရှေးရိုးရာအစဉ်အလာမပျက် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့သည့် အလေ့အထကောင်းများအတိုင်း ယခုနှစ်တွင်လည်း မဟာသင်္ကြန်ပွဲတော်ကိုလည်း စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း၊ သင်္ကြန်နှင့်ယိမ်းခွဲခြားလို့မရသလို ယိမ်းပြိုင်ပွဲများအတွက် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမဆုနှင့် နှစ်သိမ့်ဆုအပါအဝင် စုစုပေါင်း ကျပ်သိန်း ၁၆၀ ဖြင့် ထိုက်ထိုက်တန်တန်ဆုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲသူများအားလုံးကို ဌာနဆိုင်ရာမဏ္ဍပ် ၁၈ ခုမှ နေ့စဉ်စတုဒိသာများ ကျွေးမွေးလှူဒါန်းသွားမည့်အပြင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ နေ့စဉ်လူဦးရေ ၃၀၀၀ ဦးစာ စတုဒိသာ(ထမင်းနှင့်ဟင်း) ကျွေးမွေးသွားမည်ဖြစ်ကြောင်း၊ သင်္ကြန်ပွဲတော်လာကလေးငယ်များအတွက် ရေလွှာလျှောစီးများလည်း ထည့်သွင်းပေးသွားမည်ဖြစ်ကြောင်း၊ သင်္ကြန်ကာလအတွင်း ယာဉ်မတော်တဆဖြစ်ပွားမှုမရှိစေရေး သက်ဆိုင်ရာဌာနများမှ စနစ်တကျထိန်းသိမ်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဆေးရုံများတွင် အရေးပေါ်ဌာနများ၌ လိုအပ်သည့်ဆေးဝါးများကြိုတင်ပြင်ဆင်ထားရန်လိုအပ်ကြောင်း၊ မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ဇိဝိတဒါနငါးလွှတ်ပွဲ၊ သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲများအပြင် နှစ်ဦးတရားဓမ္မသဘင်ပွဲများကိုလည်း အစဉ်အလာမပျက်ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း၊ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း လုံခြုံရေးအထူးဂရုပြုဆောင်ရွက်ကြရန်နှင့် ၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး အားလုံးပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများက ဇာတိုမဏ္ဍပ်ဆောက်လုပ်ခြင်း၊ ရေကစားမဏ္ဍပ်ဆောက်လုပ်ခြင်း၊ ခေတ်ပေါ်တေးဂီတဖျော်ဖြေခြင်း၊ ယိမ်းပြိုင်ပွဲကျင်းပခြင်း၊ ဆုချီးမြှင့်ခြင်းနှင့် စတုဒိသာကျွေးမွေးခြင်း စသည့်လုပ်ငန်းကော်မတီအလိုက် အသီးသီးတင်ပြဆွေးနွေးခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် ၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ရပ်ကွက်/ကျေးရွာအုပ်စု/ဌာနဆိုင်ရာ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့ ၁၉ ဖွဲ့၊ ဧည့်ခံဖျော်ဖြေရေးသီးခြားယိမ်းအဖွဲ့လေးဖွဲ့အပြင် မြို့တွင်း၌ သင်္ကြန်ကားဖြင့် ယိမ်းအဖွဲ့နှင့် တေးဂီတအဖွဲ့များက လိုက်လံဖျော်ဖြေတင်ဆက်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**

## အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုနှင့်အညီ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၂၀ (ဂ) တွင် သတ်မှတ်ပြဋ္ဌာန်းချက်အရ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို နိုင်ငံတော်၏မတည်ထောက်ပံ့ငွေဖြင့် ထူထောင်ထားရှိပြီး ဖြစ်ပါသည်။ အဆိုပါရန်ပုံငွေမှ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ရင်းနှီးငွေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် သက်သာသောအတိုးနှုန်းဖြင့် ထုတ်ချေးပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ MSME ချေးငွေများ ထုတ်ချေးရာတွင် အောက်ဖော်ပြပါလုပ်ငန်းများအား ဦးစားပေးအနေဖြင့် ထုတ်ချေးမည် ဖြစ်ပါသည်-

(က) တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်သည့်လုပ်ငန်းများ၊
(ခ) နိုင်ငံ၏ပို့ကုန်ဝင်ငွေတိုးတက်စေသည့်လုပ်ငန်းများ၊
(ဂ) ဒေသထွက်ကုန်ကြမ်းများကိုအခြေခံ၍ ထုတ်လုပ်သောလုပ်ငန်းများ၊
(ဃ) သွင်းကုန်အစားထိုးကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊
(င) ပြည်သူများ၏ အလုပ်အကိုင်ရရှိရေး ဖန်တီးပေးနိုင်သည့် လုပ်ငန်းများ၊
(စ) စွမ်းအင်ချွေတာရေးလုပ်ငန်းများ၊
(ဆ) လုပ်ငန်းအတွင်း စွန့်ပစ်ရေဆိုးများအား ထိန်းသိမ်းခြင်းနှင့် ပတ်ဝန်းကျင်အန္တရာယ် ကျရောက်မှုမှ ကင်းဝေးရန် ဆောင်ရွက်မည့်လုပ်ငန်းများ၊
(ဇ) ပြည်သူများ၏ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ရေး မြှင့်တင်နိုင်သည့်လုပ်ငန်းများ၊

၃။ MSME ချေးငွေ စည်းကမ်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | သတ်မှတ်ချက် |
|---|---|---|
| ၁ | MSME လုပ်ငန်းတစ်ခုသို့ အများဆုံးထုတ်ချေးမည့်ပမာဏ | အသေးစားစီးပွားရေးလုပ်ငန်းအတွက် ကျပ် (၁၀)သန်း၊<br>အငယ်စားစီးပွားရေးလုပ်ငန်းအတွက် ကျပ် (၅၀)သန်း၊<br>အလတ်စားစီးပွားရေးလုပ်ငန်းအတွက် ကျပ်(၁၀၀)သန်း၊<br>(မြန်မာ့အာမခံလုပ်ငန်း (သို့မဟုတ်) အခြား အာမခံကုမ္ပဏီတစ်ခုခု၏ CGI စနစ်ဖြင့် ရယူ ထုတ်ချေးလိုပါက မြန်မာ့အာမခံလုပ်ငန်း (သို့မဟုတ်) အခြားအာမခံကုမ္ပဏီနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည် ဖြစ်ပါသည်။) |
| ၂ | ချေးငွေအတိုးနှုန်းနှင့်သက်တမ်း | (က) Fixed Capital အနည်းဆုံး (၃၀%)နှင့်အထက် အသုံးပြုမည့်ချေးငွေ၊ အတိုးနှုန်း တစ်နှစ်လျှင်(၃%) နှင့် ချေးငွေသက်တမ်း အများဆုံး (၃)နှစ်၊<br>(ခ) Working Capital (၁၀၀%)အသုံးပြုမည့်ချေးငွေ၊ အတိုးနှုန်းတစ်နှစ်လျှင် (၄%) နှင့် ချေးငွေသက်တမ်း အများဆုံး (၁)နှစ် (၆)လ၊<br>(ဂ) CGI စနစ်ဖြင့် ထုတ်ချေးမည့် ချေးငွေ၊ အတိုးနှုန်း တစ်နှစ်လျှင် (၅%)၊ (CGI စနစ်ဖြင့် ငွေချေးယူသူသည် အထက်ပါအတိုးနှုန်းတစ်နှစ်လျှင် (၅%) အပြင် မြန်မာ့အာမခံလုပ်ငန်း (သို့မဟုတ်) အခြားအာမခံ ကုမ္ပဏီတစ်ခုခု၏ ပရီမီယံကြေးနှုန်းကို ထပ်ဆောင်းကျခံရမည် ဖြစ်ပါသည်။) |
| ၃ | ချေးငွေအတွက်အာမခံ | ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ ချေးငွေလုံခြုံမှုအတွက် အာမခံပေးအပ်ရပါမည်။ |

၄။ MSME ချေးငွေလျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည် ဖြစ်ပါသည်-
(က) စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနက ထုတ်ပေးသော SME Member Card (သို့မဟုတ်) ယာယီမှတ်ပုံတင်လက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။
(ခ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ သက်တမ်းရှိ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ပြသနိုင်သူ ဖြစ်ရမည်။
(ဂ) ကုမ္ပဏီဖြစ်ပါက မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ (The Myanmar Companies Law) အရ မှတ်ပုံတင်ထားသည့်ကုမ္ပဏီ ဖြစ်ရမည်။
(ဃ) ချေးငွေအား ပြန်လည်ပေးဆပ်နိုင်မည့် ခိုင်လုံသောစီးပွားရေးအခြေအနေရှိရမည်။
(င) ဤချေးငွေကိုမရယူမီ မြန်မာ့စီးပွားရေးဘဏ်အပါအဝင် ငွေရေးကြေးရေး အဖွဲ့အစည်းများတွင် ချေးငွေရယူထားပါက ချေးငွေပြေကြေပြီးသူဖြစ်ရမည်။
(စ) ချေးငွေအတွက် ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ လုံလောက်သောအာမခံ ပေးအပ်ရမည်။
(ဆ) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များတွင် ဖွင့်လှစ်ထားသော MSME Agency များမှ လုပ်ငန်းအမှန်တကယ်လုပ်ကိုင်ဆောင်ရွက်နေကြောင်း ထောက်ခံချက် တင်ပြနိုင်ရမည်။

၅။ အသေးစား၊အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ထုတ်ချေးသော ချေးငွေကို ရယူလိုသူ MSME လုပ်ငန်းရှင်များအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီရုံးခွဲများမှတစ်ဆင့် ချေးငွေများ စတင်လျှောက်ထားနိုင်ပါသည်။ ချေးငွေလျှောက်ထားသူ MSME လုပ်ငန်းရှင်များအား မြန်မာ့စီးပွားရေးဘဏ်မှ စတင်ထုတ်ချေးမည် ဖြစ်ပြီး နောင်တွင် အခြားပုဂ္ဂလိကဘဏ်များကပါ ပါဝင်ထုတ်ချေးနိုင်ရန် ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နီးစပ်ရာ MSME အေဂျင်စီရုံးခွဲများသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ**
**ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

# စိုက်ပျိုးရေးအကျိုးပြု အဏုဇီဝဖော်ရည်

မောင်ကျော်ဇော(ရှင်မတောင်နံ့သာမြေ)

> **အကျိုးပြုအဏုဇီဝဖော်ရည်သည် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ရောဂါကာကွယ်ဆေးများကဲ့သို့ ဓာတုပစ္စည်းများမဟုတ်ပါ။ အကျိုးပြုအဏုဇီဝသည် သက်ရှိများဖြစ်၍ ၎င်းတို့၏ပြုမူချက်သည် ဓာတုပစ္စည်းများ၏ ပြုမူချက်နှင့်များစွာကွာခြားသည်။ အကျိုးပြုအဏုဇီဝသည် ၎င်းတို့နှစ်သက်သောပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ပါက လျင်မြန်စွာမျိုးပွား၍ များစွာကောင်းကျိုးပြုစေနိုင်သည်။**

အကျိုးပြုအဏုဇီဝဖော်ရည် တစ်နည်းအားဖြင့် အီးအမ်(EM) (EFFECTIVE MICRO-ORGANISM)ဆိုသည်မှာ သီးနှံအထွက်တိုးစေသည့် အကျိုးပြုအဏုဇီဝသက်ရှိများဖြစ်သော မှိုမျှင်၊ ဗက်တီးရီးယားနှင့်တဆေးတို့ပါဝင်သော ဖော်ရည်ဖြစ်သည်။

ဘိုကာရှိ(BOKASHI)ဆိုသည်မှာ အထက်ဖော်ပြပါ EM ကို လယ်ယာထွက် စွန့်ပစ်ပစ္စည်းများ၊ တိရစ္ဆာန်ချေးများနှင့် စနစ်တကျရောနှောပြီး မွေးမြူခြင်းဖြင့်ရရှိလာသော မြေဆွေးဖြစ်သည်။ ယခုအချိန်တွင် မြန်မာ GAP(Good Agriculture Practive) ဆောင်ရွက်နည်းစနစ်နှင့် အော်ဂဲနစ်(Organic) စိုက်ပျိုးရေးနည်းစနစ်တို့ဖြင့် ဦးတည်ဆောင်ရွက်လျက်ရှိသည်။

မြန်မာ GAP ဆောင်ရွက်နည်းစနစ်သည် သီးနှံများထုတ်လုပ်စဉ်၊ ရိတ်သိမ်းစဉ်နှင့် ရိတ်သိမ်းပြီးနောက်ပိုင်းကိုင်တွယ်ခြင်းလုပ်ငန်းများတွင် ဖြစ်ပေါ်လာနိုင်သည့် ထွက်ကုန်များ၏အန္တရာယ်ဖြစ်စေမှုမှလျော့နည်းစေရန် ရည်ရွယ်သည်။ မြန်မာ GAP သည် အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းစေရန်၊ ထုတ်ကုန်အရည်အသွေးကောင်းမွန်စေရန်၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေရန် လယ်သမားများ၏ကျန်းမာရေးနှင့်လူမှုဘဝသာယာဝပြောရေးတို့ကို ထည့်သွင်းစဉ်းစားဆောင်ရွက်သော စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများဖြစ်သည်။

အော်ဂဲနစ်စိုက်ပျိုးရေးစနစ်မှာ ဘေးထွက်ဆိုးကျိုးရှိသည့်ဓာတုဆေးနှင့် ဓာတ်မြေသြဇာများသုံးစွဲမှုမရှိခြင်း၊ သက်ရှိသတ္တဝါများနှင့်လိုက်လျောညီထွေတည်ရှိခြင်း၊ သက်ရှိသတ္တဝါမျိုးပြားများကို ထိန်းသိမ်းကာကွယ်ပေးခြင်း၊ ကျန်းမာစေခြင်း၊ မြေဆီလွှာအတွင်းရှိ အဏုဇီဝပိုးများစွာကို စွမ်းဆောင်ရည်တိုးတက်စေခြင်း၊ မြေဆီလွှာ၏ဂုဏ်သတ္တိကို ပိုမိုကောင်းမွန်စေခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ရေရှည်တည်တံ့ထိန်းသိမ်းစေနိုင်သောစိုက်ပျိုးထုတ်လုပ်မှုစနစ်ဖြစ်သည်။

အဆိုပါဦးတည်ချက်များ ဆောင်ရွက်နိုင်ရေးအတွက်အီးအမ်ဘိုကာရှိ မြေဆွေးပြုလုပ်သုံးစွဲခြင်း၊ တီကောင်စွန့်ပစ်မြေသြဇာ၊ တီဆေးရည်များ ထုတ်လုပ်သုံးစွဲခြင်း၊ ရိုင်ခိုဒါးမားမှို၊ အော်ဂဲနစ်စနစ်ဖြင့် ထုတ်လုပ်နိုင်သော ရွက်ဖျန်းအားဆေးများ၊ ငါးအမိုင်နိုအက်စစ် (အပင်အားတိုးဆေးရည်)၊ အင်ဇိုင်းအသီးအပွင့် အားဆေးရည်၊ သဘာဝပိုးသတ်ဆေးများဖြစ်သော ဆေးရွက်ကြီး၊ တမာ၊ ကြက်သွန်မြိတ်ပိုးသတ်ဆေးရည်၊ ငရုတ်သီးပိုးသတ်ဆေးရည်၊ ဒုတ္တာဆေးရည်၊ မှိုသတ်ဆေး စသည်တို့ကို ပြုလုပ်သုံးစွဲကြရမည်ဖြစ်သည်။ သို့ဖြစ်ရာ ၎င်းအချက်များမှ အီးအမ်ဘိုကာရှိ မြေဆွေးပြုလုပ်သုံးစွဲခြင်းအတွက် အကျိုးပြုအဏုဇီဝဖော်ရည်အကြောင်း သိကောင်းစရာများကို ရေးသားဖော်ပြလိုက်သည်။

**အကျိုးပြုအဏုဇီဝဖော်ရည်သုံးစွဲခြင်း၏ရည်ရွယ်ချက်**

စိုက်ပျိုးမြေများ၏ ရုပ်ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိနှင့်ဇီဝဂုဏ်သတ္တိများ တိုးတက်ကောင်းမွန်လာစေရန်၊ ရုပ်ဂုဏ်သတ္တိတိုးတက်၍ မြေသားတည်ဆောက်မှုပိုမိုကောင်းလာသည်နှင့်အမျှ မြေ၏ရေထိန်းစွမ်းအားတိုးတက်လာစေရန်၊ မြေတွင်ချို့တဲ့နေသောအာဟာရဓာတ်(ဥပမာ-နိုက်ထရိုဂျင်)များတိုးပွားလာစေရန်၊ မြေတွင်ပျော်ဝင်ရန်ခက်ခဲသော အာဟာရဓာတ်(ဥပမာ-ဖော့စဖားရပ်ဓာတ်)များပျော်ဝင်နိုင်စွမ်းအား ကောင်းမွန်လာပြီး သီးနှံပင်များက အလွယ်တကူစားသုံးနိုင်စေရန်၊ သဘာဝမှရရှိသော သစ်ရွက်၊ သစ်မြစ်၊ ပင်စည်၊ အမှိုက်များကို မြေဆီထက်သန်စေရေးအတွက် အကျိုးရှိစွာအသုံးချနိုင်ရန်၊ သစ်ပင်ရုပ်ကြွင်းများ အလွယ်တကူပုပ်ဆွေး၍အပင်အတွက်လိုအပ်သော အာဟာရဓာတ်များ လျင်မြန်စွာထုတ်လွှတ်ပေးနိုင်ရန်၊ မြေဆီသြဇာတိုးတက်လာသည်နှင့်အမျှ ရေရှည်တွင် မြေ၏သီးနှံထုတ်လုပ်နိုင်စွမ်းအား တဖြည်းဖြည်းတိုးတက်လာစေရန်၊ စိုက်ပျိုးသူနှင့် စားသုံးသူနှစ်ဦးလုံးအတွက် အန္တရာယ်ကင်းသော နည်းပညာဖြစ်သဖြင့် ကျန်းမာရေးကိုပိုမိုကောင်းမွန်လာစေသောအစားအစာနှင့်သီးနှံများထုတ်လုပ်ပေးနိုင်ရန်၊ သဘာဝပတ်ဝန်းကျင်ကိုပျက်စီးခြင်း၊ ညစ်ညမ်းခြင်း မဖြစ်စေဘဲ ပို၍ကောင်းမွန်အောင် ထိန်းသိမ်းပေးရန်၊ ဓာတုပစ္စည်းများအသုံးပြုသော စိုက်ပျိုးရေးနည်းစံစနစ်များနှင့်စာလျှင် ကုန်ကျစရိတ်နည်းပါးသဖြင့် စိုက်ပျိုးသူအတွက် ပိုမို၍စီးပွားရေးတွက်ခြေကိုက်မှုရရှိစေရန်နှင့် မြေသားတည်ဆောက်မှုနှင့် မြေဆီသြဇာတဖြည်းဖြည်းတိုးတက်လာ၍ မြေဆီလွှာ၏သီးနှံထုတ်လုပ်နိုင်စွမ်းအားတစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်လာပြီး ရေရှည်တွင် အကျိုးအမြတ်ပိုမိုရရှိစေရန် ဤအကျိုးပြုအဏုဇီဝဖော်ရည်ကို လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် သုံးစွဲရခြင်းဖြစ်သည်။

**အကျိုးပြုအဏုဇီဝနှင့်ပတ်သက်၍ သိသင့်သောအချက်များ**

အကျိုးပြုအဏုဇီဝဖော်ရည်သည် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ရောဂါကာကွယ်ဆေးများကဲ့သို့ ဓာတုပစ္စည်းများမဟုတ်ပါ။ အကျိုးပြုအဏုဇီဝသည် သက်ရှိများဖြစ်၍ ၎င်းတို့၏ပြုမူချက်သည် ဓာတုပစ္စည်းများ၏ ပြုမူချက်နှင့် များစွာကွာခြားသည်။ အကျိုးပြုအဏုဇီဝသည် ၎င်းတို့နှစ်သက်သောပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ပါက လျင်မြန်စွာမျိုးပွား၍ များစွာကောင်းကျိုးပြုစေနိုင်သည်။ ဥပမာ-၎င်းတို့စားသုံးရန် အစာအဖြစ် သက်ရှိရုပ်ကြွင်းများ လုံလောက်အောင်ထည့်ပေးခြင်း၊ အာဟာရအဖြစ် နိုက်ထရိုဂျင်ပါဝင်သောပစ္စည်းများ (ဥပမာ-ဖွဲနု၊ ပဲဖတ်၊ နှမ်းဖတ်၊ နွားချေး၊ ကြက်ချေး)များ ထည့်ပေးခြင်း၊ ရေလိုပါက လုံလောက်မှုရှိအောင် ဖန်တီးပေးခြင်း၊ အပူချိန်မနိမ့်လွန်းခြင်း၊ မမြင့်လွန်းခြင်း၊ သက်ရှိများသေစေနိုင်သည့်ဓာတုပစ္စည်းများကို အကျိုးပြုအဏုဇီဝနှင့်ရော၍ လွန်ကြူးအောင်မထည့်မိစေရန် ဂရုစိုက်ပါ။ သက်ရှိများမခံမရပ်နိုင်လောက်သည့်အပူချိန်သို့ မြင့်တက်ခြင်းမရှိစေရန်သတိပြုပါ။ (ဥပမာ-၄၅ ဒီဂရီစင်တီဂရိတ်) အသင့်သုံးအကျိုးပြုအဏုဇီဝဖော်ရည် ပြုလုပ်ရန်မသန့်ရှင်းသောရေကိုမသုံးပါနှင့်။ သန့်ရှင်းသောရေရရန်ခက်ခဲလျှင် ရရာရေကို ပွက်ပွက်ဆူအောင်ကျိုချက်ပြီး အအေးခံ၍ပြန်သုံးနိုင်သည်။ အကျိုးပြုအဏုဇီဝ၏အာနိသင်သည် တဖြည်းဖြည်းသာတွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် အကျိုးပြုအဏုဇီဝ၏ အကျိုးပြုမှုနှင့် အာနိသင်ကို ရုတ်တရက် အချိန်တိုတိုအတွင်း မြင်တွေ့ရမည်ဟု မမျှော်လင့်ပါနှင့်။ မြေအတွင်း မူလရှိပြီးသက်ရှိများနှင့် အပြန်အလှန်ပဋိပက္ခဖြစ်နေရသဖြင့် အစဦးပိုင်းတွင် အကျိုးပြုအဏုဇီဝ၏ အာနိသင်ကို တွေ့ရခဲသည်။ သို့ဖြစ်ပါ၍ အစဦးပိုင်းတွင် အကျိုးပြုအဏုဇီဝကို များများသုံးရန်လိုအပ်သည်။ မြေတွင် အပင်များအတွက် အကျိုးပြုအဏုဇီဝအရေအတွက် လုံလောက်သော အဆင့်သို့ရောက်သောအခါ အကျိုးပြုအဏုဇီဝအသုံးချမှုကို တစ်ဆင့်ပြီးတစ်ဆင့် လျှော့ချသွားနိုင်သည်။ အကျိုးပြုအဏုဇီဝသည် ပိုးမွှားနှင့်ရောဂါများကို နှိမ်နင်းရာတွင် ပိုးသတ်ဆေးများသုံးသကဲ့သို့ ပိုးမွှားများကို ရုတ်တရက်သေဆုံးအောင်မပြုလုပ်နိုင်ပါ။ သို့ဖြစ်ပါ၍ ရောဂါမဖြစ်မီ၊ ပိုးမွှားမကျမီ အကျိုးပြုအဏုဇီဝကိုကြိုတင်၍ ဖျန်းပေးခြင်းသာလျှင် အကောင်းဆုံးနည်းဖြစ်သည်။ ရောဂါကျမှ၊ ပိုးကောင်တွေ့မှ အကျိုးပြုအဏုဇီဝဖျန်းလျှင် နောက်ကျမည်ဖြစ်၍ သတိပြုရမည်။ အကျိုးပြုအဏုဇီဝကို သိုလှောင်ရာတွင် ပြင်းသောနေရောင်ခြည်တိုက်ရိုက်ကျရောက်သော အခန်းတွင်မထားပါနှင့်။ အကျိုးပြုအဏုဇီဝဖျန်းရာတွင် ပြင်းသောနေပူဒဏ်ကို ရုတ်တရက်မခံရစေရန် ညနေပိုင်းတွင်ဖျန်းပါ။ မိုးအုံ့ပါက နံနက်ပိုင်းတွင်လည်း ဖျန်းနိုင်သည်။ အကျိုးပြုအဏုဇီဝဖျန်းပြီးနောက် ချက်ချင်းစိုက်ခင်းမှ ရေထုတ်မပစ်မိစေရန်သတိပြုပါ။ ဖြစ်နိုင်လျှင် အကျိုးပြုအဏုဇီဝထည့်ပြီးနောက် တစ်ပတ်ခန့် ရေမထုတ်ပါနှင့်။ အသင့်သုံးအကျိုးပြုအဏုဇီဝဖော်ရည်ကို ပြုလုပ်ပြီးတစ်ပတ်အတွင်းအသုံးပြုပါ။ တစ်ပတ်ထက်ကျော်လွန်ပါက အနံ့ဆိုးများထွက်လျှင်၊ အရောင်မည်းသွားလျှင် အကျိုးပြုအဏုဇီဝဖော်ရည်ကို အသုံးမပြုဘဲ သွန်ပစ်ရပါမည်။ အကျိုးပြုအဏုဇီဝသည် သက်ရှိဖြစ်၍ ရေရှိလျှင် တစ်နေရာမှတစ်နေရာသို့ ရွေ့လျားသွားနိုင်သည်။ အကျိုးပြုအဏုဇီဝများ လုံလောက်စွာပါဝင်သော အဆင့်သို့ရောက်ရှိသောအခါ မြေသည် အနံ့အသက်ဆိုးများမရှိတော့ဘဲ ကောင်းသော အနံ့အသက်များရှိလာမည်။ မြေသားတည်ဆောက်မှု ကောင်းလာမည်။ အပေါ်ယံမြေသားထူလာမည်။ ရေထိန်းစွမ်းအားကောင်းလာမည်။ မြေထဲသို့ တုတ်ချွန်တစ်ချောင်းဖြင့် ထိုးသွင်းပါက များစွာအားမစိုက်ရဘဲ တစ်နှစ်ထက်တစ်နှစ်ပို၍နက်စွာဝင်သွားမည်။ သာမန်အားဖြင့် သီးနှံတစ်မျိုးကို ထပ်ခါတလဲလဲ စိုက်ပျိုးလျှင် မြေဆီထက်သန်မှု လျင်မြန်စွာကျဆင်းသဖြင့် သီးနှံအထွက်နှုန်းကို ထိခိုက်စေနိုင်သည်။ အကျိုးပြုအဏုဇီဝကို အသုံးပြုရာတွင် အကျိုးအမြတ်ရရှိရေးကို ဆန္ဒမစောဘဲ ရည်မှန်းချက်များကို အောက်ပါအတိုင်း တစ်ဆင့်ပြီးမှ တစ်ဆင့်သတ်မှတ်၍ ဆောင်ရွက်ပါ။ အဆင့်(၁)-မြေဆီဓာတ်ကျဆင်းမှုကိုကာကွယ်ရန်၊ အဆင့်(၂)-မြေဆီဓာတ်ကို မူလရှိပြီး အခြေအနေတွင် ထိန်းသိမ်းထားရန်၊ အဆင့်(၃)-မြေဆီဓာတ်ကို တစ်နှစ်ပြီးတစ်နှစ် ပိုကောင်းလာစေရန်နှင့် သီးနှံအထွက်နှုန်းကို မြှင့်တင်ရန်ဖြစ်သည်။ အကျိုးပြုအဏုဇီဝသုံးခြင်းသည် ရေတိုထက် ရေရှည်တွင်ပို၍ကောင်းစေသည်။ အကျိုးပြုအဏုဇီဝသုံးရာတွင် ရုတ်တရက်အထွက်တိုးရန် ခက်ခဲသော်လည်း ရေရှည်တွင်သွင်းအားစုလိုအပ်ချက်သည် တစ်နှစ်ထက်တစ်နှစ် လျော့နည်းသွားပြီး သီးနှံအထွက်နှုန်းသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာမည်ဖြစ်သည်။ အကျိုးပြုအဏုဇီဝသည် စိုက်ပျိုးသူ၊ စားသုံးသူနှင့် သီးနှံပင်များကို မည်သည့်အန္တရာယ်မျှပေးမည်မဟုတ်ပါ။ ထို့ကြောင့် အသုံးပြုစနစ်တွင် ပို၍များများသုံးခြင်းအားဖြင့် အကျိုးသက်ရောက်မှု မြန်မြန်ရစေနိုင်သည်။

**အသင့်သုံးရန် အကျိုးပြုအဏုဇီဝဖော်ရည်ဖော်စပ်နည်း**

လိုအပ်သောပစ္စည်းများမှာ အကျိုးပြုအဏုဇီဝဖော်ရည်အပြင်းစား၊ တင်လဲရည်နှင့် ရေတို့ဖြစ်သည်။ ဖော်စပ်နည်းမှာ သန့်ရှင်းစင်ကြယ်သော ပုံး သို့မဟုတ် စဉ့်အိုးတစ်ခုတွင်အကျိုးပြုအဏုဇီဝဖော်ရည်အပြင်းစား တစ်ဆ၊ တင်လဲရည် လေးဆ၊ ရေ ၉၅ ဆတို့ကို ရောစပ်၍ လေလုံအောင်ပိတ်ထားပါ။ တစ်ရက်လျှင် နှစ်ကြိမ် သို့မဟုတ် သုံးကြိမ်ခန့် သမအောင်မွှေပေးခြင်း သို့မဟုတ် လှုပ်ပေးခြင်းပြုလုပ်ပါ။ ဓာတ်ငွေ့များထွက်လာပါက အပေါက်ကိုခေတ္တဖွင့်၍ လေလုံအောင်ပြန်ပိတ်ပါ။ နေရောင်ခြည်တိုက်ရိုက်မရသော အရိပ်၊ အေးသောနေရာတွင်ထားပါ။ သုံးရက်မှ ခုနစ်ရက်ခန့်ကြာလျှင် အဝါနုရောင်သို့ပြောင်းသွားသောအခါ အသုံးပြုရန်အဆင်သင့်ဖြစ်သည်။ အကျိုးပြုအဏုဇီဝဖော်ရည် မဖျန်းမီ မြေအတွင်းသစ်ပင်ရုပ်ကြွင်းများ၊ အမှိုက်သရိုက်များရှိပါက သို့မဟုတ် ထည့်ပေးနိုင်ပါက ပို၍အကျိုးသက်ရောက်မှုရှိသည်။ အကျိုးပြုအဏုဇီဝဖော်ရည် မဖျန်းမီ မြေခံအဖြစ် နွားချေး သို့မဟုတ် သစ်ဆွေးတစ်ဧကလျှင်လှည်းသုံးစီးမှ ငါးစီးခန့် ထည့်ပေးနိုင်လျှင် ပို၍ အကျိုးသက်ရောက်မှုရရှိမည်။ အသင့်သုံးအဏုဇီဝဖော်ရည်ကို ဖော်စပ်ပြီးနောက် ပူပြင်းသောရာသီဥတုတွင် တစ်ပတ်အတွင်း အသုံးပြုသင့်သည်။ အေးသောရာသီဥတုတွင် အသုံးမပြုမီ တစ်ပတ်ထက်ပို၍ သိုလှောင်ထားနိုင်သည်။ အသင့်သုံးအဏုဇီဝဖော်ရည်ကိုမသုံးမီ ရေအဆ ၅၀၀ မှ ၁၀၀၀ အထိ ရောစပ်ပြီးမှ အပင်နှင့် မြေပေါ်သို့ ဖျန်းပေးရမည်။

**အကျိုးပြုအဏုဇီဝဖော်ရည် (၅) (EM-5) ဖော်နည်း**

အကျိုးပြုအဏုဇီဝဖော်ရည် (၅)ကို သီးနှံပင်များတွင် ကျရောက်မည့်ရောဂါနှင့် ပိုးမွှားများကြိုတင်ကာကွယ်ရာတွင် အသုံးပြုနိုင်သည်။

လိုအပ်သောပစ္စည်းများမှာ အသင့်သုံးအကျိုးပြုအဏုဇီဝဖော်ရည် ၁၀၀ စီစီ၊ တင်လဲရည် ၁၀၀ စီစီ၊ ရှလကာရည် ၁၀၀ စီစီ၊ အရက်ပြန် ၁၀၀ စီစီ၊ ရေ ၆၀၀ စီစီ စုစုပေါင်း ၁၀၀၀ စီစီဖြစ်သည်။

**စာမျက်နှာ ၁၄ သို့ ♦**

♦ စာမျက်နှာ ၁၃ မှအဆက်

အဆိုပါပစ္စည်းများကို ပုံးတစ်ခုတွင် သမအောင်ရော၍ လေလုံအောင်ပိတ်ထားရမည်။ တစ်ရက်လျှင် နှစ်ကြိမ်ခန့်သမအောင်မွှေပေးခြင်း သို့မဟုတ် လှုပ်ပေးခြင်းပြုလုပ်ပါ။ ဓာတ်ငွေ့များထွက်သွားစေရန် အပိတ်ကို ခေတ္တဖွင့်၍ လေလုံအောင်ပြန်ပိတ်ပါ။ နေရောင်ခြည်တိုက်ရိုက်မရသော အရိပ်၊ အေးသော နေရာတွင်ထားပါ။ သုံးရက်မှ ခုနစ်ရက်ခန့်ကြာလျှင် အသုံးပြုရန်အဆင်သင့်ဖြစ်သည်။

### ဘိုကာရှိပြုလုပ်နည်း

လိုအပ်သောပစ္စည်းများမှာ (၁) ကောက်ရိုး၊ ပဲရိုး၊ နှမ်းရိုး၊ သစ်ရွက်ခြောက်၊ ခြံထွက်အမှိုက်သရိုက်များ၊ (၂) နွားချေး သို့မဟုတ် ကြက်ချေး၊ (၃)ဖွဲနု၊ (၄)အကျိုးပြုအဏုဇီဝဖျော်ရည်အပြင်းစား၊ (၅)တင်လဲရည်၊ (၆) ရေစည်ပိုင်းပြတ်တစ်ခုတွင် အကျိုးပြုအဏုဇီဝဖျော်ရည်အပြင်းစား တစ်ဆ၊ တင်လဲရည်တစ်ဆနှင့် ရေ ၉၀ ဆရော၍ မွှေပေးပါ။ ကောက်ရိုး၊ ပဲရိုး၊ နှမ်းရိုး၊ သစ်ရွက်ခြောက်၊ ခြံထွက်အမှိုက်သရိုက်များကို အထက်ပါဖျော်ရည်တွင် ခေတ္တနှစ်၍ပြန်ဆယ်ပါ။ ရေစစ်အောင်ခေတ္တစောင့်၍ မိမိနှစ်သက်သလို စတုဂံပုံဖြစ်စေ၊ စတုရန်းပုံဖြစ်စေ မြေပေါ်တွင်ညီညာစွာဖြန့်ပါ။ အမြင့်ခြောက်ပေခန့် ညီညာစွာပုံ၍ ၎င်းအပေါ်တွင် နွားချေး သို့မဟုတ် ကြက်ချေးကိုဖြူးပါ။ ဖွဲနုအနည်းငယ်ကိုလည်း ဖြူးပါ။ ၎င်းအပေါ်တွင် ဖျော်ထားသော အဏုဇီဝဖျော်ရည်တွင် ခေတ္တစိမ်ထားသော ကောက်ရိုး၊ ပဲရိုး၊ နှမ်းရိုး၊ သစ်ရွက်ခြောက်၊ ခြံထွက်အမှိုက်သရိုက်တစ်လွှာထပ်၍ပုံပါ။ ၎င်းအပေါ်တွင် နွားချေး သို့မဟုတ် ကြက်ချေးနှင့် ဖွဲနုအနည်းငယ်ကိုလည်းဖြူးပါ။ ဤကဲ့သို့ တစ်လွှာပြီးတစ်လွှာထပ်၍ပုံပါ။ အမြင့်သုံးပေခန့် သို့မဟုတ် မိမိနှစ်သက်သော အမြင့်သို့ရောက်လျှင် ပလတ်စတစ်ဖြင့် တစ်ပုံလုံးကိုလုံအောင်အုပ်ပါ။ ပလတ်စတစ်မရှိလျှင် မြွေရေခွံအိတ်ဟောင်း သို့မဟုတ် ဂုန်နီအိတ်ဟောင်းဖြင့် အုပ်နိုင်သည်။ အခက်အခဲရှိလျှင် ကောက်ရိုးဖြင့်လည်း အုပ်နိုင်သည်။ အဏုဇီဝများ အလုပ်လုပ်သောအခါ အပူချိန်မြင့်တက်လာတတ်သည်။ အပူချိန် ၄၅ ဒီဂရီစင်တီဂရိတ်ထက်ကျော်ပါက အပူချိန်လျော့ကျစေရန် အုပ်ထားသော ပလတ်စတစ်ကို ခေတ္တခွာပေးပါ။ ၎င်းနောက်လုံအောင်ပြန်ဖုံးပါ။ ခုနစ်ရက်ခန့်ကြာလျှင် သစ်ဆွေးပုံထဲ၌ အဖြူရောင်မှိုမျှင်များထွက်လာမည်ဖြစ်ပြီး ထည့်ထားသောသစ်ပင်ရုပ်ကြွင်းများ ဆွေးမြည့်စပြုပြီဖြစ်ကြောင်း တွေ့ရပေမည်။ စတင်ပြုလုပ်ချိန်မှစ၍ တစ်ပတ်မှ နှစ်ပတ်အတွင်း ၎င်းဘိုကာရှိကို သီးနှံစိုက်ပျိုးရာတွင် မြေဆွေးအဖြစ်အသုံးပြုနိုင်သည်။

### စူပါဘိုကာရှိပြုလုပ်နည်း

လိုအပ်သောပစ္စည်းများမှာ စပါးခွံ၊ ဖွဲနု၊ စက်ဖွဲပြာ၊ နွားချေး၊ အကျိုးပြုအဏုဇီဝဖျော်ရည်အပြင်း၊ တင်လဲရည်၊ ရေတို့ဖြစ်သည်။ စပါးခွံ တစ်ဆ၊ ဖွဲနု တစ်ဆ၊ စက်ဖွဲပြာ တစ်ဆနှင့် နွားချေးတစ်ဆတို့ကို သမအောင်ရော၍မွှေပါ။ အကျိုးပြုအဏုဇီဝဖျော်ရည်အပြင်းစား တစ်ဆ၊ တင်လဲရည် တစ်ဆနှင့် ရေ ၉၀ ဆတို့ရော၍ သမအောင်ဖျော်ထားသောအရည်ကို ရေဖျန်းကရားတစ်ခုတွင်ထည့်၍ အထက်ပါ ရောမွှေထားသော ပစ္စည်းများပေါ်တွင် နည်းနည်းချင်းဖျန်း၍ သမအောင်မွှေပေးပါ။ အစိုဓာတ် ၃၀ ရာခိုင်နှုန်းခန့်ရရှိရန်အဏုဇီဝဖျော်ရည်ကို ဖျန်းရမည်။ ရောမွှေထားသောပစ္စည်းများကို လက်ဖြင့်ဆုပ်ကြည့်ပါက လက်ကြားမှ အရည်များစိမ့်ထွက်လာခြင်းမရှိစေဘဲ ရောမွှေထားသော ပစ္စည်းများသည် လက်ဖဝါးတွင် အစိုင်အခဲဖြစ်လာလျှင် ၎င်းသည် အစိုဓာတ် ၃၀ ရာခိုင်နှုန်းခန့်ပါဝင်သည်ဟု မှတ်ယူနိုင်သည်။ ထိုအခါ ပစ္စည်းများကို ပလတ်စတစ်အိတ်တစ်ခုတွင်ထည့်၍ လေလုံအောင်စည်းပြီး ပိတ်ထားရမည်။ အပူချိန် တဖြည်းဖြည်းမြင့်တက်သဖြင့် ၄၅ ဒီဂရီစင်တီဂရိတ်ထက်မြင့်ပါက စည်းထားသောကြိုးကိုဖြေ၍ အိတ်ကို ခေတ္တဖွင့်ပြီး ပြန်ပိတ်ထားရမည်။ စတင်ပြုလုပ်ချိန်မှ နွေရာသီတွင် ၃-၄ ရက်အတွင်း၊ ဆောင်းရာသီတွင် ၇-၁၀ ရက်အတွင်း အသုံးပြုရန်အဆင်သင့်ဖြစ်ပေသည်။ အကယ်၍ ပြုလုပ်ပြီး စူပါဘိုကာရှိကိုအသုံးမပြုလိုသေးပါက နေရိပ်သောနေရာတွင်ဖြန့်၍ လေသလပ်ခံခြောက်စေပြီး အိတ်တွင်ပြန်ထည့်၍ လေးလမှ ခြောက်လအထိ သိုလှောင်ထားနိုင်သည်။

### လက်တွေ့အသုံးပြုနည်းများ
### အသင့်သုံးအကျိုးပြုအဏုဇီဝဖျော်ရည်သုံးစွဲနည်း

အသင့်သုံးအဏုဇီဝဖျော်ရည်ကို ပုံမှန်အားဖြင့် စိုက်ပျိုးရာသီတစ်ရာသီအတွင်း တစ်ဧကလျှင် လီတာ ၆၀ သို့မဟုတ် ၁၅ ဂါလန်သုံးရသည်။ အလွန်ညံ့သောမြေများတွင် အသုံးပြုစ ပထမရာသီတွင် အကျိုးသက်ရောက်မှုကို ပိုမိုကောင်းမွန်လျင်မြန်စေလိုပါက တစ်ဧကလျှင် ၆၀ လီတာထက်ပို၍ အသုံးပြုနိုင်သည်။ စပါးစိုက်ပျိုးရာတွင် အောက်ဖော်ပြပါအတိုင်း သုံးကြိမ်ခွဲ၍အသုံးပြုနိုင်သည်။ ပထမအကြိမ်တွင် မြေပြင်ရန်ထပ်မဝင်မီ ရိုးပြတ်ပေါ်သို့ ဖျန်းခြင်းဖြစ်ပြီး တစ်ဧကလျှင် ၂၀ လီတာ သို့မဟုတ် ၅ ဂါလန်အသုံးပြုရမည်။ ဒုတိယအကြိမ်တွင် စိုက်ပြီးနှစ်ပတ်အကြာ သီးနှံပင်နှင့်မြေပေါ်သို့ ဖျန်းခြင်းဖြစ်ပြီး တစ်ဧကလျှင် ၂၀ လီတာ သို့မဟုတ် ၅ ဂါလန်အသုံးပြုရမည်။ တတိယအကြိမ်တွင် လေးပတ်မှ ခြောက်ပတ်အကြာ သီးနှံပင်နှင့် မြေပေါ်သို့ဖျန်းခြင်းဖြစ်ပြီး တစ်ဧကလျှင် ၂၀ လီတာ သို့မဟုတ် ၅ ဂါလန်အသုံးပြုရသည်။ တတိယအကြိမ်တွင် စိုက်ပြီး လေးပတ်မှ ခြောက်ပတ်အကြာ သီးနှံပင်နှင့်မြေပေါ်သို့ဖျန်းခြင်းဖြစ်ပြီး တစ်ဧကလျှင် ၂၀ လီတာ သို့မဟုတ် ၅ ဂါလန်အသုံးပြုရမည်။ စုစုပေါင်း ၆၀ လီတာ သို့မဟုတ် ၁၅ ဂါလန်ဖြစ်သည်။ သတိပြုရန်မှာ အသင့်သုံးအကျိုးပြု အဏုဇီဝဖျော်ရည်ကိုမသုံးမီ ရေနှင့်အဆ ၅၀၀ မှ ၁၀၀၀ ကြား ရောပြီးမှ အသုံးပြုရမည်။ ပထမအကြိမ် မြေပေါ်သို့မဖျန်းမီ နွားချေး တစ်ဧက လှည်းသုံးစီးမှငါးစီးခန့်အထိ ရိုးပြတ်ပေါ်သို့ ဖြူးပေးခြင်းသည် အကျိုးပြုအဏုဇီဝ၏ အကျိုးသက်ရောက်မှုကို ပို၍ကောင်းမွန်စေသည်။ မြေပြုပြင်စဉ်အချိန်တွင် ရိုးရိုးဘိုကာရှိ သို့မဟုတ် စူပါဘိုကာရှိ ထည့်ပေးနိုင်လျှင် အကျိုးပြုအဏုဇီဝ၏ အကျိုးသက်ရောက်မှုပိုမိုကောင်းမွန်စေသည်။

ကြံစိုက်ပျိုးရာတွင် အောက်ဖော်ပြပါအတိုင်း သုံးကြိမ်ခွဲ၍ အသုံးပြုနိုင်သည်။ ပထမအကြိမ်တွင် မြေပြင်စဉ် ဖျန်းပေးခြင်းဖြစ်ပြီး တစ်ဧကလျှင် ၂၀ လီတာ သို့မဟုတ် ၅ ဂါလန်အသုံးပြုရမည်။ ဒုတိယအကြိမ်တွင် ကြားထွန်မဝင်မီ ထည့်ပေးခြင်းဖြစ်ပြီး တစ်ဧကလျှင် ၂၀ လီတာ သို့မဟုတ် ၅ ဂါလန် အသုံးပြုရမည်။ တတိယအကြိမ်တွင် ပေါင်မလုံးမီအပင်ခြေ၌ ထည့်ပေးခြင်းဖြစ်ပြီး တစ်ဧကလျှင် ၂၀ လီတာ သို့မဟုတ် ၅ ဂါလန် အသုံးပြုရမည်။ စုစုပေါင်း ၆၀ လီတာ သို့မဟုတ် ၁၅ ဂါလန်ဖြစ်သည်။ သတိပြုရန်မှာ အသင့်သုံးအကျိုးပြု အဏုဇီဝဖျော်ရည်ကိုမသုံးမီ ရေနှင့်အဆ ၁၀၀၀ ကြားရောပြီးမှ အသုံးပြုရမည်။ ပထမအကြိမ် မြေပေါ်သို့မဖျန်းမီ နွားချေးတစ်ဧကလျှင် လှည်းသုံးစီးမှ ငါးစီးခန့်အထိ ရိုးပြတ်ပေါ်သို့ ဖြူးပေးခြင်းသည် အကျိုးပြုအဏုဇီဝ၏ အကျိုးသက်ရောက်မှုကို ပို၍ကောင်းမွန်စေသည်။ မြေပြုပြင်စဉ်အချိန်တွင် ရိုးရိုးဘိုကာရှိ သို့မဟုတ် စူပါဘိုကာရှိထည့်ပေးနိုင်လျှင် အကျိုးပြုအဏုဇီဝ၏ အကျိုးသက်ရောက်မှု ပိုမိုကောင်းမွန်စေသည်။

### ဘိုကာရှိသုံးစွဲနည်း

ခြံထွက်စွန့်ပစ်ပစ္စည်းများနှင့် နွားချေး သို့မဟုတ် ကြက်ချေးတို့ရောစပ်၍ပြုလုပ်သော ဘိုကာရှိကို မြေပြင်စဉ်အချိန်တွင် မြေခံအဖြစ်ထည့်ပေးလေ့ရှိသည်။ အသုံးပြုမည့်နှုန်းထားမှာ တစ်ဧကလျှင် ၂၀၀ ကီလိုဂရမ်မှ ၅၀၀ ကီလိုဂရမ်အထိ ဖြစ်သည်။ မြေဆီထက်သန်မှုညံ့သောမြေများတွင် ဘိုကာရှိကိုပို၍အသုံးပြုနိုင်သည်။ စပါးစိုက်ပျိုးရာတွင် အောက်ဖော်ပြပါအတိုင်း သုံးကြိမ်ခွဲ၍ အသုံးပြုနိုင်သည်။ ပထမအကြိမ်တွင် စပါးစိုက်ရန် မြေပြုပြင်စဉ်(မြေခံအဖြစ်ထည့်ရန်)ဖြစ်ပြီး တစ်ဧကလျှင် ၂၀၀ ကီလိုဂရမ်မှ ၅၀၀ ကီလိုဂရမ်အသုံးပြုရမည်။ ဒုတိယအကြိမ်တွင် တမန်းနှီးချိန်(အတန်းကြားတွင် ထည့်ရန်)ဖြစ်ပြီး တစ်ဧကလျှင် ၂၀၀ ကီလိုဂရမ် မှ ၅၀၀ ကီလိုဂရမ်အသုံးပြုရမည်။ တတိယအကြိမ်တွင် စိုက်ပြီး လေးပတ်မှ ခြောက်ပတ်အကြာ သီးနှံပင်နှင့် မြေပေါ်သို့ဖျန်းခြင်းဖြစ်ပြီး တစ်ဧကလျှင် ၂၀ လီတာ သို့မဟုတ် ၅ ဂါလန်အသုံးပြုရမည်။ စပါးခင်းများတွင် ရေရှိပါက ဘိုကာရှိများထည့်သောအခါ ရေပေါ်တွင် ပေါ်၍ မျောပါသွားတတ်သည်။ စပါးခင်းတွင် ရေရှိသောအချိန်တွင် ဘိုကာရှိကို ရေအနည်းငယ်ဆွတ်ပေးပြီး ထည့်ပေးပါက မိမိထည့်လိုသောနေရာများသို့ အလွယ်တကူရောက်စေသည်။

ကြံစိုက်ပျိုးရာတွင် အောက်ဖော်ပြပါအတိုင်း သုံးကြိမ်ခွဲ၍ အသုံးပြုနိုင်သည်။ ပထမအကြိမ်တွင် မြေပြုပြင်စဉ် မြေခံအဖြစ်ထည့်ရန်ဖြစ်ပြီး တစ်ဧကလျှင် ၂၀၀ ကီလိုဂရမ်မှ ၅၀၀ ကီလိုဂရမ်အသုံးပြုရမည်။ ဒုတိယအကြိမ်တွင် ကြားထွန်ဝင်ချိန်ထည့်ပေးရန်ဖြစ်ပြီး တစ်ဧကလျှင် ၂၀၀ ကီလိုဂရမ်မှ ၅၀၀ ကီလိုဂရမ်အသုံးပြုရမည်။ တတိယအကြိမ်တွင် ပေါင်မလုပ်မီ အပင်ခြေတွင်ထည့်ရန်ဖြစ်ပြီး တစ်ဧကလျှင် ၂၀ လီတာ သို့မဟုတ် ၅ ဂါလန် အသုံးပြုရမည်။ ကြံစိုက်ပျိုးရာတွင် ဘိုကာရှိထည့်ပြီးနောက် အသင့်သုံးအကျိုးပြုအဏုဇီဝဖျော်ရည်ဖျန်းသင့်သည်။

### နှစ်ရှည်ပင် ဟင်းသီးဟင်းရွက်နှင့် ဥယျာဉ်ခြံသီးနှံများတွင် အီးအမ်ဘိုကာရှိသုံးစွဲနည်း

စိုက်ခင်းအတွင်းမှ ပေါင်းများကို ဦးစွာရှင်းလင်းရမည်။ ရရှိသည့်ပေါင်းများကို အပင်ခြေတွင်ပုံပြီး အပုံပေါ်တွင် EM ဖျော်ရည်ဖျန်းပြီး မြေဖုံးပေးရမည်။ (ဖျော်ရည်ဖျန်းပြီး နွားချေးမှုန့်ဖြူးပေးလျှင် ပိုကောင်းမွန်သည်။ ပေါင်းရှင်းသည့်အခါတိုင်း အထက်ပါနည်းဖြင့် အပင်ခြေတွင်ထပ်မံ၍ ပုံပေးပါ။

သို့ဖြစ်ပါ၍ စားသုံးသူများအတွက် အာဟာရဓာတ် တန်ဖိုးမြင့်မားပြီး ဘေးအန္တရာယ်ကင်းသောအစားအစာများရရှိစေရေး၊ ဒေသအတွင်းရှိ မြေပေါ်မြေအောက်၊ သက်ရှိသက်မဲ့ပြည့်စုံကြွယ်ဝလာစေရေး၊ မြေဆီလွှာအတွင်းရှိ အဏုဇီဝများ၏စွမ်းဆောင်မှု ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ မြေဆီမြေဩဇာကောင်းမွန်မှုကို ရေရှည်တည်တံ့ထိန်းသိမ်းထားနိုင်စေရေး၊ သဘာဝအရင်းအမြစ်သွင်းအားစုများကို ထိရောက်စွာအသုံးပြုခြင်းဖြင့် စရိတ်အနည်းဆုံးအသုံးပြု၍ အကျိုးအမြတ်အများဆုံးရရှိအောင် ဆောင်ရွက်နိုင်ရေး၊ ပတ်ဝန်းကျင်ညစ်ညမ်းစေသော အပြုအမူများကို လျော့နည်းသက်သာစေရေးအတွက် စိုက်ပျိုးရေးအကျိုးပြုအဏုဇီဝဖျော်ရည်ကို သုံးစွဲကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရေးသားလိုက်ရပါသည်။ ။

---

၃၁-၃-၂၀၂၄

## မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ဧည့်မထ | ငစိန် | ပဲဆီ | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ငရုတ်ခြောက် | ကြက် | ဝက် | ငါးမြစ်ချင်း | အာပုံ့ခြောက် | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
| ၁ | နေပြည်တော် | ၈၀၀၀ | ၃၅၀၀ | ၂၆၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၃၇၀၀ | ၁၃၅၀၀-၁၄၀၀၀ | ၃၇၀၀ | ၁၇၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀-၁၅၀၀၀ | ၁၁၀၀၀ | ၂၉၀၀၀ | ၂၄၀ | ၃၅၀ |
| ၂ | ရန်ကုန် | ၈၀၀၀ | ၃၇၀၀ | ၃၇၀၀ | ၁၆၀၀၀-၁၇၀၀၀ | ၄၀၀၀-၄၅၀၀ | ၁၅၀၀၀-၁၇၀၀၀ | ၃၁၀၀ | ၁၇၀၀၀-၁၉၀၀၀ | ၁၁၀၀၀-၁၂၀၀၀ | ၁၄၀၀၀-၁၅၀၀၀ | ၉၀၀၀-၁၀၀၀၀ | ၂၄၀၀၀-၃၀၀၀၀ | ၂၅၀-၃၀၀ | ၃၂၀-၃၅၀ |
| ၃ | မန္တလေး | ၇၂၀၀ | ၄၃၀၀ | - | ၁၈၀၀၀ | ၂၈၀၀ | ၁၀၀၀၀-၁၁၀၀၀ | ၄၀၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၁၁၀၀၀ | ၁၇၀၀၀-၁၈၀၀၀ | - | ၁၆၀၀၀ | ၂၅၀ | ၃၅၀ |
| ၄ | လားရှိုး | ၁၀၀၀၀ | ၃၃၅၀ | ၃၃၅၀ | ၁၉၀၀၀-၂၀၀၀၀ | ၄၅၀၀ | ၁၀၀၀၀-၁၁၀၀၀ | ၅၀၀၀ | ၂၀၀၀၀-၂၂၀၀၀ | ၁၃၀၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၁၁၀၀၀ | ၂၇၀၀၀ | ၂၅၀ | ၄၀၀ |
| ၅ | မော်လမြိုင် | ၇၃၀၀ | ၃၈၀၀ | ၃၂၀၀ | ၁၆၀၀၀-၁၇၀၀၀ | ၃၇၀၀ | ၁၃၀၀၀-၁၅၀၀၀ | ၃၇၀၀ | ၁၃၀၀၀-၁၅၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၈၀၀၀ | ၂၆၀၀၀ | ၃၀၀ | ၄၀၀ |
| ၆ | ပုသိမ် | ၅၂၅၀ | ၃၃၅၀ | - | ၁၅၀၀၀-၁၆၀၀၀ | ၃၀၀၀ | ၁၃၀၀၀-၁၄၀၀၀ | ၃၅၀၀ | ၁၃၀၀၀-၁၄၀၀၀ | ၉၀၀၀ | ၁၇၀၀၀-၁၈၀၀၀ | ၈၅၀၀ | ၂၂၅၀၀ | ၃၀၀ | ၃၅၀ |
| ၇ | ကျိုင်းတုံ | ၇၀၀၀ | ၄၀၅၀ | ၃၅၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၄၂၀၀ | ၁၀၀၀၀-၁၅၅၀၀ | ၃၅၀၀ | ၁၆၀၀၀-၁၇၅၀၀ | ၁၃၀၀၀ | ၁၉၀၀၀-၂၀၀၀၀ | - | ၃၀၀၀၀ | ၂၇၀ | ၄၅၀ |

မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။

နေပြည်တော် မတ် ၃၁

# တိရစ္ဆာန်အစာချဉ်ဖတ်ပြုလုပ်ခြင်း၊ ကောက်ရိုးပြုပြင်ခြင်းနှင့်ကျွေးမွေးခြင်းသရုပ်ပြ



တိရစ္ဆာန်အစာချဉ်ဖတ်ပြုလုပ်ခြင်း၊ ကောက်ရိုးပြုပြင်ခြင်းနှင့် ကျွေးမွေးခြင်း သရုပ်ပြပွဲကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော် နို့စားနွားမွေးမြူရေးသရုပ်ပြနှင့် မျိုးဖြန့်ဖြူးရေးခြံ၌ကျင်းပရာ အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မွေးမြူတောင်သူများတက်ရောက်ကြသည်။

မွေးမြူရေးတောင်သူများနှင့်တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာ၌ စီးပွားဖြစ်မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများတွင် စုစုပေါင်းကုန်ကျစရိတ်၏ ၇၀ ရာခိုင်နှုန်းရှိသည့်အစာကုန်ကျစရိတ်ကို လျှော့ချနိုင်ရေးသည် အရေးကြီးဆုံးအချက်တစ်ခုဖြစ်ကြောင်း၊ ပြည်ပမှ အစာကုန်ကြမ်းများတင်သွင်းနေမှုကို လျှော့ချနိုင်ရန်နှင့် ပြည်တွင်း၌ထွက်ရှိသည့် မွေးမြူရေးအစာကုန်ကြမ်းများဖြင့် အာဟာရဓာတ်များ ညီညွတ်မျှတစွာပါဝင်ပြီး အရည်အသွေးပြည့်မီသော တိရစ္ဆာန်အစာများကိုထုတ်လုပ်နိုင်ရန် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ယနေ့ကျင်းပသည့် သရုပ်ပြပွဲတွင် ကျွဲ၊ နွား၊ သိုး၊ ဆိတ် မွေးမြူသော တောင်သူများအား တိရစ္ဆာန်အစာချဉ်ဖတ်ပြုလုပ်ခြင်း၊ ကောက်ရိုးပြုပြင်ခြင်းနှင့် ကျွေးမွေးခြင်းကို လက်တွေ့သရုပ်ပြရှင်းလင်းဆွေးနွေးပေးမည်ဖြစ်ကြောင်း၊ မွေးမြူရေးတောင်သူများအနေဖြင့် သိရှိလိုသည်များမေးမြန်းသွားကြပြီး မိမိတို့မွေးမြူထားကြသည့် တိရစ္ဆာန်များ၏ အသားနှင့် နို့ထုတ်လုပ်မှုတိုးတက်စေရန် အာဟာရပြည့်တိရစ္ဆာန်အစာများ ကျွေးမွေးနိုင်မည့်နည်းလမ်းများကို လက်တွေ့အသုံးပြုဆောင်ရွက်သွားကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းနှင့်တာဝန်ရှိသူများက တိရစ္ဆာန်အစာချဉ်ဖတ်ပြုလုပ်ခြင်း၊ သိုလှောင်ခြင်းနှင့် ကျွေးမွေးခြင်းလုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး လက်တွေ့သရုပ်ပြသကြရာ မွေးမြူရေးတောင်သူများက သိရှိလိုသည်များကို စိတ်ဝင်စားစွာမေးမြန်းဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ မွေးမြူရေးလုပ်ငန်းရှင်များနှင့်မွေးမြူရေးတောင်သူများ၏နို့စားနွားမျိုးဖြန့်ဖြူးရေးခြံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

မိုးရေကောင်းစွာရရှိသည့် မိုးရာသီကာလများတွင် တိရစ္ဆာန်များအတွက် အာဟာရပြည့်ဝသော မြက်၊ ပြောင်း စသည့်အစာစိမ်းများရရှိသောကြောင့် တိရစ္ဆာန်များ၏ကြီးထွားနှုန်းကောင်းမွန်သဖြင့် ထုတ်လုပ်မှုမြင့်မားသော်လည်း ခြောက်သွေ့ကာလများနှင့် ရေရှားပါးသည့်ဒေသများတွင် တိရစ္ဆာန်အစာပင်များဖြစ်ထွန်းမှုမရှိခြင်း၊ တိရစ္ဆာန်အစာပင်များကောင်းစွာရှင်သန်ဖြစ်ထွန်းရန်ခက်ခဲခြင်း၊ တိရစ္ဆာန်အစာပင်များထုတ်လုပ်ရန် စရိတ်ကြီးမြင့်ခြင်းတို့ကြောင့် မွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သောတိရစ္ဆာန်အစာပမာဏကို အလုံအလောက်ထုတ်လုပ်နိုင်ရန် လိုအပ်လျက်ရှိရာ စပါးစိုက်ပျိုးသည့်ဒေသတိုင်းတွင် အလွယ်တကူရရှိနိုင်သော ကောက်ရိုးများကို ပြုပြင်ကျွေးမွေးနိုင်ရေးနှင့် ပြောင်းသီးနှံ ဘေးထွက်ပစ္စည်းဖြစ်သည့် ပြောင်းရိုးများ၊ တိရစ္ဆာန်အစာပင်များကို တိရစ္ဆာန်အစာချဉ်ဖတ်ပြုလုပ်အသုံးပြုနည်းကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဖြန့်ဝေပေးလျက်ရှိကြောင်း၊ တိရစ္ဆာန်အစာချဉ်ဖတ်ကို စနစ်တကျပြုလုပ်သိုလှောင်ထားမည်ဆိုပါက ရာသီဥတုအပေါ် မူတည်၍ ၂ နှစ်မှ ၁၀ ခန့်အထိ သိုလှောင်ကျွေးမွေးနိုင်မည်ဖြစ်၍ မွေးမြူရေးလုပ်ငန်းများတွင် ကြုံတွေ့ရလျက်ရှိသည့် အာဟာရပြည့်ဝသောအစာစိုရှားပါးမှုကြောင့် အသားနှင့်နို့ထုတ်လုပ်မှုလျော့ကျခြင်း၊ မျိုးပွားမှုထိခိုက်ခြင်းတို့ကို ကျော်လွှားနိုင်မည်ဖြစ်ပြီး ထုတ်လုပ်မှုကဏ္ဍတိုးတက်ရေးကို များစွာအထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ရန်ကုန် မတ် ၃၁

# 32nd Junior Golf Myanmar Championship ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ




မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်မှကြီးမှူး၍ Junior Golf Myanmar (JGM) ၏ (၃၂)ကြိမ်မြောက် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ကို ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း (တည်းကုန်း)၌ ယမန်နေ့က ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲများအပြီး ဆုချီးမြှင့်ပွဲအခမ်းအနားအားကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး ဆုချီးမြှင့်ပွဲအခမ်းအနားအား ဆက်လက်ကျင်းပသည်။

ထို့နောက် မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးငွေးအောင်က အသက် ၁၂ နှစ်အောက် (အမျိုးသား)သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၆၄ ချက်ဖြင့် တတိယဆုရရှိသော ထူးမြတ်အောင်အားလည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၁၆၀ ချက်ဖြင့် ဒုတိယဆုရရှိသော အောင်သန်းထွန်း၊ စုစုပေါင်းရိုက်ချက် ၁၅၇ ချက်ဖြင့် ပထမဆုရရှိသော ဇာနည်ထွန်းဝင်းအားလည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါ်လွင်လွင်အောင်က အမျိုးသမီး ၁၄ နှစ်အောက်သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၂၂၀ ချက်ဖြင့် တတိယဆုရရှိသော ယုယုအားလည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၂၁၇ ချက်ဖြင့် ဒုတိယဆုရရှိသော သီရိခိုင်ဇော်အားလည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၁၅၅ ချက်ဖြင့် ပထမဆုရရှိသော ချိုသာအောင်အားလည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါ်မြင့်မြင့်သန်းက အမျိုးသမီး ၁၈ နှစ်အောက်သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၈၄ ချက်ဖြင့် တတိယဆုရရှိသော အေးစုအောင်အားလည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၁၇၉ ချက်ဖြင့် ဒုတိယဆုရရှိသော ဆုနှင်းဖြူအားလည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၁၆၅ ချက်ဖြင့် ပထမဆုရရှိသော စုလတ်အောင်အားလည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်သည်။

အစီအစဉ်အရ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူးနှင့် Junior Golf Myanmar (JGM) ဥက္ကဋ္ဌ ဦးမြင့်အောင်က အသက် ၁၄ နှစ်အောက်(အမျိုးသား)သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၆၅ ချက်ဖြင့် တတိယဆုရရှိသော ကောင်းဆက်ဝန်းအားလည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၁၆၄ ချက်ဖြင့် ဒုတိယဆုရရှိသော သုတအားလည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၁၅၈ ချက်ဖြင့် ပထမဆုရရှိသော ထွန်းထွန်းဦးတို့အားလည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက အသက် ၁၈ နှစ်အောက် (အမျိုးသား) သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၅၈ ချက်ဖြင့် တတိယဆုရရှိသော မင်းခန့်သော်အားလည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၁၅၈ ချက်ဖြင့် ဒုတိယဆုရရှိသော ထက်အောင်ဝင့်အားလည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၁၄၉ ချက်ဖြင့် ပထမဆုရရှိသော ပြည့်ဖြိုးထွန်းတို့အားလည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်သည်။

32nd Junior Golf Myanmar Championship ဂေါက်သီးရိုက်ပြိုင်ပွဲအား ရန်ကုန်ဂေါက်ကွင်း(တည်းကုန်း) တွင် မတ်လ ၃၀ ရက်မှ ၃၁ ရက်အထိ နှစ်ရက်တာ ကျင်းပခဲ့ကြောင်း သိရသည်။ **ထွန်းကျော်**

❑ **နွေရာသီရေရှားပါးမှုမှ**

အဆိုပါ Water-Donation Mobile Application အား ဖော်ပြပါ Website တွင် အလွယ်တကူရယူအသုံးပြုနိုင်ပါကြောင်းနှင့် ကျေးရွာများ၌ ရေရှားပါးပြတ်လပ်မှုများဖြစ်ပေါ်လာပါက ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သို့ ဆက်သွယ်သတင်းပေးပို့နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚ C | / | ၃၉˚ C |
| ရန်ကုန် | ၂၂˚ C | / | ၄၂˚ C |
| မန္တလေး | ၂၅˚ C | / | ၃၇˚ C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

နေပြည်တော် မတ် ၃၁

## ဟံသာသီရိကုန်းမြေရှိ ဆရာတော်ကြီးများ သီတင်းသုံးတည်းခိုဆောင်များ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေကို ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ကြည့်ရှုစစ်ဆေးပြီး ဓမ္မာစရိယစာဖြေဌာန၌ စာမေးပွဲကြီးကြပ်ရေးဆရာတော်များ၊ စာဖြေသံဃာနှင့်သီလရှင်များအား ဖူးမြော်ကြည်ညို



သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဟံသာသီရိကုန်းမြေရှိ ဆရာတော်ကြီးများသီတင်းသုံးတည်းခိုဆောင်များ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ပရိဝုဏ်ဟံသာသီရိကုန်းမြေရှိ ဆရာတော်ကြီးများ သီတင်းသုံးတည်းခိုဆောင်များဖြစ်သည့် ရွှေဟသ်ာကျောင်းဆောင်၊ ဦးထွန်းကြည်ကျောင်းဆောင်၊ စိန်ရတုကျောင်းဆောင်၊ မင်းလှကျောင်းဆောင်၊ သူရဦးထွန်းတင်ကျောင်းဆောင်၊ ကပ္ပိယကျောင်းဆောင်များအား ပြုပြင်ပြီးစီးမှုအခြေအနေနှင့် အမိုးပါကားပါကင်ဆောင်ရွက်မှု၊ ဝန်ထမ်းအိမ်ရာများအားနံရံပြုလုပ်မှု၊ ဂါလန် ၁၀၀၀၀ ဆံ့ ရေလှောင်ကန်ပြုလုပ်မှု၊ ခြံစည်းရိုးအုတ်တံတိုင်းကာရံမှု၊ ပြင်ပလျှပ်စစ်မီးနှင့် အခြားဆက်စပ်လုပ်ငန်းများ၊ ဟံသာသီရိကုန်းမြေ မြေပြုပြင်ခြင်းနှင့် မြေယာရှုခင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရားပရိဝုဏ်အတွင်းရှိ သာသနာ့ဗိမာန်စာဖြေဌာန၌ အစိုးရဓမ္မာစရိယစာမေးပွဲဖြေဆိုလျက်ရှိကြသော သံဃာတော်များ၊ သီလရှင်များကို သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ် စာဖြေဌာနရှိ ဓမ္မာစရိယစာမေးပွဲကြီးကြပ်ရေးဆရာတော်များကို ဖူးမြော်ကြည်ညိုကာ စာဖြေဌာနအတွက် နဝကမ္မအလှူတော်ငွေကျပ် ငါးသိန်းကို ဆက်ကပ်လှူဒါန်းပြီး အစိုးရဓမ္မာစရိယစာမေးပွဲ ဖြေဆိုတော်မူကြသော သံဃာတော်များနှင့် သီလရှင်များအား လှည့်လည်ဖူးမြော်ကြည်ညိုသည်။

၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲများကို နေပြည်တော် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ စာဖြေဌာန ၆၇ ဌာန၌ မတ်လ ၂၈ ရက်မှစတင်၍ ကျင်းပဖြေဆိုလျက်ရှိပြီး ယနေ့သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ(ဒုတိယနေ့)တွင် စာရင်းသွင်း ၁၃၆၈၆ ပါး/ဦး၊ ဖြေဆို ၁၀၉၂၇ ပါး/ဦး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရ ဓမ္မာစရိယစာဖြေဌာန ၁၆ ဌာန၌ စာရင်းသွင်း ၄၇၆၂ပါး/ဦး၊ ဖြေဆို ၃၉၇၂ ပါး/ဦးနှင့် မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရားပရိဝုဏ်အတွင်းရှိ သာသနာ့ဗိမာန်စာဖြေဌာန၌ စာရင်းသွင်း ၃၁၁ ပါး၊ ဖြေဆို ၂၆၈ ပါးတို့ ဝင်ရောက်ဖြေဆိုကြောင်းသိရသည်။

(သတင်းစဉ်)

နေပြည်တော် မတ် ၃၁

## လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှဂုဏ်ပြုချီးမြှင့်သည့် ငွေကျပ် ၄၄၇ သိန်းနှင့်စားသောက်ဖွယ်ရာများကိုပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ ပင်လုံရိပ်သာ၌ ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်နိုင်နိုင်ဦး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဂုဏ်ပြုချီးမြှင့်သည့် ငွေကျပ် ၄၄၇ သိန်းနှင့် စားသောက်ဖွယ်ရာများကို အသီးသီး ဂုဏ်ပြုပေးအပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များကိုယ်စား တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

နေပြည်တော် မတ် ၃၁

## ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ မှန်ပြတောင်ဘုရားအတက်လမ်း ပေ ၄၃၀၀ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၇၂ ဒသမ ၃၈၀ သန်းဖြင့် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ မှန်ပြတောင်ဘုရားအတက်လမ်း ပေ ၄၃၀၀ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ၅ ပေ Box Culvert သုံးစင်းတည်ဆောက်ခြင်းလုပ်ငန်းများ ယနေ့တွင် ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်း ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် မိုင်းနားကျေးရွာရှိ အိမ်ခြေ ၁၃၅၆၊ အိမ်ထောင်စု ၁၂၀၂၊ လူဦးရေ ၆၃၄၆ ဦးတို့အတွက် အခြေခံလူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာသည့်အပြင် ကချင်ပြည်နယ်အတွင်းရှိ သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုသည့် လုပ်ငန်းဖြစ်သည့်အတွက် ကျေးလက်နေပြည်သူများအနေဖြင့် များစွာဝမ်းမြောက်ဂုဏ်ယူလျက်ရှိကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၄၈၈ ဒသမ ၈၈၂ သန်းဖြင့် ကချင်ပြည်နယ်အတွင်း လမ်း/တံတားလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ သာသနာရေးလုပ်ငန်းနှင့် တန်ဖိုးနည်းဝန်ထမ်းအိမ်ရာများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်းကို သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ စီးပွားရေးရာဌာနကြီးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းနေလွင်ကို သတင်းနှင့် လုံခြုံရေးဆိုင်ရာဌာနကြီး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

နေပြည်တော် မတ် ၃၁

## ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ စက်မှုယန္တရားဌာနခွဲ(လှော်ကား)၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း သွားရောက်ကြည့်ရှုစစ်ဆေး

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ စက်မှုယန္တရားဌာနခွဲ (လှော်ကား)၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မင်္ဂလာဒုံမြို့နယ်ရှိ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ စက်မှုယန္တရားဌာနခွဲ(လှော်ကား)သို့ ရောက်ရှိရာ တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းကြီးများတွင် အသုံးပြုနေသည့် စက်ယန္တရား/ယာဉ်များအား ဘဏ္ဍာရေးနှစ်အလိုက် အကြီးစား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်မှုနှင့် ဂိုဒေါင်များအတွင်း စက်အရန်ပစ္စည်းများ သိုလှောင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ရေအားလျှပ်စစ်စီမံကိန်းများသည် စက်ယန္တရားများကို အဓိကအားပြုလုပ်ကိုင်ရသဖြင့် ယန္တရားအလုပ်ရုံများအနေဖြင့် ပြုပြင်ရမည့်အပိုင်းများကို သေချာစွာပြင်ဆင်သွားရန်နှင့် စက်စွမ်းရည်အပြည့် အသုံးချနိုင်ရေး ပြင်ဆင်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ပစ္စည်းများ ရရှိ / ထုတ်ပေး / သုံးစွဲ / လက်ကျန်စာရင်းများကိုလည်း စနစ်တကျ မှတ်တမ်းရေးသွင်း ထိန်းသိမ်းထားရှိရန် လိုအပ်ပါကြောင်း၊ ပစ္စည်းအဟောင်းများကို လည်းဘုတ်အဖွဲ့ ဖွဲ့စည်း၍ဆယ်တင်ပစ္စည်းနှင့်လေလံတင်ပစ္စည်းဟူ၍ စနစ်တကျ ခွဲခြားပြီး လေလံတင်ရောင်းချနိုင်ရေးဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ အချို့သော စီမံကိန်းပစ္စည်းများကိုလည်း မိုးရာသီမရောက်မီပေးပို့ထားရန် လိုအပ်ကြောင်း၊ နွေရာသီကာလရောက်ရှိပြီဖြစ်၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် စီမံချက်များရေးဆွဲဆောင်ရွက်ပြီး ဇာတ်တိုက်လေ့ကျင့်မှုများပြုလုပ်သွားရန် လိုအပ်ကြောင်း၊ ဝန်ထမ်းအိမ်ရာလိုင်းခန်းများအား စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရန်နှင့် ဝန်ထမ်းများ၏ အခက်အခဲများလွတ်လပ်စွာ တင်ပြနိုင်ရေးတွေ့ဆုံပွဲများ၊ ဆန္ဒဖော်ထုတ်ပွဲများလစဉ်ပြုလုပ်၍ ဖြေရှင်းဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း မှာကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စီမံကိန်းလုပ်ငန်းကြီးများတွင် အသုံးပြုနေသည့် စက်ယန္တရား/ယာဉ်များ ပြုပြင်ထိန်းသိမ်းနေမှုအခြေအနေ၊ စက်ယန္တရားကြီးများ၏ အရန်ပစ္စည်းများ စနစ်တကျ သိုလှောင်ထားရှိမှုအခြေအနေနှင့် ဝန်ထမ်းအိမ်ရာများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော် မတ် ၃၁

## နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အရာထမ်း/အမှုထမ်းများ နေထိုင်သည့်အိမ်ရာများနှင့် အဆောင်များ သန့်ရှင်း၊ သပ်ရပ်၊ သာယာလှပမှုအခြေအနေများအား ဒုတိယဝန်ကြီးဦးဝင်းဖေ ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အရာထမ်း/အမှုထမ်းများနေထိုင်သည့်ဝန်ထမ်းအိမ်ရာများနှင့် အဆောင်များ ပတ်ဝန်းကျင် သန့်ရှင်း၊ သပ်ရပ်၊ သာယာလှပရေးဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပညာသိဒ္ဓိရပ်ကွက်ရှိ ခရေအိမ်ရာတိုက်အမှတ်(၅၆၊ ၅၇၊ ၅၈၊ ၅၉)ရှိ တိုက်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်များ ရှင်းလင်းခြင်း၊ ချုံများခုတ်ထွင်ခြင်းနှင့် ရေမြောင်းများရှင်းလင်းခြင်း၊ ခြံစည်းရိုးအဟောင်းအပျက်များ ဖယ်ရှားရှင်းလင်းခြင်း ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ဉာဏသိဒ္ဓိရပ်ကွက်ရှိ တိုက်အမှတ်(၆၁၁၃၊ ၃၃၇၀၊ ၃၃၇၁၊ ၃၃၇၂၊ ၃၃၇၈၊ ၃၃၇၉) အိမ်ရာများ၏အခြေအနေကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ဒုတိယဝန်ကြီးက ဝန်ထမ်းအိမ်ရာများကို နေချင်စဖွယ်ဖြစ်အောင် သန့်ရှင်း၊ သပ်ရပ်၊ သာယာလှပရေးဆောင်ရွက်ရန်လိုကြောင်း၊ အိမ်ရာစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ပြီး မသက်ဆိုင်သူများ လာရောက်နေထိုင်မှုမရှိစေရေးနှင့်မိသားစုဝင်များ၊ ဆွေမျိုးများ လာရောက်တည်းခိုနေထိုင်ပါက ဧည့်စာရင်းတိုင်ကြားရန်လိုကြောင်း၊ အိမ်ရာဝန်းကျင်ရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန်အတွက် ဆောင်ရွက်ထားရန်လိုကြောင်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အပျိုဆောင်၊ သပြေ(၂) အဆောင် (၁၊ ၂၊ ၃၊ ၄) တို့အား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော် မတ် ၃၁

## စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းတစ်ပိဿာ ငွေကျပ် ၅၂၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင်ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဧပြီလ ၁ ရက်မှ ဧပြီလ ၇ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၅၂၅၀ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့်သိုလှောင်ခြင်း အပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

AVIATION

# MAI to stretch its wings to Chiang Mai, Vientiane, Dhaka in 2024



Acting Chief Executive Officer and Chief Commercial Officer Mr. Tanes Kumar of Myanmar Airways International disclosed that MAI will operate more new international flights to Chiang Mai, Vientiane and Dhaka this year.

MAI will run international flights to Chiang Mai every Wednesday, Friday and Sunday on a weekly basis from 3 April and to Vientiane of Laos on Tuesdays and Thursdays starting from 4 May 2024.

Moreover, the airlines will manage flights to Dhaka of Bangladesh on Wednesdays and Sundays starting from 8 May and Doha of UAE on Tuesdays and Saturdays beginning 1 June.

Mr Tanes Kumar unveils, "MAI will operate 21 new international flights in 2024 including to Chiang Mai, Vientiane and Dhaka. Moreover, it will increase more flight numbers to Dubai, Guangzhou and Don Mueang airports. The airlines will serve the passengers for their faithfulness to the services of airlines."

Moreover, the airlines is running flights from Yangon to Kunming daily, to Bangkok six times a week and to Pukhet every Monday. Meanwhile, the airlines arrange new flights to Lashio, Loikaw, Nay Pyi Taw, Kalay and Khamti as well as Homalin and Mawlamyine.

**SMK**

TOURISM

## More travellers flock to Sin Kyun Village for authentic village-based tourism experience



"Sin Kyun Village, which has developed village-based tourism, has seen a large number of domestic travellers visiting it," said U Maung Maung Lay, the leader of the Irrawaddy Dolphin Conservation Group.

Among the villages that have developed tourism, Sin Kyun Village in Madaya Township, Mandalay Region is one of the villages that is currently attracting travellers.

"Now, travellers visiting Sin Kyun Village also visit the Irrawaddy Dolphins that live and graze in Madaya Township," he continued.

In the last week of February, only over 150 travellers visited Sin Kyun Village in Madaya Township daily, but since the first week of March, the number of local travellers has increased to over 300 per day.

"Village-based tourism is developed in Sin Kyun Village, Aye Kyun Village, Myey Kyun Village, and Sein Pang Gone Village in Madaya Township, and in Myit Kanggyi Village and Sae Thae Village in Singu Township, Mandalay Region and in Ywar Thit Village, Tagaung Village, and Shein Makar Village in Wetlet Township, Sagaing Region," he continued.

**SK**

AGRICULTURE

## Farmers in Sagaing District sow 48,757 acres of winter chickpeas

A total of 48,757 acres of winter chickpeas have been planted in Sagaing District, Sagaing Region, during the winter crop planting season, according to the statistics from the Department of Agriculture for Sagaing District.

In the 2023-2024 winter crop planting season, 48,972 acres of winter chickpeas were planned to be planted in Sagaing District, and since October 2023, 48,757 acres have been planted.

"We are working to meet the target of winter chickpeas this year. We are working to plant high-yielding varieties of chickpeas," said Daw Thida Lwin, head of the Department of Agriculture for Sagaing District.

The acreages of chickpeas by townships in Sagaing District are as per following: 26,909 acres in Sagaing Township, 14,191 acres in Myinmu Township, and 7,657 acres in Myaung Township, totalling 48,757 acres of chickpeas.

During the 2022-2023 winter crop planting season in Sagaing District, winter chickpeas were planted from October 2022 to December 2022, and 48,972 acres were planted.

**SMK**

COURSE

## 58 rounds of vocational support courses launched to foster small business startups

A total of 58 rounds of vocational training courses have been opened and taught for the people of Mandalay Region to establish self-owned small businesses in this fiscal year, according to the Small-scale Industries Department for Mandalay Region.

"These vocational support courses are open and taught to rural people and young people with the aim of providing employment opportunities for young people. These courses are scheduled for 47 times in this fiscal year, and vocational courses have been opened and taught since June, and so far 58 courses have been opened," said U Win Bo, Director of Small-scale Industries Department for Mandalay Region.

As a result of providing vocational support courses, the people can get the technology that they can produce and sell them themselves. These courses are being taught to urban and rural people. By teaching these courses, they will be able to live without leaving their family home and establish their own businesses.

**SK**

# State Administration Council
# Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

3. **The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

AGRICULTURE

# Local farmers grow more than 18,000 acres of green gram in Yinmabin District this year

Yinmabin District Agriculture Department stated that a total of 18,413 acres of croplands have been placed under green gram in Yinmabin District of Sagaing Region this year.

Local farmers have so far cultivated 18,413 acres of green gram starting from October 2023 exceeding the target of 18,014 acres in 2023-2024 financial year.

"They could grow green gram exceeding the target in the district. Staff members of Township Agriculture Department share agricultural knowledge with local farmers to have higher pre-acre yield of crops and use of quality strains," said Daw Myat Moe Win, Head of Yinmabin District Agriculture Department.

This year, Yinmabin Township grew 1,610 acres of green gram, Kani Township 7,800 acres and Pale Township 9,003 acres, totalling 18,413.

In 2023-2024 financial year, Yinmabin Township earmarked cultivation of 1,530 acres of green gram, Kani Township 7,481 acres and Pale Township 9,003 acres.

Agricultural staff members of relevant agriculture departments help local farmers use quality strains of crops apply good agricultural techniques, and systematically use fertilizers for increasing per-acre yield of crops.

Moreover, the district earmarked cultivation of 40,137 acres of monsoon green gram. In this regard, Yinmabin Township grew 454 acres of pre-monsoon green gram and 5,476 acres of monsoon green gram, Kani Township 17,155 acres of pre-monsoon green gram, Salingyi Township pre-monsoon green gram 425 acres and 10,424 acres of monsoon green gram and Pale Township, 4,270 acres of pre-monsoon green gram. **SK**

BUSINESS

# Pyapon residents deliver 85,000 tons of shrimp paste to Yangon in February

"Up to 85,000 tons of shrimp paste from Pyapon Township, Pyapon District, Ayeyawady Region were sold to Yangon in February," said Daw Thida, a trader of fish paste and dried fish from Pyapon Township.

The shrimp paste from Pyapon Township was mainly sold to the Yangon market. In January, only 67,000 tons of shrimp paste was sold. It is reported that the price of shrimp paste is up to Ks-185,000 per 10 visses.

"We are selling the shrimp paste to the Yangon market and other regions. There has been a lot of buying from Yangon market in the past month and in March. Currently, the demand for shrimp paste has increased, and the price has also increased. Now that the business of shrimp paste is good again, it is convenient for entrepreneurs as well as workers," she said.

Each fish paste business can create employment for at least 10 to 15 people in the area. **SK**

INDUSTRY

# Loans to be provided to oil millers

Oil Mills Development Credit Management Group will provide loans to oil mill owners in need of capital.

The Oil Industry Development Loan Management Group, provides loans with low-interest rates from the oil industry development loan fund, to expand, install modern equipment to local oil mills, build new modern oil mills and promote the national economy for business capital needs.

As for the loan amounts, the loan for working capital is from a minimum of Ks-10 million to a maximum of Ks-300 million, while the loan for Fixed Capital is from a minimum of Ks-20 million to a maximum of Ks-300 million. Those who wish to obtain a loan of more than Ks-300 million can apply directly to the Oil Mills Development Credit Management Task Force, the Secretariat, and the Myanmar Agricultural Development Bank (Head Office).

The loan term and repayment periods are one year for commercial revolving investment loans and three years for fixed investment loans as three instalments are set, and the loan interest rate will be paid at five per cent per year.

Entrepreneurs who want to apply for the loan can apply for oil refinery loan proposal forms at Union Territorial Nay Pyi Taw, State/Region Oil Refinery Owners Association offices, Oil Traders, Oil Entrepreneurs Association offices, Industrial Supervision and Inspection Department branch offices, Myanmar Commercial Bank branches and Myanmar Agricultural Development Bank branches, according to the Oil Industry Development Credit Management Group.

**SMK**

RUSSIA

# Russia-China trade surges by 92 percent, mostly settled in rubles and Yuan - Deputy PM

Bilateral trade between the two nations continues to soar, reaching a 26.3 percent increase in 2023 and totalling US$-240.1 billion, with the surge primarily fueled by energy trade.

A staggering 92 percent of Russia-China trade settlements are in Russian rubles and Chinese yuan, Russian Deputy Prime Minister Alexei Overchuk has revealed.

The statement was made on Wednesday at the 2024 Boao Forum for Asia in China's southern province of Hainan.

Overchuk's statements reflect both sides' commitment to trading in their local currency, as they are determined to bolster financial ties with other nations to ensure de-dollarization takes effect internationally to reduce risks and promote the security and stability of local currencies.

The Russian deputy PM's stance mirrors President Vladimir Putin's opinion expressed last year during the 23rd Meeting of the Council of Heads of State of the Shanghai Cooperation Organization (SCO), where he disclosed that over 80 percent of trade settlements between the two nations had already transitioned to rubles and yuan.

"We intend to continue to deepen ties with members of the Shanghai Cooperation Organisation," Putin said. "These ties are becoming stronger and more diverse. Russia's trade with SCO member states has increased by over one third, or 37 percent, reaching a record high of US$-263 billion last year. From January to April this year, it went up by another 35 percent."

**Sputnik**

RUSSIA

# Soyuz-2.1b rocket with high-resolution imaging satellite launched from Baikonur




A Soyuz-2.1b rocket carrying an Earth observation satellite capable of taking high-resolution images, Resurs-P 4, has lifted off from the Baikonur cosmodrome on Sunday, with the launch broadcast live by the Russian space agency Roscosmos.

The satellite separated from the rocket's third stage 9 minutes and 23 seconds after the launch.

Later in the day, the broadcast showed that the rocket put the satellite into orbit.

Resurs-P 4 is designed for high-resolution, wide-field and multispectral optical-electronic observation of the Earth's surface for natural resource exploration.

It can also be used to monitor pollution and environmental damage, search for mineral deposits and assess ice conditions, as well as monitor emergencies, and create and update topographic and navigational maps. Media reported earlier that the satellite would be capable of taking images of the Earth with a resolution of 70 centimeters (27 inches).

**Sputnik**

UNITED STATES

# Another US bridge hit by a vessel

The Oklahoma State Patrol has completely closed a highway after a barge struck the US-59 Bridge over the Arkansas River on Saturday.

Law enforcement is diverting traffic away from the area, to the south of Sallisaw, until inspections of the structure can be made, the state highway service wrote on X (formerly Twitter). There were no reports of injuries on the road or the barge, AP news agency quoted patrol spokesperson Sarah Stewart as saying.

It was not immediately known what led to the collision. Video circulating on X shows the moment the barge impacted the bridge supports.

The incident comes less than a week after the cargo hauler MV Dali struck and completely collapsed the Francis Scott Key Bridge in Baltimore, killing six people. The freighter struck a support of the 1.6-mile (2.6 km) long structure in the early hours of Tuesday, causing it to topple into the river, taking vehicles and people with it.

Operations to clear the bridge rubble weighing down the MV Dali are currently ongoing. While the cargo hauler and bridge rubble are blocking the way, the port city of Baltimore is unable to resume marine traffic, a key industry for the area. Crews have been working to cut up portions of the metal bridge, with the first section being lifted on Saturday.

**RT**

PAKISTAN

# Ten killed, 12 injured in rain-related incidents in NW Pakistan

At least ten people were killed and 12 others injured in rain-related incidents during the last two days in Pakistan's northwest Khyber Pakhtunkhwa Province, said an official statement on Sunday.

Provincial Disaster Management Authority (PDMA) of Khyber Pakhtunkhwa said the deceased included eight children and two women while nine children, two women and a man were among the wounded.

The PDMA added that at least 27 houses were damaged across the province in the torrential rain that started on Friday.

The statement said rescue teams were sent to affected areas and the deceased and injured were shifted to hospitals, adding that the people whose houses were damaged had been provided with shelters and necessary aid.

**Xinhua**

INDONESIA

# Hundreds evacuated after explosion in Indonesian military complex

Over 130 families have been evacuated after an explosion at a military ammunition warehouse near the Indonesian capital Jakarta on Saturday evening, an official said on Sunday.

The blast occurred at the warehouse owned by the Jayakarta Regional Military Command in Ciangsana Village, Bogor regency, West Java Province, approximately 7 km away from Jakarta's eastern border. Reports indicate that the explosion was audible within a 7 km radius.

West Java Acting Governor Bey Machmudin told local media on Saturday that evacuees were currently being housed in two separate temporary shelters.

According to Jayakarta Regional Military Command Chief Mohamad Hasan, fire brigades managed to extinguish the explosions on Sunday at around 3:45 a.m. local time. He also confirmed that no fatalities were reported in the incident.

Hasan explained that the fire originated in a warehouse within the military complex used for storing expired ammunition.

An investigation into the cause of the fire is still underway.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Alzheimer's may be able to SPREAD to organ transplant patients, study suggests - as experts call for dementia screening for ALL donors

- **Researchers in Canada suggested that Alzheimer's could spread in mice**
- **The spread was from bone marrow transplants containing faulty genes**

Alzheimer's disease could spread to patients who receive transplants containing potentially toxic genes, a study suggests.

Researchers in Canada are now calling for all donors to be screened for the disease in case cases are going undetected.

The new study looked at mice who had stem cells from their bone marrow transplanted from donors with familial Alzheimer's disease.

This type is caused by a single genetic mutation passed down through families and affects nearly 350,000 Americans and 1 percent of Alzheimer's cases in the UK.



Researchers in Canada found that mice who received bone marrow transplants containing stem cells with faulty genes developed Alzheimer's quicker than those who did not.

Patients with this form of Alzheimer's carry a faulty version of the amyloid precursor protein (APP) gene, which can turn into plaques and degrade the brain.

For the first time, the study appeared to show that this process starts outside of the central nervous system and then travels to the brain where it causes the cognitive decline associated with Alzheimer's disease.

The team found that the mice showed signs of cognitive decline as young as six months old - in nearly half the time of those who did not have transplants.

The study comes amid bombshell evidence from the UK suggesting that at least five people 'caught' the memory-robbing disorder from a now-banned hormone treatment that was contaminated with toxic proteins from the bodies of diseased people.

The authors of the new research called for blood, tissue, and organ donors to be screened for Alzheimer's to prevent possibly spreading the disease.

But they noted that more research is needed to see if the effect is the same in humans and other species.

Dr Wilfred Jefferies, senior study author and immunologist at the University of British Columbia, said: 'This supports the idea that Alzheimer's is a systemic disease where amyloids that are expressed outside of the brain contribute to central nervous system pathology.'

'As we continue to explore this mechanism, Alzheimer's disease may be the tip of the iceberg and we need to have far better controls and screening of the donors used in blood, organ and tissue transplants as well as in the transfers of human derived stem cells or blood products.'

It's unclear if any Alzheimer's cases have been linked to organ or bone marrow donations to date. The new study was published Thursday in the journal Stem Cell Reports.

Researchers transplanted bone marrow - a spongy substance in the center of the bones - with stem cells containing APP into two different groups of mice: those without an APP gene (APP Knockouts) and those with a normally functioning one.

They found that mice with a normally functioning APP gene developed signs of cognitive decline in nine months, and those without the gene experienced hallmarks of Alzheimer's in just six months.

Normally, mice prone to familial Alzheimer's start showing symptoms around 11 to 12 months of age.

For mice, these symptoms usually include loss of short-term and long-term memory and an absence of fear. Signs in the brain include a buildup of amyloid in the brain and leaks in the blood-brain barrier.

Dr Chaahat Singh, lead study author and neuroscientist at the University of British Columbia, said: 'The fact that we could see significant behavioral differences and cognitive decline in the APP-knockouts at six months was surprising but also intriguing because it just showed the appearance of the disease that was being accelerated after being transferred.'

The findings suggest that the mutated APP gene in donor stem cells could the disease in those without the gene and and that those with a normal APP gene are more susceptible to it.

The team also concluded that Alzheimer's disease can form from amyloid proteins found outside of the central nervous system.

The findings come after a UK study found evidence that at least five patients who were injected with growth hormones containing amyloid-beta protein 'seeds' - harvested from the bodies of dead people - 'caught' early-onset Alzheimer's later in life.

More than 1,800 other patients who received the treatment were deemed 'at risk.'

An NIH panel announced in January that it would launch an 'urgent' investigation into the research, as nearly 8,000 US children were injected with the therapy between the 1960s and 1980s.

**NIH launches urgently investigates if Alzheimer's can SPREAD**

An NIH panel is set to convene an urgent meeting amid fears thousands of Americans may have been put at risk of 'catching' Alzheimer's.

A bombshell UK study published Monday found evidence of at least five people 'caught' the memory-robbing disorder from a now-banned hormone treatment.

The growth hormones - harvested from the bodies of dead people - were riddled with toxic amyloid-beta protein 'seeds', or prions, which were shown to cause early-onset dementia.

Health experts in the US — where nearly 8,000 children were injected with the therapy between the 1960s and 1980s — now fear cases may have gone undetected on this side of the Atlantic.

A spokeswoman for the National Institutes of Health (NIH) told DailyMail.com: 'Given this new information, the committee will convene to discuss the issue and re-analyze data for any possible associations with Alzheimer's or dementia-related conditions.'

DailyMail.com understands the meeting will take place in early February among the Public Health Service Interagency Coordinating Committee on Human Growth Hormone and Creutzfeldt-Jakob Disease.

**Mail Online**

# ယူကရိန်းလက်နက်ကိုင်ပဋိပက္ခကို ပိုမိုဆိုးရွားစေရန် ဖန်တီးနေသည့် နေတိုးတပ်ဖွဲ့ဝင်နိုင်ငံများ

နိုင်အောင်




ပြင်သစ်နိုင်ငံအနေဖြင့် ယူကရိန်းနိုင်ငံသို့ လက်နက်ပစ္စည်းများ ထပ်မံပေးပို့မည်ဟု မတ်လ ၃၁ ရက်တွင် တရားဝင်ထုတ်ပြန်ကြေညာခဲ့ရာ ပြင်သစ်အစိုးရ၏ လုပ်ဆောင်ချက်သည် လက်ရှိဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခကိုအဆုံးသတ်စေရန် အထောက်အကူပြုခြင်းမရှိသည့်အပြင် ပိုမိုဆိုးရွားစေရန်ဖန်တီးနေခြင်းဖြစ်သည်ဟူသော ပြောဆိုချက်များ ထွက်ပေါ်လာသည်။

ပြင်သစ်အစိုးရသည် ၎င်းတို့၏ နိုင်ငံတွင်းသုံးလက်နက်အဟောင်းများဖြစ်သည့် သံချပ်ကာယာဉ်များနှင့် မြေပြင်မှ ဝေဟင်ပစ်ခတ်နိုင်သည့် ဒုံးကျည်အသစ်များကို ယူကရိန်းသို့ လွှဲပြောင်းပေးမည်ဟု ပြင်သစ်ကာကွယ်ရေးဝန်ကြီး ဆက်ဘေးရှန်းလီကော်နူက ကြေညာခဲ့ခြင်းဖြစ်သည်။

ပြင်သစ်အစိုးရ၏ လက်နက်ထောက်ပံ့ရေးအစီအစဉ်သည် ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်နှင့် ယူကရိန်းသမ္မတတို့ တွေ့ဆုံပြီးနောက် ယူကရိန်းက ၎င်းတို့အား လက်နက်များထောက်ပံ့ပေးရန် ပြင်သစ်အစိုးရကိုတောင်းဆိုခဲ့ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။ ယင်းအစီအစဉ်အရ ပြင်သစ်အစိုးရက လက်နက်အဟောင်းများဖြစ်သော်လည်း ၎င်းတို့နိုင်ငံအတွင်း အသုံးပြုနေဆဲ လက်နက်ပစ္စည်းများကို ယူကရိန်းသို့ပေးပို့မည်ဖြစ်သည်။

ယူကရိန်းနိုင်ငံသည် လက်ရှိတွင် အလွန်ရှည်လျားသည့် ရှေ့တန်းစစ်မျက်နှာကို ကာကွယ်နေရခြင်းကြောင့် သံချပ်ကာယာဉ်များ လိုအပ်လျက်ရှိကြောင်း၊ သံချပ်ကာယာဉ်များကို ထိရောက်စွာ အသုံးပြုနိုင်ခြင်းသည် စစ်သည်များအား လျင်မြန်စွာ တပ်ဖြန့်နိုင်ရေးအတွက် အလွန်အရေးပါသောကြောင့် ယူကရိန်းအစိုးရ၏ တောင်းဆိုချက်ကို ဖြည့်ဆည်းပေးခြင်းဖြစ်ကြောင်း ပြင်သစ်ကဆိုသည်။ သို့သော် ပြင်သစ်အစိုးရ၏ အဆိုပါလုပ်ဆောင်ချက်သည် လက်ရှိဆက်လက်ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခကို ပိုမိုရှည်ကြာစေမည်ဖြစ်ပြီး ယူကရိန်းနှင့်ရုရှားတို့ကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် တစ်ရပ်ချမှတ်ရန် တောင်းဆိုခြင်းကိုပါ အဟန့်အတားဖြစ်စေနိုင်မည်ဖြစ်သည်။

သို့သော် ပြင်သစ်အစိုးရသည် ယခုနှစ်နှင့် ၂၀၂၅ ခုနှစ်အတွင်း ရှေ့တန်းစစ်မျက်နှာသုံး VAB သံချပ်ကာယာဉ်ရာပေါင်းများစွာကို ယူကရိန်းသို့ ပေးပို့ရန် စီစဉ်နေသည်။ ပြင်သစ်တပ်မတော်သည် အဆိုပါသံချပ်ကာယာဉ်များကို ၁၉၇၀ ပြည့်နှစ်နှောင်းပိုင်းမှစ၍ အသုံးပြုခြင်းဖြစ်ပြီး ၎င်းတို့အား ဘက်စုံသုံးသံချပ်ကာလူသယ်ယာဉ်များအဖြစ် မွမ်းမံအဆင့်မြှင့်တင်လေ့ရှိသည်။ သို့သော် ယခုအခါ အဆိုပါ သံချပ်ကာယာဉ်ဟောင်းများကို ယူကရိန်းသို့ပေးပို့မည်ဖြစ်သည်။

ထို့ပြင် ပြင်သစ်အစိုးရသည် ယူကရိန်းသို့ ပထမအသုတ်အဖြစ် Aster 30 အမျိုးအစား မြေပြင်မှဝေဟင်ပစ်ဒုံးကျည်များကိုပေးပို့မည်ဖြစ်ရာ ရုရှားအား အမျက်ဒေါသထွက်စေခဲ့သည်။ ယင်းဒုံးကျည်များသည် အကွာအဝေး ၁၂၀ ကီလိုမီတာအတွင်းပျံသန်းလာသည့် စစ်လေယာဉ်များ၊ မောင်းသူမဲ့လေယာဉ် သို့မဟုတ် ဒရုန်းများ၊ ခရုစ်ဒုံးကျည်များကို ကြားဖြတ်တားဆီးနိုင်ခြင်းကြောင့်ပင်ဖြစ်သည်။

အလားတူပင် ဥရောပနိုင်ငံကြီးတစ်နိုင်ငံဖြစ်သည့် နယ်သာလန်အနေဖြင့်လည်း ၎င်းတို့၏ Patriot ဒုံးကျည်ကာကွယ်ရေးစနစ်တစ်ခုကို ရုရှားနယ်စပ်အနီးတွင် ဖြန့်ကြက်မည်ဖြစ်သည်။ အဆိုပါဒုံးကျည်စနစ်ကို လစ်သူယေးနီးယားနိုင်ငံတွင် ဖြန့်ကြက်မည်ဖြစ်ပြီး ယင်းသို့လုပ်ဆောင်ခြင်းသည် နယ်သာလန်နှင့် လစ်သူယေးနီးယားတို့ကြား နွေရာသီလေတပ်စစ်ရေးလေ့ကျင့်မှုအတွက်ဖြစ်သည်ဟု နယ်သာလန်စစ်ဘက်က ဆိုထားသော်လည်း ယင်းလုပ်ဆောင်ချက်ကို ရုရှားကခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ရှုမြင်လျက်ရှိသည်။

တစ်ချိန်တည်းမှာပင် အမေရိကန်အခြေစိုက် စီအိုင်အေအဖွဲ့သည် လက်ရှိတွင် ရုရှားနိုင်ငံအားချည့်နဲ့စေရန်အတွက် ယူကရိန်းနိုင်ငံအတွင်း၌ လျှို့ဝှက်အခြေစိုက်စခန်း ၁၂ ခုအား ဖွင့်လှစ်၍ လှုပ်ရှားလျက်ရှိသည်။ ယင်းအခြေစိုက်စခန်းများ အကြောင်းကို New York Times သတင်းစာက ဖော်ပြခဲ့ခြင်းဖြစ်သည်။

ထို့ပြင် စီအိုင်အေအဖွဲ့သည် ယူကရိန်းထောက်လှမ်းရေး အဖွဲ့ဝင်များအား မြေအောက်ဘန်ကာများအတွင်း၌ လေ့ကျင့်သင်ကြားပေးခြင်းနှင့် လက်နက်တပ်ဆင်ပေးခြင်းတို့ကိုပါ လုပ်ဆောင်လျက်ရှိရာ အမေရိကန်အပါအဝင် နေတိုးတပ်ဖွဲ့ဝင်နိုင်ငံများနှင့် ရုရှားနိုင်ငံတို့ကြား ဆက်ဆံရေးမှာ ခန့်မှန်း၍မရသည့်အခြေအနေသို့ ရောက်ရှိလာနိုင်သည်ဟု ဆိုနိုင်သည်။

ထို့ကြောင့် ပြင်သစ်၊ နယ်သာလန်နှင့် အမေရိကန်တို့၏လုပ်ဆောင်ချက်များသည် လက်ရှိဖြစ်ပွားနေဆဲဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခအဆုံးသတ်စေရေးကို မည်သို့မျှအထောက်အကူပြုခြင်းမရှိဟု လေ့လာသူများက ထောက်ပြထားခြင်းဖြစ်သည်။

ထို့ပြင် နိုင်ငံ၏အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့်လုံခြုံရေးကို ခြိမ်းခြောက်လာကိုအသုံးပြုရန် ပြင်ဆင်ထားခြင်းဖြစ်သည်။

ထို့ပြင် အချို့အနောက်နိုင်ငံများအနေဖြင့် ရုရှားအရေးနှင့်စပ်လျဉ်း၍ ကန့်သတ်ချက်များမရှိဟု ပြောဆိုထားသလို ရုရှားအနေဖြင့်လည်း ယင်းနိုင်ငံများအား တုံ့ပြန်ရန်အတွက် ကန့်သတ်ချက်များ မရှိကြောင်း နေတိုးတပ်ဖွဲ့ဝင်နိုင်ငံများကို ရည်ညွှန်း၍ ပူတင်ကဆက်လက်ပြောကြားထားခြင်းသည် နေတိုးအဖွဲ့ဝင်နိုင်ငံများအတွက် သတိပေးနေသကဲ့သို့ရှိနေသည်။

ရုရှားအနေဖြင့် အထူးသဖြင့် ယူကရိန်းလက်နက်ကိုင်ပဋိပက္ခတွင် အနောက်နိုင်ငံများက နက်ရှိုင်းစွာပါဝင်နေမှုအပေါ် သတိပေးခြင်းဖြစ်ပြီး နေတိုးတပ်ဖွဲ့ဝင်နိုင်ငံများ၏ လုပ်ဆောင်ချက်များကိုလည်း ရုရှားက အနီးကပ်စောင့်ကြည့်လျက်ရှိသည်။ ထို့ကြောင့် နေတိုးတပ်ဖွဲ့ဝင်နိုင်ငံများက ယူကရိန်းအား လက်နက်များ ဆက်လက် ထောက်ပံ့ပေးနေခြင်းသည် လက်ရှိဖြစ်ပေါ်နေသည့် အခက်အခဲအား ဖြေရှင်းရန် အထောက်အပံ့ဖြစ်စေခြင်းမရှိဘဲ ပိုမိုဆိုးရွားစေရန် ဖန်တီးနေခြင်းသာဖြစ်ကြောင်း လေ့လာသူများက ထောက်ပြနေခြင်းဖြစ်သည်။




ပါက နျူကလီးယားလက်နက်များကိုအသုံးပြုမည်ဟု ရုရှားသမ္မတ ဗလာဒီမာပူတင်က သတိပေးထားသည်။

ပူတင်အနေဖြင့် နေတိုးတပ်ဖွဲ့ဝင်နိုင်ငံများ၏ လုပ်ဆောင်ချက်ကို တုံ့ပြန်သည့်အနေဖြင့် ထိုသို့သော သတိပေးချက်ကို ယခုနှစ် မတ်လ ၁၃ ရက်တွင် ထပ်မံထုတ်ပြန်ပြောကြားခဲ့ခြင်းဖြစ်သည်။

စင်စစ်တွင် ရုရှားနိုင်ငံအနေဖြင့် နျူကလီးယားလက်နက်များအား အသုံးပြုရန် လိုအပ်မှုမရှိသော်လည်း နေတိုးတပ်ဖွဲ့ဝင်နိုင်ငံအချို့၏ လုပ်ဆောင်ချက်များကြောင့် နိုင်ငံ၏အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် လုံခြုံရေးကိုကာကွယ်ရန်အတွက် နျူကလီးယားလက်နက်အပါအဝင် လုပ်ဆောင်နိုင်သည့် နည်းလမ်းအားလုံး

ထို့ပြင် နေတိုးတပ်ဖွဲ့၏ အထောက်အပံ့ကိုရရှိနေသည့် ယူကရိန်းနှင့် ၎င်း၏ မဟာမိတ် အနောက်နိုင်ငံများအနေဖြင့် နောက်ဆုံးတွင် ရုရှားက ချမှတ်သည့် သတ်မှတ်ချက်များပါဝင်သော သဘောတူညီချက်တစ်ရပ်ကို သဘောတူညီရမည်ဖြစ်သည်ဟု သမ္မတပူတင်က ဆက်လက်ပြောကြားထားရာ နေတိုးတပ်ဖွဲ့ဝင်နိုင်ငံများ၏ လုပ်ဆောင်ချက်များကို ရုရှားက သတိထားစောင့်ကြည့်၍ လိုအပ်သည့် တုံ့ပြန်မှုများကို လုပ်ဆောင်လာနိုင်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

***Ref: RT,ST***

မနီလာ၊ စစ်ရေးလေ့ကျင့်မှု

## အမေရိကန်-ဖိလစ်ပိုင် စစ်ရေးလေ့ကျင့်မှုကို ဖိလစ်ပိုင် အမျိုးသမီးရေးရာအဖွဲ့အစည်းက ပြစ်တင်ရှုတ်ချ



အမေရိကန်နှင့် ဖိလစ်ပိုင်တို့အကြား နှစ်စဉ်ကျင်းပမြဲဖြစ်သည့် စစ်ရေးလေ့ကျင့်မှုကို ဖိလစ်ပိုင်အမျိုးသမီးရေးရာ အဖွဲ့အစည်းတစ်ခုက မတ်လ ၃၁ရက်တွင် ပြစ်တင်ရှုတ်ချ၍ အမေရိကန်တပ်များအား နိုင်ငံအတွင်းမှ မောင်းထုတ်ရန် တောင်းဆိုလိုက်ကြောင်း သိရသည်။

ဖိလစ်ပိုင်အစိုးရအနေဖြင့် အမေရိကန်နှင့်လက်မှတ်ရေးထိုးထားသည့် လက်နက်ကိုင်တပ်ဖွဲ့များ အပြန်အလှန်လည်ပတ်ရေးသဘောတူညီချက်နှင့် အမေရိကန်-ဖိလစ်ပိုင် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးသဘောတူညီချက် (EDCA) ကဲ့သို့သော စစ်ရေးသဘောတူညီချက်များကို အဆုံးသတ်သင့်ကြောင်း ဖိလစ်ပိုင်အမျိုးသမီးရေးရာ အဖွဲ့အစည်းတစ်ခုဖြစ်သည့် GABRIELA မှ အတွင်းရေးမှူးချုပ် ကလဲရစ်ပါ့စ်က တောင်းဆိုထားသည်။

ထို့ပြင် ဖိလစ်ပိုင်အတွင်း၌ အမေရိကန်တပ်များ ဖြန့်ကြက်ထားခြင်းသည် ဖိလစ်ပိုင်နိုင်ငံသားများ၏ ဘေးကင်းမှု၊ လူမှုဘဝနှင့် အခွင့်အရေးဆုံးရှုံးမှုများကို ဖြစ်ပေါ်စေသည်ကို သမိုင်းကြောင်းက သက်သေပြလျက်ရှိကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

အမေရိကန်နှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် Balikatan စစ်ရေးလေ့ကျင့်မှုကို ယခုနှစ် ဧပြီလ ၂၂ ရက်မှ မေလ ၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

Balikatan စစ်ရေးလေ့ကျင့်မှုတွင် အမေရိကန်စစ်သည် အနည်းဆုံး ၁၁၀၀၀ နှင့်ဖိလစ်ပိုင်လက်နက်ကိုင်တပ်ဖွဲ့ဝင် ၅၀၀၀ ခန့်ပါဝင်ရန်စီစဉ်ထားကြောင်း သိရသည်။

*Ref: Xinhua*

အေဒင်၊ စစ်ရေး

## အယ်လ်ကိုင်ဒါစစ်သွေးကြွအဖွဲ့၏ တိုက်ခိုက်မှုကြောင့် ယီမင်တပ်ဖွဲ့ဝင်လေးဦးသေဆုံး

ယီမင်နိုင်ငံတောင်ပိုင်းတွင် မတ်လ ၃၁ ရက်က အယ်လ်ကိုင်ဒါစစ်သွေးကြွအဖွဲ့၏ ချုံခိုတိုက်ခိုက်မှုကြောင့် အစိုးရတပ်ဖွဲ့ဝင် အနည်းဆုံး လေးဦးသေဆုံးခဲ့ကြောင်း စစ်ဘက်အရင်းအမြစ်တစ်ခုက ပြောသည်။

စစ်သွေးကြွများသည် အစိုးရတပ်ဖွဲ့အား အက်ဘန်ပြည်နယ်အတွင်း၌ တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ယင်းတိုက်ခိုက်မှုအတွင်း အစိုးရတပ်ဖွဲ့ဝင် သုံးဦးဒဏ်ရာရရှိသွားသည်။ ချုံခိုတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် စစ်သွေးကြွများနှင့် အစိုးရတပ်များကြား အပြန်အလှန်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားခဲ့ကြောင်းသိရသည်။

ယီမင်နိုင်ငံအတွင်းရှိ အယ်လ်ကိုင်ဒါစစ်သွေးကြွအဖွဲ့သည် အစိုးရ၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများ ရှိနေသော်လည်း နိုင်ငံမငြိမ်မသက်ဖြစ်ပွားမှုများကို အခွင့်ကောင်းယူ၍ နိုင်ငံအတွင်း၌ တိုက်ခိုက်မှုများဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ *Ref: Xinhua*

အစ္စလာမ်မာဘတ်၊ သဘာဝဘေး

## ပါကစ္စတန်အနောက်မြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အနည်းဆုံး လူ ၁၀ ဦးသေဆုံး



ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အနည်းဆုံး လူ ၁၀ဦးသေဆုံးပြီး ၁၂ ဦးဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်အစိုးရအဖွဲ့က မတ် ၃၁ ရက်တွင် ထုတ်ပြန်သည်။

မိုးရွာသွန်းမှုများသည် ခိုင်ဘာပတ်တွန်ခဝါပြည်နယ်တွင် ပြီးခဲ့သည့်နှစ်ရက်မှစ၍ စတင်ခဲ့ခြင်းဖြစ်ပြီး မိုးသည်းထန်မှုကြောင့် အနည်းဆုံး လူနေအိမ် ၂၇ လုံးပျက်စီးသွားကြောင်းသိရသည်။ သေဆုံးသူများတွင် ကလေးသူငယ်ရှစ်ဦးနှင့် အမျိုးသမီးနှစ်ဦးပါဝင်သည်။

ထို့ပြင် ဒဏ်ရာရရှိသူများတွင် အမျိုးသမီးနှစ်ဦးပါဝင်ပြီး ဒဏ်ရာရရှိသူများအား အာဏာပိုင်အဖွဲ့က နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် နေအိမ်များပျက်စီးခဲ့ရသူများကိုလည်း ယာယီခိုနားဆောင်များသို့ ပို့ဆောင်ပေးခဲ့ပြီး လိုအပ်သည့်အရေးပေါ် အကူအညီများပေးအပ်ခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အာဖဂန်နစ္စတန်နှင့်ထိစပ်နေသည့် နယ်စပ်ဒေသရှိ စိုက်ပျိုးမြေ ၁၅၀၀ ဧကပျက်စီးသွားသည့်အပြင် ဒေသအတွင်းရှိ တံတားများနှင့် အခြေခံအဆောက်အဦများလည်း ပျက်စီးသွားခဲ့ရကြောင်း သိရသည်။

*Ref: Xinhua, Azertag*

ရီးဂါ၊ စစ်ရေး

## ရုရှားက နေတိုးအားတိုက်ရိုက်ခြိမ်းခြောက်နေခြင်းမရှိဟု ရေတပ်ဗိုလ်ချုပ်ရော့ဘ်ဘားအားပြောကြား



ရုရှားနိုင်ငံသည် နေတိုးတပ်ဖွဲ့ဝင်နိုင်ငံများသို့ တိုက်ခိုက်ရန်ပြင်ဆင်နေခြင်းမရှိသောကြောင့် စစ်ရေးမဟာမိတ်အဖွဲ့အား တိုက်ရိုက်ခြိမ်းခြောက်နေခြင်း မရှိကြောင်း နေတိုးတပ်ဖွဲ့၏ စစ်ရေးကော်မတီအကြီးအကဲ နယ်သာလန်ရေတပ်ဗိုလ်ချုပ် ရော့ဘ်ဘားအားက ပြောသည်။

ရုရှားနိုင်ငံသည် လက်ရှိတွင် နေတိုးတပ်ဖွဲ့ဝင်နိုင်ငံများအပေါ် တိုက်ခိုက်ရန်စီစဉ်နေခြင်းမရှိကြောင်း၊ ထို့ကြောင့် ယင်းနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံများအား တိုက်ရိုက်ခြိမ်းခြောက်နေသည့် နိုင်ငံဖြစ်သည်ဟု ထင်မြင်မိခြင်းမရှိကြောင်း ရော့ဘ်ဘားအားက ပြီးခဲ့သည့် သီတင်းပတ်အကုန်ပိုင်းက လက်ဗီးယားနိုင်ငံ၊ ရီးဂါမြို့၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားသည်။

သို့ရာတွင် အမေရိကန်ဦးဆောင်သည့် နေတိုးတပ်ဖွဲ့အနေဖြင့် ဖြစ်ပေါ်လာနိုင်သည့် ရှေ့မတိုး၊ နောက်မဆုတ်သာ အခြေအနေအတွက် ကြိုတင်ပြင်ဆင်ထားသင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ရုရှားနိုင်ငံသည် လာမည့်နှစ်ပိုင်းအတွင်း နေတိုးတပ်ဖွဲ့ဝင်နိုင်ငံများအား တိုက်ခိုက်လာနိုင်သည်ဟု အနောက်နိုင်ငံများမှ ကျွမ်းကျင်သူများက ပြီးခဲ့သည့် သီတင်းပတ်များအတွင်း၌ သတိပေးပြောကြားပြီးနောက်ပိုင်းတွင် ရေတပ်ဗိုလ်ချုပ် ရော့ဘ်ဘားအား၏ တုံ့ပြန်ပြောကြားချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

သို့သော် အနောက်နိုင်ငံများမှ ကျွမ်းကျင်သူများ၏ အဆိုပါခန့်မှန်းပြောဆိုချက်ကို ရုရှားသမ္မတ ဗလာဒီမာပူတင်က ငြင်းဆိုခဲ့ပြီး ထိုသို့သော ပြောဆိုချက်များသည် အနောက်အင်အားကြီးနိုင်ငံများထံမှ ငွေကြေးထောက်ပံ့မှုရရှိရန် ကြိုးပမ်းခြင်းသာဖြစ်ကြောင်း ပူတင်က တုံ့ပြန်ထားကြောင်း သိရသည်။

*Ref: RT*

ကဘူးလ်၊ နိုင်ငံရေး

## နိုင်ငံ၏တရားဥပဒေကိုချိုးဖောက်သည့် အမေရိကန်နိုင်ငံသားနှစ်ဦးအား ဖမ်းဆီးဟု အာဖဂန်အစိုးရပြော

အာဖဂန်အစိုးရသည် နိုင်ငံ၏တရားဥပဒေကို ချိုးဖောက်ခဲ့သည့် အမေရိကန်နိုင်ငံသားနှစ်ဦးအား ဖမ်းဆီးခဲ့သည်ဟု အတည်ပြုပြောကြားထားကြောင်း ဒေသတွင်းမီဒီယာတစ်ခုက မတ်လ ၃၁ ရက်တွင် ဖော်ပြသည်။

အာဖဂန်အစိုးရသည် အမေရိကန်နိုင်ငံသားနှစ်ဦးအပါအဝင် နိုင်ငံ၏တရားဥပဒေကို ချိုးဖောက်ခဲ့သည့် နိုင်ငံခြားသားအများအပြားအား ဖမ်းဆီးထိန်းသိမ်းထားကြောင်း အစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဇာဘီဟူလာမူဂျာဟစ်၏ ပြောဆိုချက်ကို ကိုးကား၍ အာဖဂန်အမျိုးသားရေဒီယိုနှင့် ရုပ်သံဌာနက ထုတ်ပြန်သည်။ သို့သော် ဖမ်းဆီးခံထားရသည့် အမေရိကန်နိုင်ငံသားများ၏ အသေးစိတ် အချက်အလက်များကိုမူ ထုတ်ပြန်ထားခြင်းမရှိပေ။

အာဖဂန်နစ္စတန်နိုင်ငံအတွင်းသို့ ပြည်ဝင်ခွင့်ဗီဇာဖြင့် ဝင်ရောက်လာသူ မည်သူမဆို နိုင်ငံ၏ တရားဥပဒေကို လေးစားလိုက်နာရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ဥပဒေကို ချိုးဖောက်သူမည်သူကိုမဆို ဖမ်းဆီးသွားမည်ဖြစ်ကြောင်း ဇာဘီဟူလာမူဂျာဟစ်က ဆက်လက်ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံအတွင်း ဖမ်းဆီးခံထားရသည့် အမေရိကန်နိုင်ငံသားများ



ပြန်လည်လွတ်မြောက်ရေးအတွက် ကြိုးပမ်းရန် သမ္မတဂျိုးဘိုင်ဒင်အား အမေရိကန်ပြည်သူအချို့က တောင်းဆိုနေစဉ် အာဖဂန်အစိုးရ၏ ပြောကြားချက်ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

*Ref: Xinhua*

နေပြည်တော် မတ် ၃၁

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။


ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။


ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် **မတ်လ ၂၉ ရက်**တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ (၁)လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ဖိနပ်မျိုးစုံအရန်(၁၀၀၀၀) **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **မတ်လ ၂၉ ရက်**တွင် နေပြည်တော်ကောင်စီတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးမြို့နယ်၌ လိုင်စင်မဲ့ Luojia 110 မော်တော်ဆိုင်ကယ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **မတ်လ ၃၀ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး)-မြစ်ငယ်ဖြတ်လမ်း၌ ဆီသယ်ယာဉ်(၄)စီးပေါ်မှ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ (၄၀၈၄)ဂါလန်၊ ဓာတ်ဆီ (၅၆၁)ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၉၈၀၀၀၀)နှင့် အဆိုပါစက်သုံးဆီများတင်ဆောင်လာသည့် Hino Oil Bowser (၁)စီး၊ Isuzu Fuel Bowser (၁)စီး၊ KIA Fuel Bowser (၁)စီး၊ Hino Tractor Head (၁)စီးနှင့် Tank Trailer ဆီသယ်နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၂၉၈၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **မတ်လ ၃၀ ရက်**တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံလွင်တံတား(မော်လမြိုင်)ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ သထုံမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ပုဇွန်နှစ်ကောင် စားအုန်းဆီ(၅)လီတာပါဘူး(၈၀၀)အပါအဝင် ကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၄၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Canter (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၄၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၃၀ ရက်**တွင် တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ်(၄ ဒသမ ၃၆၀)တန်၊ သစ်မာ (၁ ဒသမ ၁၀၉)တန်နှင့် အခြားသစ် (၁ ဒသမ ၆၂၉)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၇၆၈၆)ကို သစ်တောဥပဒေအရလည်းကောင်း၊ **မတ်လ ၃၁ ရက်**တွင် တောင်ငူမြို့နယ်၌ လိုင်စင်မဲ့ Hino Truck (၁)စီးနှင့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ်(၃ ဒသမ ၀၂၄)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၂၈၈၈)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၆၀၅၇၄)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ်လ ၂၉ ရက်၊ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၁၆)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၄၉၄၀၅၇၄)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**(သတင်းစဉ်)**


**ပျောက်ဆုံးကြောင်း**

သက်ထွန်းအောင်(ဘ)ဦးစိုးဝင်း ၉/ညဥန(နိုင်)၁၅၄၀၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

အောင်ဇော်မင်း(ဘ)ဦးစောထွန်း ၁၂/ဥကတ(နိုင်)၁၃၇၃၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 228334)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

နေမျိုးထွန်း ၃/ဘအန(ပြု)၀၀၃၁၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 524116)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

အေးစန္ဒာဌေး(ဘ)ဦးစံဝင်း ၇/သနပ(နိုင်)၁၀၅၈၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

ပိုင်ဖြိုးဇော်(ဘ)ဦးသိန်းဝင်း ၉/လဝန(နိုင်)၃၀၆၃၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

ဟန်ဝင်းအောင်(ဘ)ဦးဝင်းထိန် ၁၂/သခန(နိုင်)၁၄၂၃၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

ကွတ်ခိုင်မြို့၊ အုပ်စု(၈)၊ ရပ်ကွက်(၃)နေ ဒေါ်ကျန်းဖာလီ(ဘ)ဦးကျန်းဒဲ့ဖျင် ၁၃/ကခန(နိုင်)၁၅၂၄၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၂၉၆၄၂၅၅**

**ပျောက်ဆုံးကြောင်း**

လားရှိုးမြို့၊ နယ်မြေ(၁၅)၊ ရပ်ကွက်(၅)နေ ဦးမောင်မောင်လေး(ဘ)ဦးတုံးလီကန်(ခ)အောင်ဘ ၁၃/လရန(နိုင်)၀၈၃၄၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MD 061210)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၃၄၆၀၀၉၈၇၉**

**ပျောက်ဆုံးကြောင်း**

လားရှိုးမြို့၊ ရပ်ကွက်(၇)နေ ဒေါ်ရန်ရှောက်အဲ(ဘ)ဦးရန်လောက်အပ် ၁၃/လရန(နိုင်)၀၅၅၇၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၆၀၄၆၇၇၄**

**ပျောက်ဆုံးကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့၊ စံပြဖဆပလရပ်ကွက်နေ လင်းကြူ(ဘ)မြင့်ဝေ ၁၂/မဂတ(နိုင်)၀၈၇၅၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MA 218463)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၈၉၀၀၃၇၈**

**ပျောက်ဆုံးကြောင်း**

တိုက်ကြီးမြို့နယ်၊ ဥပ္ပံကျေးရွာနေ စိုးသက်အောင်(ဘ)ဦးမြင့်စိုး ၁၂/တကန(နိုင်)၁၈၄၃၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 232539)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**သွေးသည်အသက် အသက်သည်သွေး သင့်သွေးဖြင့် အသက်ကယ်ပါ**

# နွေ၏အလှ

➢ လရောင်အဆမ်း၊ မြေလမ်းကလေး
အေးမြသာစွ၊ ဖြူလွလွနှင့်
လရောင်ဖြိုးဖြောက်၊ ရွက်ခြောက်လေးလည်း
စက်မှေးအအိပ်၊ တိုးတိတ်တိတ်ဝယ်
ကဗျာနယ်ကို. . .
လွမ်းဖွယ်ဖော်ညို့ နွဲ့လေ၏။

➢ လေပြောအနော့၊ ပြေလျော့လျော့နှင့်
ကြွေတော့ရွက်ဝါ၊ ဘယ်ခါမတွေ့
ကြွေ့ကြွေ့သက်ဆင်း. . .
လွမ်းချင်းသီဖွဲ့ နွဲ့လေ၏။

➢ လှခေါင်ကျူးကျူး၊ တန်ခူးမရောက်
နွေတစ်လျှောက်မှာ၊ ဖြေဖျောက်ပါလည်း
နီလာအချို့၊ မြတစ်စို့နှင့်
ရွက်ရင့်ကြွေကျ၊ မျက်ဖြေပြဆို
မျက်ရည်ယိုပြီ. . .
လွမ်းသီကုံးဖွဲ့ နွဲ့လေ၏။

➢ အကိုင်းအခက်၊ အဖော်မဲ့စဉ်
ဤသစ်ပင်ကို၊ နားခိုခေတ္တ
တေးသံမြနှင့်၊ ထူးတင့်ရနံ့
ဆွတ်ပျံ့ကြည်မွေး၊ ဥသြလေးလည်း
လွမ်းတေးဆိုပြ၊ ခါသမယ၌
ပင်အိုအလွမ်း၊ မျက်ရည်စမ်းမှာ
စီးမျောလာခဲ့ နွဲ့လေ၏။

➢ ပေါက်လဲငုံပွင့်၊ နီကြွင့်ကြွင့်က
ယှဉ်၍မရ၊ ကံ့ကော်လှကို
တုပဆိုပွင့်၊ နေရင့်ရင့်မှာ
နီတျာတျာဖွဲ့ နွဲ့လေ၏။

➢ ငွေလရိပ်မှာ၊ ကွေ့ကာစီးဆင်း
နုယဉ်ခြင်းဖွဲ့၊ တေးနွဲ့နွဲ့နှင့်
ညင်းတွဲ့သံရှင်၊ စမ်းရေယဉ်လည်း
နွေနေထဲဖွဲ့ နွဲ့လေ၏။

➢ လေမှာယိမ်းနွဲ့၊ နွေအဖွဲ့ကို
ရေးဆိုသီကုံး၊ ဘယ်မဆုံးနိုင်
ခွေနုံးယိုင်ချည့်၊ တပ်မသိပြီ
နွေသည်နွဲ့ပင် နွဲ့လွန်းတကား။ ။

**ယဉ်ယဉ်(ဘက်ရဲ)**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)
၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)
၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)
၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)
၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)
၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)
၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS)
၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)
၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)
၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)
၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)
၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)
၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေး ဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့.**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့.**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့။
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ပွေးတောင်ကော်ဖီခြံမှထွက်ရှိသော ကော်ဖီဆံ (Grade-1)များအား ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း(မြန်မာကျပ်ငွေ)ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

| စဉ် | အမျိုးအစား | ပမာဏ | တည်နေရာ |
|---|---|---|---|
| ၁။ | ကော်ဖီဆံ (Grade-1) | ၁၀. ၆၀ တန် | ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ (ပွေးတောင်) |

၂။ တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - (၁-၄-၂၀၂၄)
တင်ဒါပိတ်မည့်ရက် - (၂၄-၄-၂၀၂၄)
တင်ဒါရွေးချယ်မည့်နေရာ - တိုင်းဒေသကြီးဦးစီးမှူးရုံး၊ မန္တလေးမြို့။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါရုံးလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၊**
**၇၃-လမ်းနှင့် သိပ္ပံလမ်းထောင့်၊ မန္တလေးမြို့။**
**ဖုန်း ၀၂-၂၈၄၈၆၅၆၊ ၀၉-၇၆၈၉၆၈၈၂၆**

## စစ်ကိုင်းတိုင်းဒေသကြီး
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်ကုန်ထုတ်လမ်းတံတား၊ လုပ်ငန်းများအားဆောင်ရွက်ရန်အတွက် လုပ်ငန်းရှင်ကုမ္ပဏီများအား ဖိတ်ခေါ်အပ်ပါသည်-

(၁) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - (၁-၄-၂၀၂၄)ရက်နေ့(တနင်္လာနေ့) (ရုံးချိန်အတွင်း)
(၂) တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက် - (၂၂-၄-၂၀၂၄)ရက်နေ့(တနင်္လာနေ့) (ရုံးချိန်အတွင်း)
(၃) တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက် - (၂၃-၄-၂၀၂၄)ရက်၊ (၁၆:၀၀)နာရီအထိ
(၄) တင်ဒါတင်သွင်းရမည့်နေရာ - စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး

၂။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ မုံရွာမြို့၊ ဖုန်း-၀၇၁-၂၀၂၆၅၂၀၊ ၂၀၂၆၁၉၅ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**




### ပျောက်ဆုံးကြောင်း

မန္တလေးမြို့နေ မောင်သိန်းဇော်(ဘ) ဦးစိန်မောင် ၅/စကန(နိုင်)၁၄၆၇၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 874431)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၇၇၅၉၆၁၂**

### အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ အ. ထ. က(ကြို့ပင်ကောက်)(Grade-2)အောင်မှ အဘ ဦးထင်လင်းအောင်၏သား မောင်ငြိမ်းချမ်းဝေလွင်အား ယနေ့မှစ၍ မောင်ငြိမ်းချမ်းခန့်ဇော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ငြိမ်းချမ်းခန့်ဇော်**

## ပြည်ထဲရေးဝန်ကြီးဌာန
## တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရှိသဖြင့် မြန်မာနိုင်ငံသား ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန်ဖိတ်ခေါ်ပါသည်။

၂။ အဆိုပါလုပ်ငန်းများအတွက် မြန်မာနိုင်ငံသားပြည်တွင်းပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များသည် လုပ်ငန်းဆိုင်ရာအဆိုပြုလွှာများကို ၁-၄-၂၀၂၄ ရက်နေ့မှ စတင်ဝယ်ယူနိုင်ပြီး ကုမ္ပဏီမှတ်ပုံတင်၊ ကုမ္ပဏီ Profile နှင့် ဈေးနှုန်းအဆိုပြုလွှာများအား ဇမ္ဗူသီရိမြို့နယ်၊ ရုံးအမှတ်(၄၅)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်တွင် ၁၂-၄-၂၀၂၄ ရက်နေ့ ၁၆၀၀ နာရီနောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဖုန်း ၀၆၇-၃၄၁၂၁၃၈၊ ၀၆၇-၃၄၁၂၄၆၂ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ**

### ပျောက်ဆုံးကြောင်း

သက်သက်မွန်(ဘ)ဦးအားမင့် ၁၃/တယန(နိုင်)၁၁၇၁၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 717017)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၅၅၈၈၀၄၁**

### ပျောက်ဆုံးကြောင်း

နန်းမိုဟွမ်(ဘ)ဦးစိုင်းထွန်းလှ ၁၃/တယန(နိုင်)၀၉၃၂၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 717016)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၆၆၆၂၄၄၆၀**

### ပျောက်ဆုံးကြောင်း

နေမင်းထက်ဝင်းလှိုင်(ဘ)ဦးဝင်းလှိုင် ၁၂/ဒဂမ(နိုင်)၀၃၀၉၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၆၁၀၂၂၅၁**

### ပျောက်ဆုံးကြောင်း

ဝေယံထက်ဝင်းလှိုင်(ဘ)ဦးဝင်းလှိုင် ၁၂/ဒဂမ(နိုင်)၀၃၀၉၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၅၀၄၄၁၇၂၆**

### ပျောက်ဆုံးကြောင်း

စန်းစန်းမြင့်(ဘ)ဦးမြမောင် ၁၂/ဗတထ(နိုင်)၀၁၄၅၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(811100)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

လန်ရပ်ပော်(ခ)မောင်သန်းနိုင်(ဘ)ဦးကင်းရီ ၁၂/လမန(ပြု)၀၀၀၁၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၀၂၀၂၃၀၄**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## (နှစ်ဆင့်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ညောင်းခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်နိုင်ရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာကျပ်ငွေဖြင့် တည်ဆောက်ရေးလုပ်ငန်း (၄)မျိုးကို ဆောင်ရွက်နိုင်ရေး အောက်ဖော်ပြပါအတိုင်း နှစ်ဆင့်အိတ်ဖွင့်တင်ဒါ ခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားပိုင်ပြည်တွင်းကုမ္ပဏီများအနေဖြင့် တင်ဒါဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါပုံစံရောင်းချမည့်ရက် - (၁-၄-၂၀၂၄)ရက်နေ့(တနင်္လာနေ့) ရုံးချိန်အတွင်း
(ခ) တင်ဒါပုံစံများ နောက်ဆုံးရောင်းချမည့်ရက် - (၂၂-၄-၂၀၂၄)ရက်နေ့(တနင်္လာနေ့) ရုံးချိန်အတွင်း
(ဂ) တင်ဒါပုံစံနှင့်နည်းပညာအဆိုပြုလွှာ စာအိတ်(A)နောက်ဆုံးတင်သွင်းရမည့် နေ့ရက်၊ အချိန်၊ နေရာ - (၂၃-၄-၂၀၂၄)ရက်နေ့(အင်္ဂါနေ့) ရုံးချိန်အတွင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ရုံးအမှတ်(၃)၊ နေပြည်တော်
(ဃ) နည်းပညာဆိုင်ရာအဆိုပြုလွှာ စိစစ်ရွေးချယ်ခြင်း - (၃၀-၄-၂၀၂၄)ရက်နေ့(အင်္ဂါနေ့)
(င) နည်းပညာအောင်မြင်သော ကုမ္ပဏီများမှ ဈေးနှုန်းအဆိုပြုလွှာစာအိတ်(B) တင်သွင်းခြင်း - ဆက်သွယ်အကြောင်းကြားပါမည်။
(စ) နည်းပညာအောင်မြင်သော ကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ စာအိတ်(B)အားဖွင့်ဖောက်၍ စိစစ်ရွေးချယ်ခြင်း - ဆက်သွယ်အကြောင်းကြားပါမည်။

၂။ တင်ဒါပုံစံများကို တစ်စုံလျှင် ၅၀၀၀၀/-(ကျပ်ငါးသောင်းတိတိ)နှုန်းဖြင့် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး တင်ဒါအဆိုပြုလွှာများကိုတင်သွင်းရာတွင် သတ်မှတ်ချိန်ထက် နောက်ကျတင်သွင်းခြင်း၊ ချိပ်ပိတ်စာအိတ်များ ပေါက်ပြဲ/စုတ်ပြဲနေခြင်းနှင့် e-mail ဖြင့် လျှောက်လွှာတင်သွင်းခြင်းများကို လုံးဝ(လုံးဝ)လက်ခံမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံရောင်းချမည့်နေရာတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းအမှတ် (၀၆၇-၃၄၀၈၀၁၂၊ ၀၆၇-၃၄၀၈၄၁၀)သို့ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

**တင်ဒါအမှတ်** - **(1) 1T(C/RB)/PROCUREMENT/REINFORCED STEEL BAR/2024-2025**
**(2) 1T(C/RB)/PROCUREMENT/P.C Wire & Accessories/2024-2025**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ (၂၀၂၄-၂၀၂၅)ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်မည့်တံတားများတွင် အသုံးပြုရန်အတွက် သံချောင်းလုံးအရွယ်စုံ HRB-500(Deformed Bar)များနှင့် P.C Wire နှင့် ဆက်စပ်ပစ္စည်းများအား ရန်ကုန်မြို့ရှိ တံတားလေးသိုလှောင်ဝင်းနှင့် ပျဉ်းမပင်စတို(နွယ်ခွေ)သိုလှောင်ဝင်းအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - (၃-၄-၂၀၂၄)ရက်နေ့(ရုံးချိန်အတွင်း)။
၃။ တင်ဒါပုံစံ ပိတ်သိမ်းမည့်ရက် - (၂၆-၄-၂၀၂၄)ရက်နေ့(ရုံးချိန်အတွင်း)။
၄။ (က) သံချောင်းလုံးနမူနာအား Lab သို့ နောက်ဆုံးပေးပို့ရမည့်ရက် - (၂၉-၄-၂၀၂၄)ရက်နေ့။
(ခ) P.C Wire နှင့် ဆက်စပ်ပစ္စည်းများ နမူနာနှင့် Mill Certificate နောက်ဆုံးပေးပို့ရမည့်ရက် - (၂၉-၄-၂၀၂၄)ရက်နေ့။
၅။ နမူနာသံချောင်းလုံးများ၏ Lab Test Result များ နောက်ဆုံးပေးပို့ရမည့်ရက် - (၃-၅-၂၀၂၄)ရက်နေ့။
၆။ တင်ဒါဖွင့်မည့်ရက် - (တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့် အချိန်အား အကြောင်းကြားပါမည်။)
၇။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။
၈။ သတ်မှတ်ရက်ထက် နောက်ကျတင်သွင်းသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**တံတားဦးစီးဌာန၊ ဖြည့်တင်းရေးဌာနခွဲ**
**ရုံးအမှတ်(၁၁)နေပြည်တော်**
**၀၉-၉၅၁၆၀၀၆၈၈**

**သွေးသည်အသက် အသက်သည်သွေး သင့်သွေးဖြင့် အသက်ကယ်ပါ**

ဘာလင်၊ ဘောလုံး

## ဟော့ဖန်ဟိန်းအသင်းကို နောက်ကျသွင်းဂိုးဖြင့်အနိုင်ရရှိပြီးနောက် ယခုဘောလုံးရာသီ ရှုံးပွဲမရှိစံချိန်ကို လေဗာကူဆင်အသင်းဆက်လက်ထိန်းထားနိုင်

ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ်(၂၇)အဖြစ်ကစားသည့် လေဗာကူဆင်အသင်းနှင့် ဟော့ဖန်ဟိန်းအသင်းတို့ ပွဲစဉ်တွင် လေဗာကူဆင်အသင်းက နောက်ကျသွင်းဂိုးဖြင့် အနိုင်ရရှိပြီးနောက် ယခုဘောလုံးရာသီတွင် ရှုံးပွဲမရှိသည့်စံချိန်ကောင်းတစ်ရပ်ကို ဆက်လက်ထိန်းထားနိုင်ခဲ့ကြောင်း သိရသည်။

လေဗာကူဆင်အသင်းက ဟော့ဖန်ဟိန်းအသင်းကို ၂ ဂိုး-၁ ဂိုးဖြင့်အနိုင်ရရှိသည့်ပွဲစဉ်တွင် ဟော့ဖန်ဟိန်းအသင်းက ဘိုင်ယာ၏သွင်းဂိုးဖြင့် ပွဲချိန်တစ်လျှောက်လုံး ဦးဆောင်နိုင်ခဲ့သော်လည်း ပွဲချိန် ၈၈ မိနစ်တွင် လေဗာကူဆင်အသင်းမှ အန်ဒရစ်ချက်က ချေပဂိုးသွင်းယူနိုင်သကဲ့သို့ နာကျင်အချိန်ပိုတစ်မိနစ်တွင် ပက်ထရစ်ရှုရှစ်ချ်က ထပ်မံဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲအပြီးတွင် လေဗာကူဆင်အသင်းက ၂ ဂိုး-



၁ ဂိုးဖြင့် အနိုင်ရရှိပြီး စံချိန်မှတ်တမ်းကောင်းတစ်ရပ်ကို ဆက်လက်ထိန်းထားနိုင်ခဲ့ခြင်းဖြစ်သည်။

လေဗာကူဆင်အသင်းသည် ယခုဘောလုံးရာသီတွင် နည်းပြအလွန်ဆို၏ ဦးဆောင်မှုနှင့်အတူ ရလဒ်ကောင်းများဆက်တိုက်ရရှိနေပြီး ပြိုင်ပွဲစုံ ၃၇ ပွဲကစားပြီးချိန် ရှုံးပွဲမရှိသေးသည့် စံချိန်မှတ်တမ်းကောင်းတစ်ရပ်ကိုရရှိခဲ့ခြင်းဖြစ်သည်။

လေဗာကူဆင်အသင်းသည် ယခုဘောလုံးရာသီတွင် ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲ၌ ၂၇ ပွဲကစားပြီးချိန်တွင် ၂၃ ပွဲနိုင်၊ လေးပွဲသရေ၊ ရမှတ် ၇၃ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံး၌ ရပ်တည်လျက်ရှိပြီး ယူရိုပါလိဂ်ပြိုင်ပွဲတွင်လည်း ပွဲစဉ်အားလုံးအနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်ထားသကဲ့သို့ ဂျာမန်ပိုကယ်ဖလားပြိုင်ပွဲတွင်လည်း ရှုံးပွဲမရှိသေးဘဲ ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခဲ့သည်။

လေဗာကူဆင်အသင်းသည် ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲတွင် ရမှတ် ၇၃ မှတ်ရရှိထားသည့်အတွက် အသင်းသမိုင်းတစ်လျှောက် ၁၉၉၉-၂၀၀၀ ဘောလုံးရာသီက တင်ထားခဲ့သည့် ရမှတ်အများဆုံးဘောလုံးရာသီမှတ်တမ်းကိုလည်း လိုက်မီနိုင်ခဲ့ကြောင်း သိရသည်။

***Ref;B/R Football***

လန်ဒန်၊ ဘောလုံး

## ဘရိုက်တန်အသင်းက နည်းပြဒီဇာဘီကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုများပြုလုပ်

ဘရိုက်တန်အသင်းက အသင်းမှ နည်းပြဒီဇာဘီကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုများပြုလုပ်နေကြောင်း သိရသည်။

အသက် ၄၄ နှစ်အရွယ် နည်းပြ ဒီဇာဘီသည် ၂၀၂၂ ခုနှစ် စက်တင်ဘာလက ဘရိုက်တန်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ပြီး အသင်းကို ရလဒ်ကောင်းများရရှိအောင်စွမ်းဆောင်နိုင်ခဲ့ကာ ပြီးခဲ့သည့်ဘောလုံးရာသီကလည်း အသင်းကို ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သူဖြစ်သည်။

ဘရိုက်တန်အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြဒီဇာဘီကို ဥရောပမှ ထိပ်တန်းကလပ်အသင်းကြီးများက နည်းပြသစ်ခန့်အပ်ရန် စီစဉ်နေသည့်အတွက် ဘရိုက်တန်အသင်းကလည်း နည်းပြဒီဇာဘီကို လက်မလွှတ်လိုသည့်အတွက် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုများပြုလုပ်နေခြင်းဖြစ်ပြီး နည်းပြ ဒီဇာဘီကလည်း အသင်းနှင့် ဆက်လက်လက်တွဲလိုသည့်အတွက် မကြာမီ အသင်းနှင့်သက်တမ်းတိုးစာချုပ်ချုပ်ဆိုဖွယ်ရှိနေကြောင်း သိရသည်။

***Ref;Fotmob***

ရီယိုဒီဂျနေရိုး၊ ဘောလုံး

## ဖလူမင်နီးစ်အသင်းဥက္ကဋ္ဌ မာရီယိုဘစ်တမ်းကော့က ချယ်လ်ဆီးအသင်းခံစစ်ကစားသမား သီယာဂိုဆေးဗားအနေဖြင့် အသင်းကိုပြန်လာရန် စိတ်အားထက်သန်နေကြောင်း ပြောဆို

ဘရာဇီးကလပ် ဖလူမင်နီးစ်အသင်းဥက္ကဋ္ဌဖြစ်သူ မာရီယိုဘစ်တမ်းကော့က လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ချယ်လ်ဆီးအသင်းမှ ထွက်ခွာဖွယ်ရှိနေသည့် ခံစစ်ကစားသမား သီယာဂိုဆေးဗားအနေဖြင့် ဖလူမင်နီးစ်အသင်းကို ပြန်လာရန် စိတ်အားထက်သန်နေကြောင်း ပြောကြားသည်။

သီယာဂိုဆေးဗားနှင့် ချယ်လ်ဆီးအသင်းတို့၏ စာချုပ်သက်တမ်းမှာ လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ကုန်ဆုံးမည်ဖြစ်ပြီး ၎င်း၏နောက်ထပ်အသင်းအပြောင်းအရွှေ့နှင့်ပတ်သက်၍ မရေရာမှုများရှိနေသည်။ သီယာဂိုဆေးဗားသည် ချယ်လ်ဆီးအသင်းသို့ နည်းပြပိုချက်တီနို ရောက်ရှိလာကတည်းက အသင်းတွင် ပုံမှန်ပွဲထွက်ခွင့်ရရှိနေသော်လည်း ဒဏ်ရာပြဿနာများနှင့်ကြုံတွေ့လာရပြီးနောက် ပြီးခဲ့သည့် ဖေဖော်ဝါရီလကတည်းက ပွဲထွက်ခွင့်ပျောက်ဆုံးနေခြင်းဖြစ်သည်။

လာမည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ချယ်လ်ဆီးအသင်းက ဗဟိုခံစစ်ကစားသမားတစ်ဦးကို ရှာဖွေနေခြင်းကြောင့် သီယာဂိုဆေးဗားအား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခွင့်ပြုဖွယ်ရှိနေသည်။

ဖလူမင်နီးစ်အသင်းဥက္ကဋ္ဌ မာရီယိုဘစ်တမ်းကော့က" ကျွန်တော်နဲ့ သီယာဂိုဆေးဗားတို့က မိတ်ဆွေကောင်းတွေပါ။ ကျွန်တော်သူနဲ့ စကားတွေအများကြီးပြောဖြစ်ပါတယ်။ ကျွန်တော်တို့အသင်းကို သူပြန်လာဖို့ အရမ်းကို စိတ်အားထက်သန်နေပါတယ်။ ချယ်လ်ဆီးအသင်းနဲ့ သူ့ရဲ့စာချုပ်သက်တမ်းက ကုန်ဆုံးတော့မယ်ဆိုတာ သိပါတယ်။ သူက စာချုပ်သက်တမ်းတိုးမယ်လို့မထင်ပါဘူး။ သူ့ရဲ့မွေးရပ်မြေက ဖလူမင်နီးစ်အသင်းအတွက် ကစားပေးဦးမယ်လို့ ကျွန်တော်ထင်ပါတယ်"ဟု ပြောသည်။

***Ref;90 min***

မန်ချက်စတာ၊ ဘောလုံး

## မန်ယူအသင်းက ကွင်းလယ်ကစားသမား ကက်စ်မဲရိုး၏နေရာ၌အစားထိုးရန် ဘိုင်ယန်မြူးနစ်အသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် ကင်မစ်ချ်ကို ခေါ်ယူရန်ပြင်ဆင်နေ

မန်ယူအသင်းက ကွင်းလယ်ကစားသမား ကက်စ်မဲရိုး၏နေရာ၌ အစားထိုးရန် ဘိုင်ယန်မြူးနစ်အသင်းနှင့်အနာဂတ်မရေမရာဖြစ်နေသည့် ကင်မစ်ချ်ကို ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အသက် ၃၂ နှစ်အရွယ် ကက်စ်မဲရိုးသည် ၂၀၂၂ ခုနှစ်က ရီးယဲလ်မက်ဒရစ်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သော်လည်း ယခုဘောလုံးရာသီတွင် မကြာခဏဒဏ်ရာရရှိနေသည့်အတွက် မန်ယူအသင်းက လာမည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ပြန်လည်ရောင်းချရန် ပြင်ဆင်နေခြင်းဖြစ်သည်။

အသက် ၂၉ နှစ်အရွယ် ကင်မစ်ချ်သည် ၂၀၁၅ ခုနှစ်က စတုဂတ်အသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ဘောလုံးရာသီတိုင်းတွင် ခြေစွမ်းပြကစားနိုင်ခဲ့ပြီး လက်ရှိအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် ကစားသမားတစ်ဦးဖြစ်သည်။

ကင်မစ်ချ်နှင့် ဘိုင်ယန်မြူးနစ်အသင်းတို့စာချုပ်သက်တမ်းမှာ တစ်နှစ်သာကျန်ရှိပြီး ဘိုင်ယန်မြူးနစ်အသင်းက သက်တမ်းတိုးလိုနေသော်လည်း ကင်မစ်ချ်ကိုယ်တိုင်က ငြင်းဆိုထားသည့်အတွက် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ဘိုင်ယန်မြူးနစ်အသင်းက ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

***Ref;Bild***



နေပြည်တော်  မတ်  ၃၁

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။


ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Khintha zinwin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၇၂)ရပ်ကွက်နေ ခင်သဇင်ဝင်းအား နံနက် ၉ နာရီ ၅၅ မိနစ်တွင်လည်းကောင်း၊ "U Zaw" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ရှားတောကျေးရွာနေ ဇော်ဇော်အား မွန်းလွဲ ၁ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၁၀၀)

နေပြည်တော်  မတ်  ၃၁

# မန္တလေးတိုင်းဒေသကြီးတွင် ငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းကျော် ဖမ်းဆီးရမိ



ဖမ်းဆီးရမိသူများကို သိမ်းဆည်းရမိသည့်စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူတွေ့ရစဉ်။

မန္တလေးတိုင်းဒေသကြီးတွင် ငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းကျော် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မတ်လ ၂၃ ရက် ည ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကျောက်ချောကျေးရွာအနီးတွင် ပိုင်စိုးမောင်းနှင်ပြီး မအိအိမွန် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို သတင်းအရရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ ပြား သိမ်းဆည်းရမိခဲ့ပြီး ပုသိမ်ကြီးမြို့နယ် ကျွဲနဖားကျေးရွာရှိ ပိုင်စိုး၏ နေအိမ်နှင့် အမရပူရမြို့နယ် တောတွင်းကျေးရွာရှိ မအိအိမွန်၏ နေအိမ်တို့မှ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၀၀ ကိုလည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ မတ်လ ၂၄ ရက်တွင် မဟာအောင်မြေမြို့နယ်၌ မစိန်(ခ)သက်ထားကိုလည်းကောင်း၊ မတ်လ ၂၆ ရက်တွင် ချမ်းမြသာစည်မြို့နယ် မြို့သစ်ရပ်ကွက်၌ ဝိုင်အောင်မြင့်ကို မော်တော်ဆိုင်ကယ်တစ်စီးနှင့်လည်းကောင်း၊ ကျော်ရဲသူကို ပုသိမ်ကြီးမြို့နယ် ကွေ့ကြီးကုန်းကျေးရွာသွားလမ်း၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀၊ မော်တော်ဆိုင်ကယ်တစ်စီးနှင့် လည်းကောင်း၊ ဂေါ်ယုံဆင်းအား ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက် ၅၄ လမ်း၊ ၁၀၉ (B)နှင့် ၁၁၀ လမ်းကြားရှိ ၎င်း၏နေအိမ်၌လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ပြီး ဆက်လက်စစ်ဆေးဖော်ထုတ်ခဲ့ရာ မတ်လ ၂၇ ရက် နံနက် ၁၀ နာရီတွင် ဝိုင်အောင်မြင့် ငှားရမ်းနေထိုင်သည့် ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကြည်ကုန်းရပ်ကွက်ရှိနေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၈၆၀၀၀၀ ထပ်မံသိမ်းဆည်းရမိခဲ့ပြီး စုစုပေါင်းဒေသကာလတန်ဖိုးငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းကျော်နှင့်အတူ ကွင်းဆက်တရားခံများ ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အားဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် မတ် ၃၁

## နေ့အပူချိန်များ အနည်းငယ်တိုးနေ

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့်ကရင်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးနေမည်။

(မိုး/ဇလ)

ရန်ကုန်  မတ်  ၃၁

# နိုင်ငံတကာခြေစမ်းပွဲစဉ်တွင် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းက အာဖဂန်နစ္စတန်အသင်းကို ၄ ဂိုး ၂ ဂိုးဖြင့်အနိုင်ရရှိ

နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁(သုဝဏ္ဏ)တွင်ကစားခဲ့ရာ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းက ၄ ဂိုး၂ ဂိုးဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းလုံးအမိကကစားသမားအစုံအလင်ဖြင့်ပွဲထွက်လာခဲ့ပြီး မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းအတွက် သွင်းဂိုးများကို အောင်ဇင်ဦးနှင့်မျိုးမင်းစိုးက တစ်ဂိုးစီနှင့် မျိုးသက်အောင်က နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းနှင့် အာဖဂန်နစ္စတန်အသင်းတို့သည် အမျိုးသားအားကစားပြိုင်ပွဲရုံ-၁(သုဝဏ္ဏ)တွင် နိုင်ငံတကာခြေစမ်းပွဲနှစ်ပွဲကစားခဲ့ပြီး ပထမပွဲစဉ်အဖြစ် မတ်လ ၃၀ ရက်က ကစားခဲ့ရာ အာဖဂန်နစ္စတန်အသင်းက ၆ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဒုတိယပွဲစဉ်တွင် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းက ၄ ဂိုး ၂ ဂိုးဖြင့် ပြန်လည်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် အာဖဂန်နစ္စတန်အသင်းနှင့်ခြေစမ်းပွဲစဉ်များပြီးလျှင် နိုင်ငံတကာခြေစမ်းပွဲစဉ်များကစားရန်နှင့် AFC Futsal Cup 2024 ပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကစားမည့် ထိုင်းနိုင်ငံသို့ထွက်ခွာမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် AFC Futsal Cup 2024 ပြိုင်ပွဲတွင် ထိုင်းအသင်း၊ ဗီယက်နမ်အသင်း၊ တရုတ်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေကြောင်း သိရသည်။

စည်သူအောင်



# တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့် အမျိုးသမီးစစ်မှုထမ်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၅-၂၀၂၄ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက်မကြီးရ။

(ဂ) အခြေခံပညာ အဋ္ဌမတန်း (သို့) Grade-9 အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့်စဉ်းစားပါမည်။)

(င) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ၊ Myawady Webportal (www.myawady.net.mm/private(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၄-၃-၂၀၂၄ ရက်နေ့မှ ၁၇-၄-၂၀၂၄ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အခြေခံပညာ အဋ္ဌမတန်း (သို့မဟုတ်) Grade-9 အောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထားခဲ့သည့် စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တပ်သားသစ်လစာ(၁၄၄၀၀၀)ကျပ်ကိုခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သားအခြေခံလစာ(၁၅၀၀၀၀)ကျပ်နှင့် စရိတ်များ ခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက်ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့ (သို့မဟုတ်) သင့်လျော်ရာ လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာတပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး

သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....

ရွှေဖီဦး

ရွှေဖီဦး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

Tea Mix

Lemon Tea

Black Tea

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၁၀၁၈၀

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇







မြဝတီစက်သုံးဆီဖြန့်ဖြူးရောင်းချရေးလုပ်ငန်း




အရည်အသွေးမှန်၊ အရေအတွက်မှန်၊ ကောင်းမွန်သော ဝန်ဆောင်မှုတို့ဖြင့်

ရန်ကုန်၊ ကျောက်တံခါး၊ ပဲခူးယက်ကန်း၊ ဖြူး၊ နေပြည်တော်၊ သာစည်၊ ကျောက်ဆည်၊ မန္တလေး၊ ကျောက်မဲ၊ ပြင်ဦးလွင်၊ ပခုက္ကူ၊ အောင်လံ၊ ပြည်၊ ဝါးဇီတို့တွင် လွတ်လပ်စွာ ဝယ်ယူနိုင်ပါသည်။

ဖုန်း။ ၀၅-၀၁-၅၃၆၅၅၇၊ ၅၃၁၁၂၈၊ ၅၃၁၁၂၉

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

## OUR SERVICES

- Current Deposit Account
- Savings Deposit Account
- Fixed Deposit Account
- Call Deposit Account
- Scholarship Funding Service
- Loans , Overdraftand Hire Purchase System
- Gift Cheque Services and Payment Order Services
- Safe Deposit Locker
- ATM / POS Services / MPU Debit Card / Credit Card
- Mobile Banking and Internet Banking Services




မှန်သည် မြန်သည် မြဝတီ

Phone No: (01) 2301367, 2301368, 2301452, 2301378

❖ ကိုယ်ချင်းစာသည့်အပိုင်း၌ သဘောကောင်းခြင်းနှင့် စေတနာကောင်းခြင်းကို ခွဲခြားသိမြင်နိုင်ရန်လိုပြီး ရေတိုအလုပ်ဖြစ်စေရန် သဘောကောင်းသည်မျိုးမဟုတ်ဘဲ ရေရှည်အကျိုးကိုကြည့်ပြီး စေတနာထားဆောင်ရွက်သွားကြရမည်ဖြစ်...

❖ ကွပ်ကဲအုပ်ချုပ်မှုအောင်မြင်ရန်အတွက်လည်း မိမိအုပ်ချုပ်ရသည့်လက်အောက်ငယ်သားကို ကျောသားရင်သားမခွဲခြားဘဲ ညီညွတ်မျှတစွာအုပ်ချုပ်သွားရမည်ဖြစ်...

❖ တစ်ဦးချင်းစီ၏စိတ်နေသဘောထားနှင့် လုပ်ဆောင်နိုင်စွမ်းများ၊ အားသာချက်နှင့်အားနည်းချက်များကိုလည်း သိရှိအောင်ဆောင်ရွက်ပြီး လူမှန်၊ နေရာမှန်တာဝန်ပေးအပ်နိုင်ရေး လုပ်ဆောင်သွားရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင်ပြုလုပ်သော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၅)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားမိန့်ခွန်းပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတကာကရာတေးအဖွဲ့ချုပ်မှ ကြီးမှူးပြုလုပ်သည့် အမျိုးသား၊ အမျိုးသမီး ကရာတေးပြိုင်ပွဲများကျင်းပ



**ရန်ကုန် မတ် ၃၁**

IKO Myanmar (International Karate Organization Myanmar) နိုင်ငံတကာ ကရာတေးအဖွဲ့ချုပ်မှကြီးမှူးကျင်းပသည့် IKO Kids and Youths Tournament 2024 ကရာတေးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ်၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် အသက်ကိုးနှစ်မှစတင်ကာ **စာမျက်နှာ ၁၁ ကော်လံ ၅** ■

## ပြည်သူသို့ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ(ဖြေလျှော့ပေးမည့်ကိစ္စရပ်များမပါ)အား ဧပြီလကုန်အထိ ရက်တိုးမြှင့်သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာချက်**

၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်

(၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်)

ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ(ဖြေလျှော့ပေးမည့်ကိစ္စရပ်များမပါ)အား ၂၀၂၄ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

စာ - ၁၂ သို့

## နွေရာသီရေရှားပါးမှုများဖြစ်ပေါ်လာပါက ဆက်သွယ်သတင်းပေးပို့နိုင်ပါရန်အသိပေး

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နှစ်စဉ်နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှုဖြစ်နိုင်ခြေရှိသော ကျေးရွာများအား ကြိုတင်စာရင်းကောက်ယူခြင်း၊ ကျေးရွာများနှင့်တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်နိုင်ရန်နှင့် သောက်သုံးရေအလျင်အမြန် ပံ့ပိုးဖြည့်ဆည်းပေးရန်အတွက် အစီအစဉ်များ ကြိုတင်ချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ နွေရာသီရေပြတ်လပ်မှုများဖြစ်ပေါ် လာပါက ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရန်နှင့် အချက်အလက်များအချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရေးအတွက် www.water-donation.com Website အား ထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

သောက်သုံးရေ ပြတ်လပ်မှုများအား ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှတစ်ဆင့် သက်ဆိုင်ရာကျေးရွာအသီးသီးသို့ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များအားဖြန့်ဝေထားပြီးဖြစ်သည့်အတွက် သောက်သုံးရေရှားပါးမှုဖြစ်ပေါ် ပါကဖုန်း၊ Facebook၊ Viber၊ Messenger စသည့် ဆက်သွယ်ရေးနည်းလမ်းမျိုးစုံဖြင့် ဆက်သွယ်သတင်းပေးပို့နိုင်ကြောင်းအသိပေးထားပြီးဖြစ်ပါသည်။

ထို့ပြင် www.water-donation.com Website သို့ ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ မိုဘိုင်းဖုန်းများ၌ အသုံးပြုနိုင်သော Water-Donation Mobile Application ဖြင့်လည်းကောင်း ဆက်သွယ်သတင်းပေးပို့နိုင်ပါသည်။ **စာမျက်နှာ ၁၅ ကော်လံ ၁** ❑




အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်တေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563